ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၈ ခုနှစ် ၊ တန်ဆောင်မုန်းလဆန်း (၁)ရက် ၊ အင်္ဂါနေ့ ၊ (10-11-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၁၉၄)

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

ဒုတိယသမ္မတ ဦးညိုစော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ၂၀၂၆ ခုနှစ် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကျင်းပရေး ဦးစီးကော်မတီညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား



ဒုတိယသမ္မတ ဦးညိုစော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ၂၀၂၆ ခုနှစ် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပရေးဦးစီးကော်မတီ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် နိုဝင်ဘာ ၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ၂၀၂၆ ခုနှစ် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနား ကျင်းပရေး ဦးစီးကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ရုံးအမှတ်(၃၁) သာသနာရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ ၂၀၂၆ ခုနှစ် ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကျင်းပ ရေးဦးစီးကော်မတီနာယက ဒုတိယ သမ္မတ ဦးညိုစော တက်ရောက်အမှာ စကားပြောကြားသည်။

စာမျက်နှာ ၁၆ ကော်လံ ၁

ပို့ကုန်တင်ပို့သူများအနေဖြင့် ပြည်ပမှ ပို့ကုန်ရငွေသတ်မှတ်ချက်အတိုင်း ပို့ကုန်လုပ်ငန်းရှင်၏ နိုင်ငံခြားငွေဘဏ်စာရင်းတွင် ထားရှိခွင့်ရက် ၃၀ အစား ၄၅ ရက်ထိ တိုးမြှင့်သတ်မှတ်

ပို့ကုန်တင်ပို့သူများသည် ပို့ကုန်တင်ပို့ပြီးနောက် သတ်မှတ်ကာလအတွင်း ပို့ကုန်ရငွေများကို နိုင်ငံတော်အတွင်းသို့ နိုင်ငံခြားငွေဖြင့် ယင်းတို့၏ ဘဏ်ငွေစာရင်းသို့ ဝင်ရောက်ရမည်ဖြစ်ကြောင်း နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၃၈-ခ တွင် ပြဋ္ဌာန်းထားပါသည်။

ထို့ပြင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ၁၆-၈-၂၀၂၂ ရက်စွဲပါ စာအမှတ် အက်ဖ်အီး-၁/ပက/၁၉၅၆ ဖြင့် ပို့ကုန်ရငွေအား ပုဂ္ဂလိကနိုင်ငံခြားငွေစာရင်းတွင် ရက် ၃၀ ထားရှိခွင့်ကို သတ်မှတ်ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

ပို့ကုန်ရငွေအနက်မှ ကိုယ်တိုင်သုံးစွဲနိုင်မည့်ပမာဏအား ဘဏ်စာရင်းတွင်ထားရှိနိုင်သည့်ရက်ကို တိုးမြှင့်ပေးခြင်းသည် ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် သွင်းကုန်လိုင်စင်လျှောက်ထားခြင်း၊ ပြည်ပသို့ ငွေပေးချေခြင်းများကို ဆောင်ရွက်ရာတွင် လုံလောက်သည့်အချိန်ရရှိရန်၊ ပို့ကုန်၊ သွင်းကုန်အတွက် နိုင်ငံခြားငွေလုပ်ငန်းလည်ပတ်မှုအဆင်ပြေချောမွေ့စေရန်၊ ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်တို့အတွက် ရည်ရွယ်၍ ပို့ကုန်တင်ပို့သူများအနေဖြင့် ပို့ကုန်ရငွေအနက်မှ ကိုယ်တိုင်သုံးစွဲနိုင်မည့်ပမာဏကို ပို့ကုန်လုပ်ငန်းရှင်၏ နိုင်ငံခြားငွေဘဏ်စာရင်းတွင် ထားရှိနိုင်သည့်ရက် ၃၀ အစား ၄၅ ရက်ထိ တိုးမြှင့်ခြင်းကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ခွင့်ပြုထားပြီး ဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များ စွမ်းစွမ်းတမံထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို ဂုဏ်ပြုကြိုဆို

နေပြည်တော် နိုဝင်ဘာ ၉

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များ ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများ ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်ရှိ နယ်မြေခံတပ်ရင်းခြုံပြုလုပ်ရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်မင်းလတ်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အနုပညာရှင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊

စာမျက်နှာ ၂၄ ကော်လံ ၄

ရှေ့တန်းပြန်
နိုင်ငံ့သားကောင်း
တပ်မတော်သားများကို
ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ
တာဝန်ရှိသူများ၊
ဌာနဆိုင်ရာများ၊
အနုပညာရှင်များ၊
ဒေသခံပြည်သူများက
အောင်သပြေခက်များဖြင့်
သောင်းသောင်းဖြဖြ
ဂုဏ်ပြုကြိုဆိုစဉ်။



တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နေရာကွက်၍ မိုးကြီးနိုင်

၉-၁၁-၂၀၂၆

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကျဲကျဲမိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)တို့တွင် နေရာကွက်၍မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်ကြောင်း မိုးလေဝသနှင့်ဓလေဗေဒဦးစီးဌာနမှ သိရသည်။

ရတနာပုံ ယနေ့ဗတ်စရာ

ကြက်သားနှင့် ကြက်ဥဖူလုံပိုလျှံဖို့ တိုင်းရင်းကြက်များ မွေးမြူကြပါစို့

ဆောင်းပါး

စာမျက်နှာ - ၂၆

ရတနာပုံ
၂၀၂၆ ခုနှစ် နိုဝင်ဘာ ၁၀ ရက်
အယ်ဒီတာ့အာဘော်

ရိုးရာမပျက်ဆင်နွဲ့ လတန်ဆောင်တိုင်ပွဲ

တန်ဆောင်မုန်းလသည် မြန်မာ့ဆယ့်နှစ်လရာသီတွင် အဋ္ဌမမြောက်လဖြစ်သည်။ 'တန်ဆောင်'သည် မီးရှူးမီးတိုင်(ဆီမီး)ဟုအဓိပ္ပာယ်ရသည်။ တန်ဆောင်မုန်းလ၏ စန်းယုဉ်နက္ခတ်မှာ ကြတ္တိကာ၊ ရာသီမှာ ဗြိစ္ဆာ၊ ရာသီရုပ်မှာ ကင်းမြီးကောက်၊ ရာသီပန်းမှာ ခဝဲပန်းဖြစ်သည်။ တန်ဆောင်မုန်းလတွင် တန်ဆောင်တိုင်မီးထွန်းပွဲ၊ ကထိန်သင်္ကန်းကပ်လှူပွဲ၊ မသိုးသင်္ကန်းရက်လုပ်လှူဒါန်းပွဲ၊ ကျီးမနိုးပွဲ၊ ပုံသကူပစ်ပွဲ၊ ရှင်မာလဲပွဲများအပြင် မဲဇလီဖူးသုပ်ဝေငှသောပွဲများကို ရိုးရာမပျက်ကျင်းပကြသည်သာမက သာမည ဖလအခါတော်နေ့၊ အမျိုးသားအောင်ပွဲနေ့ဟူသော နေ့ထူးနေ့မြတ်များကို ကျင်းပကြလေ့ရှိသည်။

တန်ဆောင်မုန်းလတွင် မြတ်စွာဘုရားကို လှူဒါန်းရန် မြန်မာနိုင်ငံတစ်ဝန်းရှိ တန်ခိုးကြီး အထင်ကရဘုရားများ၊ စေတီများတွင် မသိုးသင်္ကန်းရက်လုပ်ယှဉ်ပြိုင်ပွဲများကို အိုးစည်၊ ဗုံမောင်းများဖြင့် ညလုံးပေါက်တီး၍ အားပေးကျင်းပကြလေ့ရှိသည်။ မသိုးသင်္ကန်းသည် တန်ဆောင်မုန်းလပြည့်မတိုင်မီ ညတွင်းချင်း ရက်လုပ်၍ အရုဏ်တက်တွင် လှူဒါန်းသော သင်္ကန်းဖြစ်သည်။ မသိုးသင်္ကန်းရက်လုပ်ပြိုင်ပွဲများသည် ကုသိုလ်ရေးအတွက်သာမက မြန်မာတို့၏ရိုးရာရက်ကန်းပညာအမွေအနှစ်ကို မပျောက်ပျက်အောင် ထိန်းသိမ်းသောပွဲတော်ဖြစ်ပြီး လောကီလောကုတ်နှစ်ဖြာသောအကျိုးရရှိစေသော ပွဲတော်တစ်ခုလည်းဖြစ်သည်။

ထို့ပြင် တန်ဆောင်မုန်းလတွင် သံဃာတော်များကို ကထိန်သင်္ကန်းကပ်လှူပွဲများလည်း ကျင်းပကြသည်။ ကထိန်သည် ကထိနဟူသော ပါဠိစကားမှဆင်းသက်၍ ကထိန်အာနိသင်ငါးပါး မြဲမြံခိုင်ခံ့စွာ ရရှိစေနိုင်သော သင်္ကန်းအလှူဟုအဓိပ္ပာယ်ရသည်။ ကထိန်သင်္ကန်းကို သီတင်းကျွတ်လပြည့်ကျော် ၁ ရက်မှ တန်ဆောင်မုန်းလပြည့်ထိ တစ်လအတွင်းသာ ကပ်လှူရသည်။ တစ်နှစ်တွင် တစ်လ၊ တစ်လတွင် တစ်ကြိမ်၊ တစ်ကြိမ်တွင် တစ်ကျောင်းကိုသာ အချိန်အခါနှင့် လှူဒါန်းရသော အလှူမျိုးဖြစ်၍ ကာလဒါနအလှူအဖြစ် ဗုဒ္ဓဘာသာဝင်များက စေတနာချင်းပြိုင် သဒ္ဓါချင်းပြိုင်ကာ မြိုင်မြိုင်ဆိုင်ဆိုင် ပျော်ပျော်ရွှင်ရွှင် ညီညီညွတ်ညွတ်လှူဒါန်းကြသည်။

တန်ဆောင်မုန်းလသည် သီတင်းကျွတ်လထက် ပို၍ထူးခြားသည်မှာ တန်ဆောင်တိုင်မီးပုံးပျံပွဲတော်များကို တောင်ကြီးမြို့နှင့် ပြင်ဦးလွင်မြို့တို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။ ထို့ပြင် တစ်နိုင်တစ်ပိုင် ပုံသကူပစ်ခြင်း၊ မဲဇလီဖူးသုပ်ဝေငှခြင်းများပြုလုပ်ကြသည်။ ကျေးလက်နယ် တချို့တွင် ရှင်မာလဲပွဲနှင့် ကျီးမနိုးပွဲများကို ကျင်းပလေ့ရှိသော်လည်း ယခုအခါ တဖြည်းဖြည်းတိမ်ကောစပြုလာပြီဖြစ်သည်။ သာမညဖလအခါတော်နေ့နှင့် အမျိုးသားအောင်ပွဲနေ့တို့သည် ဘာသာရေးအရ၊ သမိုင်းကြောင်းအရ ယနေ့တိုင် ထင်ရှားစွာကျင်းပနေဆဲပင်ဖြစ်သည်။ တန်ဆောင်မုန်းလတွင် ကျင်းပသည့်ပွဲတော်များသည် မြန်မာ့ရိုးရာအစဉ်အလာအရ ကျင်းပကြသည့်ကုသိုလ်ဒါနပြုသည့် ပွဲတော်များပါဝင်သကဲ့သို့ အများပြည်သူပျော်ရွှင်စေရန် ကျင်းပသည့်ပွဲတော်များလည်း ပါဝင်ပေသည်။

သို့ဖြစ်ရာ ပွဲတော်များနှင့်အစည်ကားဆုံး၊ အမြိုင်ဆိုင်ဆုံးကာလဖြစ်သော တန်ဆောင်မုန်းလသည် ကုသိုလ်ရသကဲ့သို့ ပျော်ရွှင်ချမ်းမြေ့ စိတ်နှလုံးကြည်နူးဖွယ်ရာများနှင့်ပြည့်စုံသော လထူးလမြတ်ပင်ဖြစ်ပေသည်။ ထိုသို့ကောင်းကျိုးများစွာဝေဖြာနေမည့် မြိုင်မြိုင်ဆိုင်ဆိုင် လတန်ဆောင်တိုင်၏ ရိုးရာမပျက်ကျင်းပသော ပွဲများ၊ ကုသိုလ်ရေးပွဲတော်များတွင် အပျော်လွန်၍ မြန်မာ့ယဉ်ကျေးမှုအနှစ်သာရများ ပေါ့ပျက်မှေးမှိန်မလျော့ပါးစေရေး မိဘပြည်သူအပေါင်းက ဝိုင်းဝန်းထိန်းသိမ်းဖော်ဆောင်သင့်ပါကြောင်း အကြံပြုရေးသားအပ်ပေသည်။

ကနီမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်းဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



ကနီ နိုဝင်ဘာ ၉

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်းဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကနီမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကနီမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၃၉၁၅ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော နှမ်းစိုက်ခင်းများကို ယခုနှစ် သြဂုတ်လမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၀ တင်းကျော် ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကနီမြို့နယ်မှာ နှမ်း ၃၉၁၅ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ နှမ်းစိုက်ခင်းတွေ လက်ရှိမှာတော့ ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နှမ်းစိုက်ဧကတိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP နည်းနစ်တွေနဲ့စိုက်ပျိုးဖို့ အတွက်လဲ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ကနီမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်စောသန္တာနွယ်က ပြောပြသည်။

ယခုနှစ် ကနီမြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်များဖြင့်စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေးအတွက် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး စသည့်အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့် အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာမည်ဖြစ်သောကြောင့် နှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်စောသန္တာနွယ်က ပြောပြ၍ သိရသည်။

(၂၀၆)

မြောင်းမြမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဗိုလ်ကိတ်ပဲ ၄၇၁၈ ဧကထိ စိုက်ပျိုးမည်

မြောင်းမြ နိုဝင်ဘာ ၉

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဗိုလ်ကိတ်ပဲ ၄၇၁၈ ဧကထိ စိုက်ပျိုးသွားမည် ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်းမြမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဗိုလ်ကိတ်ပဲ ၄၇၁၈ ဧကထိ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် နိုဝင်ဘာလဒုတိယပတ်မှ စတင်စိုက်ပျိုးသွားမည် ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဗိုလ်ကိတ်ပဲ ၄၇၁၈ ဧကထိ စိုက်ပျိုးသွားမှာဖြစ်ပါတယ်။ လျားထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားပါမယ်။ ဗိုလ်ကိတ်ပဲတွေအားလုံး ပိုးမွှားအန္တရာယ် ကင်းရှင်းစေဖို့နဲ့ အထွက်နှုန်းကောင်းစေဖို့ ဒေသခံတောင်သူတွေနဲ့ ပူးပေါင်းပြီး ဆောင်ရွက်နေပါတယ်။ စိုက်ပျိုးဖို့ ကျန်တဲ့သီးနှံတွေကိုလဲ ဆက်လက် စိုက်ပျိုးနေပါတယ်" ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

ယခုနှစ် မြောင်းမြမြို့နယ်တွင် ဗိုလ်ကိတ်ပဲစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဗိုလ်ကိတ်ပဲတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ သီးနှံများအထွက်နှုန်းကောင်းမွန်ရေး၊ အရည်အသွေးကောင်းမွန်စေရေးနှင့် ပိုးမွှားကင်းရှင်းရေး စသည့်စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဗိုလ်ကိတ်ပဲကို အထွက်နှုန်းနှင့် အရည်အသွေးတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာမည်ဖြစ်ရာ ဗိုလ်ကိတ်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း

တံတားဦးမြို့နယ် ပန်းယျ(တ)ကျေးရွာ၌ VRFP စီမံကိန်းလုပ်ငန်းများ စစ်ဆေး

တံတားဦး နိုဝင်ဘာ ၉

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် တံတားဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပန်းယျ(တ) ကျေးရွာ၌ တစ်နိုင်တစ်ပိုင်အသေးစားစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်တိုးပွားလာစေရန်နှင့် အတိုးနှုန်းသက်သာသည့် ငွေကြေးအရင်းအနှီးများရရှိစေရန် ရည်ရွယ်၍ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေဖြင့် ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို နိုဝင်ဘာ ၈ ရက်နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တံတားဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မာစန်း၊ ခရိုင်၊ မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ စီမံကိန်းရန်ပုံငွေကျပ် ၂၈၂ သိန်းဖြင့် ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဒေါ်ခင်မာစန်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ပန်းယျ(တ)ကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၄ ဦးကို ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေကျပ် ၂၈၂ သိန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

အောင်ရဲကျော်

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၃၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၃၆၄၂၂၊ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဇဝရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။
Yadanarbon newspaper

သနပ်ပင်မြို့နယ် စဉ့်အိုးဘိုကျေးရွာ၌ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်နှင့် အပူဒဏ်အန္တရာယ်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြော

သနပ်ပင် နိုဝင်ဘာ ၉

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် သနပ်ပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက အယ်လ်နီညိုရာသီဥတုဖြစ်စဉ်နှင့် အပူဒဏ်အန္တရာယ်ကာကွယ်ရေး ဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက စဉ့်အိုးဘို ကျေးရွာအုပ်စု စဉ့်အိုးဘိုကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သနပ်ပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကေသီထွန်းက အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် မိုးရွာသွန်းမှု မူမမှန်ခြင်း၊ မိုးခေါင်ခြင်း၊ ရေရှားပါးခြင်းနှင့် အခြားဘေးထွက်ဆိုးကျိုးများ ဖြစ်ပေါ်နိုင်သဖြင့် သောက်သုံးရေပြတ်လပ်မှု မဖြစ်ပေါ်စေရေး ရေကိုကြိုတင်စုဆောင်းထားရှိရန်၊ ရေကိုစနစ်တကျသုံးစွဲကြရန်နှင့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာပါက ဌာနဆိုင်ရာ အဖွဲ့အစည်းများထံ အချိန်နှင့် တစ်ပြေးညီ ဆက်သွယ်ဆောင်ရွက်ကြရန်လို ကြောင်းရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက အယ်လ်နီညိုရာသီဥတုနှင့် အပူဒဏ် ကာကွယ်ရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့်အချက်များနှင့် ရှောင်ကြဉ်ရမည့်အချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ဟောပြောပွဲသို့ တက်ရောက်လာကြသော စဉ့်အိုးဘိုကျေးရွာမှ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများထံ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်နှင့် အပူဒဏ်ကာကွယ်ရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကေသီထွန်းက ပြောပြ၍ သိရသည်။ **နွဲ့ယဉ်**

သာစည်မြို့နယ် လှိုင်းတက်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းနေမှု စစ်ဆေး

သာစည် နိုဝင်ဘာ ၉

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လှိုင်းတက်ကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို နိုဝင်ဘာ ၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ လှိုင်းတက်ကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှု စစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကွန်ကရစ်လမ်းကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

လှိုင်းတက်ကျေးရွာ၌ လမ်းအရှည်ပေ ၇၆၀၊ အကျယ် ၁၂ ပေ၊ အမြင့်ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ခေတ်မီစံပြကျေးရွာထူထောင်ခြင်းစီမံကိန်းရန်ပုံငွေကျပ် ၃၉ ဒသမ ၉ သန်းဖြင့် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၈ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ဟိန်းထက်စိုး(မလှိုင်)

မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲဧကအားလုံး ရာနှုန်းပြည့်နုတ်သိမ်းပြီးစီး



မုံရွာ နိုဝင်ဘာ ၉

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲဧကအားလုံး ရာနှုန်းပြည့်နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မုံရွာမြို့နယ်တွင် မြေပဲ ၁၄၁၈ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော မြေပဲခင်းများကို သြဂုတ်လ ပထမပတ်မှ စတင်နုတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၄၀ ဒသမ ၅၅ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မုံရွာမြို့နယ်မှာ မြေပဲ ၁၄၁၈ ဧကထိ စိုက်ပျိုးခဲ့ပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ မြေပဲခင်းတွေ လက်ရှိမှာတော့ ဧကအားလုံး ရာနှုန်းပြည့်နုတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ အောင်မြင်ဖြစ်ထွန်းကြပါတယ်။ ဆီထွက်သီးနှံ အနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာ ရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြသည်။

မုံရွာမြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းရေး၊ ပိုးမွှားရောဂါ ကျရောက်မှုမရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေးအတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းယူခြင်းလုပ်ငန်းများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြ၍ သိရသည်။ (၂၀၆)

ဝမ်းတွင်းမြို့နယ် ကြွယ်ကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

ဝမ်းတွင်း နိုဝင်ဘာ ၉

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြွယ်ကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို နိုဝင်ဘာ ၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကြွယ်ကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၃၈ ဒသမ ၁ သန်းဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ကြွယ်ကန်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀၃ ဦးကို ငွေကျပ် ၂၇ ဒသမ ၂ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ဦးရေ ၁၀၀ ကို ငွေကျပ် ၁၀ ဒသမ ၉ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၃ ဦးကို ရန်ပုံငွေကျပ် ၃၈ ဒသမ ၁ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

အောင်ရဲကျော်

ဝါးခယ်မမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၂၄၅၁ ဧက စိုက်ပျိုးမည်

မြောင်းမြ နိုဝင်ဘာ ၉

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၂၄၅၁ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဝါးခယ်မမြို့နယ်တွင် ဖူးစားပြောင်း ၂၄၅၁ ဧက စိုက်ပျိုးရန်လျာထားပြီး အဆိုပါ ဖူးစားပြောင်းစိုက်ပျိုးမှုကို နိုဝင်ဘာလ တတိယပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ ဖူးစားပြောင်းများ အရည်အသွေးကောင်းမွန်စေရန်အတွက် မြေသားပြုပြင်ထွန်ယက်သည့် လုပ်ငန်းများကို စတင်ပြင်ဆင်ဆောင်ရွက်နေကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ဝါးခယ်မမြို့နယ်မှာ ဖူးစားပြောင်း ၂၄၅၁ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးပါမယ်။ ဆောင်းသီးနှံတွေ အထွက်နှုန်းကောင်းစေဖို့နဲ့ ပိုးမွှားအန္တရာယ် ကျရောက်မှုမရှိစေဖို့ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနဲ့ တောင်သူတွေ ပူးပေါင်းပြီး ဆောင်ရွက်ပါမယ်" ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

ဝါးခယ်မမြို့နယ်တွင် ဖူးစားပြောင်း စိုက်ပျိုးမည့်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက စိုက်ဧက တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရေး၊ ပိုးမွှားရောဂါကင်းရှင်းရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး အသိပညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဖူးစားပြောင်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဖူးစားပြောင်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**



ဘဝတစ်သက်တာအတွက် ဗီတာမင် အပိုင်း(၂၇)

ပါမောက္ခကိုကိုအောင်



People differ from one another in terms of genetics as well as lifestyle, and the types and amounts of vitamins required vary widely. The field of Nutrigenomics, which studies such differences, is still in its early stages.

Prof. Ko Ko Aung

ဗီတာမင်အသစ်ထပ်မံတွေ့ရှိနိုင်မှုအလားအလာ

သိပ္ပံပညာရှင်များနှင့် သုတေသီတို့က ကမ္ဘာပေါ်ရှိ ဇီဝမျိုးစုံမျိုးကွဲ(Biodiversity) အများအပြားကို မှတ်တမ်းတင်ထားပြီးဖြစ်သော်လည်း မတွေ့ရှိရသေးသည့် မျိုးစိတ်များကလည်း အများအပြား ရှိနေဦးမည်မှာ အလွန်ပင်သေချာနေသည်။

ထိုကဲ့သို့ မတွေ့ရှိရသေးသည့် ဇီဝမျိုးစုံမျိုးကွဲ အများအပြားထဲတွင် လူတို့အတွက် အကျိုးပြုနိုင်သည့်ဒြပ်ပေါင်းအသစ်များ (ဥပမာ-ဗီတာမင်နှင့် ဆင်တူသည့် ဒြပ်ပေါင်းများ၊ ဆေးဝါးအသစ်များ စသည်)ပါဝင်နိုင်ခြေက မြင့်မားလျက်ရှိသည်။

ဇီဝဒြပ်ပေါင်းအသစ်များ၏အရင်းအမြစ်(Source of Novel Compounds)

မို့၊ ဘက်တီးရီးယား၊ ရေညှိ၊ သစ်ပင်နှင့် သေးငယ်သော အင်းဆက် ပိုးမွှားများက ၎င်းတို့၏ ဇီဝဖြစ်စဉ်များအတွက် ဒြပ်ပေါင်း အမျိုးမျိုးကို ထုတ်လုပ်ကြရသည့်အားလျော်စွာ များပြားလှသော အဆိုပါ ဒြပ်ပေါင်းများထဲတွင် လူတို့အတွက် ဗီတာမင်ကဲ့သို့ သောတန်ဖိုးကြီးမားသည့် အာဟာရဓာတ်များ၊ ဆေးဝါးအာနိသင်ရှိသော ဓာတ်ပစ္စည်းများ၊ ရောဂါကာကွယ်နိုင်သော ဓာတ်ပစ္စည်းများနှင့် ရောဂါတိုက်ဖျက်နိုင်သော ဓာတ်ပစ္စည်းများ ပါဝင်နိုင်သည်။

ဇီဝရပ်ဝန်း၏ကြီးမားသောစွမ်းရည် (Vastness of the Biosphere)

ကမ္ဘာပေါ်ရှိ သက်ရှိမျိုးစိတ်များ အားလုံး၏ ၈၀ ရာခိုင်နှုန်းကျော်ကို သိပ္ပံပညာရှင်များနှင့် သုတေသနပညာရှင်တို့က မှတ်တမ်းတင်နိုင်ခြင်းမရှိသေးပေ။ အဆိုပါ မျိုးစိတ်များသည် ပင်လယ်နှင့် သမုဒ္ဒရာအနက်ပိုင်းနေရာများ၊ မိုးသစ်တောများ၊ မြေအောက်လိုဏ်ဂူကြိုးများနှင့် လူသူမရောက်နိုင်သည့် ဂေဟစနစ်များအတွင်း၌ ရှိနေနိုင်သည်ဟု ခန့်မှန်းရသည်။

ထိုကဲ့သို့သော ထူးခြားဆန်းကျယ်လှသည့် ပတ်ဝန်းကျင်အသီးသီး၌ ရှင်သန်ပေါက်ပွားနေထိုင်ကြသည့် သက်ရှိများ၏ ထူးခြားသော ဇီဝကမ္မဖြစ်စဉ်များကြောင့် မျှော်လင့်မထားသော ဓာတုဒြပ်ပေါင်းများကို ထုတ်လုပ်နိုင်စွမ်းရှိနေကြမည်မှာ အသေအချာပင်ဖြစ်သည်။

ဇီဝဓာတုဆိုင်ရာစွမ်းရည်များ (Biochemical Potential)

သက်ရှိမျိုးစိတ်တိုင်းသည် ၎င်းတို့၏ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေဖြစ်အောင် ဆင့်ကဲပြောင်းလဲလာကြရသဖြင့် ဓာတုဒြပ်ပေါင်းအသစ်များကို ထုတ်လုပ်နိုင်စွမ်းရှိကြသည်။

ဥပမာအားဖြင့် ရေအောက်မီးတောင်ဘေး၌ ရှင်သန်ပေါက်ပွားသည့် ဘက်တီးရီးယားတစ်မျိုးက အပူချိန်မြင့်မားသည့် ပတ်ဝန်းကျင်၌ ရှင်သန်နိုင်ရန်အတွက် ပရိုတင်းဓာတ်အသစ်များကို အလိုအလျောက် ထုတ်လုပ်လာနိုင်ကြသည်။ အဆိုပါ ပရိုတင်းဓာတ်မျိုးကို လေ့လာသုတေသနပြုခြင်းအားဖြင့် တစ်ချိန်ချိန်တွင် လူတို့အတွက် အကျိုးရှိအောင် အသုံးချနိုင်လိမ့်မည်ဖြစ်သည်။

နည်းပညာတိုးတက်မှု (Technological Advancements)

ဒီအန်အေ မော်လီကျူးတစ်ခုထဲ၌ရှိသည့် ရှူကလီယိုတိုဒ်(Nucleotides)များ၏ အစဉ်လိုက်အစီအစဉ်ကို ဖတ်ယူဖော်ထုတ်သည့်နည်းပညာ (DNA Sequencing)၊ ပတ်ဝန်းကျင်ရှိ ဇီဧပစ္စည်းအားလုံးကို တစ်ပြိုင်တည်း စစ်ဆေးသောနည်းပညာ (Metagenomics)၊ ဇီဝသတင်းအချက်အလက်ကွန်ပျူတာသိပ္ပံနည်းပညာ (Bioinformatics) စသည်တို့ကဲ့သို့ နည်းပညာသစ်များ ပေါ်ထွန်းလာသည်နှင့်အမျှ မတွေ့ရှိသေးသည့် သက်ရှိများနှင့် ၎င်းတို့၏ဇီဝဒြပ်ပေါင်းများကို ရှာဖွေဖော်ထုတ်နိုင်မည့်အလားအလာများက ပို၍ရှိလာလိမ့်မည်ဖြစ်သည်။

သမိုင်းကြောင်းအထောက်အထား (Historical Evidence)

ယခုအချိန်ထိ တွေ့ရှိပြီးသားဖြစ်သော ဗီတာမင်များသည် သက်ရှိမျိုးစိတ်များနှင့် ရာနှုန်းပြည့် ပတ်သက်ခဲ့ကြသည်။ ဗီတာမင် B12 ကို ပင်လယ်ရေညှိ၌ စတင်တွေ့ရှိခဲ့ခြင်း၊ ဗီတာမင် C ကို အပူပိုင်းဒေသ၌ ပေါက်ရောက်သည့်သစ်သီးများ၌ စတင်တွေ့ရှိခဲ့ခြင်းနှင့် ပင်နီဆီလင်ကို မှိုထဲမှထုတ်ယူခဲ့ခြင်းတို့က အကောင်းဆုံးသော ဥပမာများပင်ဖြစ်ကြသည်။

ထိုကဲ့သို့သော သမိုင်းကြောင်းရှိခဲ့မှုကြောင့် သဘာဝလောကထဲ၌ ရှိနေဆဲဖြစ်သော မျိုးစိတ်အသစ်များထဲမှ ဗီတာမင်နှင့် ဆင်တူသည့် ဒြပ်ပေါင်းအသစ်များ ထပ်မံတွေ့ရှိနိုင်ခြေက မြင့်မားလျက်ရှိနေသည်။

ထို့ကြောင့်ပင်လျှင် ဇီဝမျိုးစုံမျိုးကွဲ အားလုံးကို စနစ်တကျထိန်းသိမ်းကာကွယ်ခြင်းနှင့် သုတေသနပြုခြင်းအားဖြင့် အနာဂတ်တွင် လူတို့၏ကျန်းမာရေးနှင့် ဘဝအရည်အသွေးကို မြှင့်တင်နိုင်မည့်အခွင့်အလမ်းအသစ်များကို ဖန်တီးပေးနိုင်လိမ့်မည်ဖြစ်သည်။

ဗီတာမင်ဆိုင်ရာ လက်ရှိသုတေသနများ၏အနှစ်သာရ

ယနေ့အချိန်ထိ တွေ့ရှိထားပြီးဖြစ်သောဗီတာမင်များသည် လူတို့၏ အခြေခံဇီဝကမ္မဖြစ်စဉ်များအတွက် မရှိမဖြစ်အာဟာရဓာတ်များ ဖြစ်ကြသည်။ ၎င်းဗီတာမင်များ၏ လိုအပ်မှုပမာဏ (RDA Recommended Dietary Allowance)၊ ဗီတာမင်ချို့တဲ့ပါက ဖြစ်ပေါ်လာမည့် ရောဂါလက္ခဏာများနှင့် အဆိပ်သင့်မှုပမာဏများကို နှစ်ပေါင်းတစ်ရာကျော်ကာလအတွင်း သုတေသနအများအပြားဖြင့် အတည်ပြုထားခဲ့ကြပြီးဖြစ်သည်။

လူသားတစ်ဦး၏နေ့စဉ်ဘဝကို ကျန်းမာစွာဖြင့် ဖြတ်သန်းနိုင်ရန်အတွက်မျှဆိုလျှင် လက်ရှိဗီတာမင်အခြေခံဗဟုသုတများက ပြည့်စုံနေပြီဟုဆိုနိုင်သည်။

သုတေသနဆိုင်ရာ ဆန်းသစ်တိုးတက်မှုများ

သိပ္ပံပညာရပ်၏ သဘောတရားအရမူ သုတေသနလုပ်ငန်းများကို ရပ်တန့်ရန်မဖြစ်နိုင်သည့်အတွက် ဗီတာမင်များ၏ ပိုမိုနက်ရှိုင်းသောကဏ္ဍသစ်များကို ထပ်မံဖွင့်လှစ်နိုင်လိမ့်ဦးမည်ဖြစ်သည်။

ဥပမာအားဖြင့် ဗီတာမင် D က အရိုးကျန်းမာရေးအတွက်သာမက ကိုယ်ခံအားစနစ်ကို မြှင့်တင်ပေးခြင်း၊ စိတ်ကျရောဂါကို တိုက်ဖျက်နိုင်ခြင်း၊ ကင်ဆာရောဂါအချို့မှ ကာကွယ်နိုင်ခြင်း စသည်တို့ကို ဖော်ထုတ်နေသည့်သုတေသနကဲ့သို့သော နောက်ဆုံးပေါ် သုတေသနများကို ဆက်လက်လုပ်ဆောင်နေရဦးမည်ဖြစ်သည်။

❖ ပင်နီဆီလင်ကို မှိုထဲမှထုတ်ယူခဲ့ခြင်းတို့က အကောင်းဆုံးသော ဥပမာများပင်ဖြစ်ကြသည်။ ထိုကဲ့သို့သော သမိုင်းကြောင်းရှိခဲ့မှုကြောင့် သဘာဝလောကထဲ၌ရှိနေဆဲဖြစ်သော မျိုးစိတ်အသစ်များထဲမှ ဗီတာမင်နှင့်ဆင်တူသည့်ဒြပ်ပေါင်းအသစ်များ ထပ်မံတွေ့ရှိနိုင်ခြေက မြင့်မားလျက်ရှိနေသည်။ ထို့ကြောင့်ပင်လျှင် ဇီဝမျိုးစုံမျိုးကွဲအားလုံးကို စနစ်တကျထိန်းသိမ်းကာကွယ်ခြင်းနှင့် သုတေသနပြုခြင်းအားဖြင့် အနာဂတ်တွင် လူတို့၏ကျန်းမာရေးနှင့် ဘဝအရည်အသွေးကို မြှင့်တင်နိုင်မည့်အခွင့်အလမ်းအသစ်များကို ဖန်တီးပေးနိုင်လိမ့်မည်ဖြစ်သည်။❖

မျိုးရိုးဗီဇနှင့် ဇီဝစွမ်းရည် ကွဲပြားမှု

လူတို့သည် တစ်ဦးနှင့်တစ်ဦး မျိုးရိုးဗီဇအရ သော်လည်းကောင်း၊ နေထိုင်စားသောက်မှုပုံစံအရ သော်လည်းကောင်း လိုအပ်သည့် ဗီတာမင်အမျိုးအစားနှင့် ဗီတာမင်ပမာဏများက အမျိုးမျိုးကွဲပြားခြားနားကြသည်။ထိုကဲ့သို့သော ကွဲပြားခြားနားမှုများကိုလေ့လာသည့် Nutrigenomics ပညာရပ်မှာ အစပျိုးအဆင့်၌သာ ရှိနေသေးသည်။

ဒြပ်ပေါင်းအသစ်များ၏ အလားအလာအနေဖြင့်လည်း သဘာဝလောကကြီးထဲ၌ ဗီတာမင်ကဲ့သို့ အကျိုးပြုနိုင်စွမ်းရှိသော ဒြပ်ပေါင်းအသစ်များနှင့် ဗီတာမင်များထက်ပင် အစွမ်းအာနိသင် ပို၍ရှိသော သို့တည်းမဟုတ် လုံးဝသစ်လွင်သည့် ဇီဝလုပ်ဆောင်ချက်များကို ပေးစွမ်းနိုင်သည့် ဒြပ်ပေါင်းများစွာက ရှိနေနိုင်သည်။

လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ ပေါ်လွင်လာပြီး သန်မာလာမှာ အဆီပိုတွေ မရှိတော့ဘူးဆိုရင် ဖြစ်ပါတယ်။ ကြွက်သားတွေကလည်း ပိုမို ဒီလို ဖြစ်ချင်တယ်ဆိုရင် တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်း လိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ် တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့ အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

တန့်ဆည်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၀၄၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



တန့်ဆည် နိုဝင်ဘာ ၉

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် တန့်ဆည်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၀၄၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း တန့်ဆည်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ တန့်ဆည်မြို့နယ်တွင် ဟင်းသီးဟင်းရွက် ၁၀၂၅ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၀၄၅ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ တန့်ဆည်မြို့နယ်မှာ ဟင်းသီးဟင်းရွက် ၁၀၂၅ ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ မုန့်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာစတဲ့သီးနှံတွေကို အများဆုံးစိုက်ပျိုးထားပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ကိုက်ညီအောင် စိုက်ပျိုးဖို့ နည်းပညာတွေ ပေးနေပါတယ်" ဟု တန့်ဆည်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအုန်းကျော်မြင့်က ပြောပြသည်။

ယခုနှစ် တန့်ဆည်မြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းစင်ရေး၊ သဘာဝမြေဩဇာ၊ သဘာဝပိုးသတ်ဆေး ပြုလုပ်သုံးစွဲတတ်စေရေး စသည်တို့ကို အသိပညာပေးလျက် ရှိကြောင်း သိရသည်။

ဟင်းသီးဟင်းကို အထွက်နှုန်းနှင့် အရည်အသွေးတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးအုန်းကျော်မြင့်က ပြောပြ၍ သိရသည်။

(၂၀၆)

ပျော်ဘွယ်မြို့နယ် ပေကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

ပျော်ဘွယ် နိုဝင်ဘာ ၉

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပေကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို နိုဝင်ဘာ ၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရမည်းသင်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်း၊ ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဟိန်းနှင့် ခရိုင်၊ မြို့နယ်စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၅၈ ဒသမ ၃ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများနှင့် လာအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်း ဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၆ ဦးကို ငွေကျပ် ၈ ဒသမ ၇ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၆၂ ဦးကို ငွေကျပ် ၂၈ ဒသမ ၈ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၃၄ ဦးကို ငွေကျပ် ၂၀ ဒသမ ၈ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၅၈ ဒသမ ၃ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ လည်ပတ် ဆောင်ရွက်လျက်ရှိကြောင်း ရမည်းသင်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

အောင်ရဲကျော်

လမြတ်ကထိန်ခါ

- မိုးအကုန် နှင်းမြူသန်း
ဆောင်းနိဒါန်း လှပန်းချီ၊
"ကြတ္တိကာ" စန်းယှဉ်ဟပ်
နက္ခတ်ကြံညီ၊
မြကန်ရိပ် "ကြာငါးမည်"
တင့်ဝေစည် ထူးပေခြင်း၊
စံပယ်လှိုင် နှင်းရည်ဆွတ်တဲ့
ဝါကျွတ် အခင်း။

- ဝါကျွတ်ချိန် သမယရဲ့
သာယာစွ သည်လခါ၊
မြတ်ကထိန် အလှူပွဲများ
ခြိမ့်သဲပေစွာ၊
သဒ္ဓါတရား ဝေဝေဖြာ
လှူဒါန်းရာ အံ့မခန်း၊
အိုးစည်ဒိုးပတ်သံ ညံမစဲတယ်
ဆင်နွှဲ ခြိမ့်လွှမ်း။

- ဝါကျွတ်ခါ ကထိန်မြတ်
ပြည့်ဂုဏ်ဒြပ် ရှေးထုံးလာ၊
သာသနာတော် ဂုဏ်ဆင့်ကမ်း
ဝမ်းမြောက် ကြည်သာ၊
တစ်နှစ်လုံး သည်တစ်လတာ
ရိုးရာစဉ်လာ ဆင်ယင်ကျင်း၊
မြင့်မြတ်ဂုဏ် အလှူဒါနရယ်
ချမ်းမြရင်တွင်း။

- စေတနာသုံးတန် ပြဋ္ဌာန်းလို့
လှူဒါန်းကြ အလှူတော်၊
အလှူရှင် အလှူအမများလည်း
အားရရွှင်ပျော်၊
ကျွေးမွေးမှု အလျှံပယ်နော်
သာဓုခေါ်သံ ပဲ့တင်ခွင်း၊
သဒ္ဓါညွတ်စွာ
ဝါကျွတ်ခါ မြန်မာခေလ့နဲ့
ချစ်စရာ မြန်မာငွေ့တို့ရယ်
ရွှင်မွေ့ကြည် ထူးတင့်လျှမ်းပါဘိ
ချမ်းမြေ့ မြင်ကွင်း။ ။

ခိုင်ခိုင်နွယ်(ပညာရေး)

ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- **Home Stay** နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။
- မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို **Alcohol** ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

ငြိမ်းချမ်းရေးဆွေးနွေးပွဲများ တိုးတက်မှုရှိနေသရွေ့ အီရန်ကို တိုက်ခိုက်နိုင်ခြေမရှိကြောင်း အမေရိကန်သမ္မတ ပြောကြား



ဝါရှင်တန် နိုဝင်ဘာ ၉

အီရန်စစ်ရေးပဋိပက္ခပြီးဆုံးရေး ဆွေးနွေးပွဲများ တိုးတက်မှုရှိနေသရွေ့ မိမိသည် အီရန်နိုင်ငံကို စစ်ရေးအရ တိုက်ခိုက်မှုများ ထပ်မံပြုလုပ်ရန် ညွှန်ကြားဖွယ်မရှိကြောင်း နိုဝင်ဘာ ၈ ရက်တွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ထုတ်ဖော်ပြောကြားခဲ့သည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အီရန်နိုင်ငံအပေါ် စစ်ရေးအရ ထပ်မံတိုက်ခိုက်နိုင်ခြေ ရှိ၊ မရှိသည် အီရန်စစ်ရေးပဋိပက္ခအဆုံးသတ်ရေး ဆွေးနွေးပွဲများ အောင်မြင်တိုးတက်မှုများအပေါ် မူတည်ကြောင်း သမ္မတဒေါ်နယ်ထရမ့်က စီအင်န်အင်န် သတင်းဌာနနှင့် ပြုလုပ်ခဲ့သော အင်တာဗျူးအစီအစဉ်တွင် ထုတ်ဖော်ပြောကြားထားသည်။

အီရန်စစ်ရေးပဋိပက္ခပြီးဆုံးရေး ဆွေးနွေးပွဲများ၌ အောင်မြင်တိုးတက်မှုရှိနေသ၍ မိမိသည် အီရန်နိုင်ငံကို စစ်ရေးအရတိုက်ခိုက်မှုများ ထပ်မံပြုလုပ်ရန်ညွှန်ကြားဖွယ်မရှိကြောင်း အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က ပြောကြားခဲ့သည်။

သို့သော် တိုက်ခိုက်မှုများ ပြန်လည်စတင်မည်ဆိုပါက အမေရိကန်တပ်မတော်သည် အီရန်နိုင်ငံ၏ အခြေခံအဆောက်အအုံ ပစ်မှတ်များကို ဖော်ထုတ်သတ်မှတ်ထားပြီး တိုက်ခိုက်မှုများ ပြန်လည် စတင်မည်ဆိုပါက တံတား ၃၈ စင်းအပါအဝင် အီရန် အခြေခံအဆောက်အအုံ ပစ်မှတ်များကို တစ်နာရီအတွင်း တိုက်ခိုက် ဖျက်ဆီးနိုင်သည်ဟု သမ္မတဒေါ်နယ်ထရမ့်က သတိပေး ပြောကြားထားကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

တရုတ်၊ ရုရှားခေါင်းဆောင်တို့နှင့် အေပက်ထိပ်သီးညီလာခံ၌ တွေ့ဆုံဆွေးနွေးနိုင်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် ပြောကြား







ဝါရှင်တန် နိုဝင်ဘာ ၉

လာမည့် ရက်သတ္တပတ်အတွင်း တရုတ်နိုင်ငံ၌ ကျင်းပမည့် အာရှ-ပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့(အေပက်) ထိပ်သီးညီလာခံ၌ တရုတ်သမ္မတ ရှီကျင့်ဖျင်၊ ရုရှားသမ္မတပူတင်တို့နှင့် တွေ့ဆုံ ဆွေးနွေးနိုင်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က နိုဝင်ဘာ ၈ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါ သုံးပွင့်ဆိုင်ဆွေးနွေးပွဲတွင် အီရန်စစ်ရေးပဋိပက္ခအဆုံးသတ်နိုင်ရေးနှင့် နျူကလီးယားလက်နက်များ ဖျက်သိမ်းရေးတို့ကို ဆွေးနွေးနိုင်ကြောင်း သမ္မတဒေါ်နယ်ထရမ့်က ပြောကြားခဲ့သည်။

အေပက် ထိပ်သီးညီလာခံကို တရုတ်နိုင်ငံတောင်ပိုင်း ရှန်ကျန်းမြို့၌ နိုဝင်ဘာ ၁၈ ရက်မှ ၁၉ ရက်ထိ ကျင်းပမည်ဖြစ်သည်။

တရုတ်သမ္မတ၊ ရုရှားသမ္မတတို့နှင့် သုံးပွင့်ဆိုင်လက်နက်ထိန်းချုပ်ရေး ဆွေးနွေးပွဲကျင်းပရန် လမ်းဖွင့်ထားကြောင်း သမ္မတဒေါ်နယ်ထရမ့်က ပြီးခဲ့သည့် အောက်တိုဘာလအတွင်း ပြောကြားထားသည်။

အေပက် ထိပ်သီးညီလာခံကာလအတွင်း အမေရိကန်၊ တရုတ်၊ ရုရှားခေါင်းဆောင်တို့ကြား သုံးပွင့်ဆိုင် ထိပ်သီးဆွေးနွေးပွဲကျင်းပရေးအတွက် ညှိနှိုင်းနေသည်ဟု တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနကလည်း ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်း အတည်ပြုထားကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

တရုတ်နိုင်ငံ၌ အထပ်မြင့်အဆောက်အအုံ မီးလောင်လူ ၁၄ ဦးသေဆုံး၍ ၃၃ ဦးဒဏ်ရာရ

ပေကျင်း နိုဝင်ဘာ ၉

တရုတ်နိုင်ငံ မြောက်ပိုင်း တိုင်ယွန်မြို့၌ နိုဝင်ဘာ ၈ ရက်က အထပ်မြင့် အဆောက်အအုံတစ်လုံး မီးလောင်မှုဖြစ်ပွားခဲ့ရာ လူ ၁၄ ဦးသေဆုံး၍ ၃၃ ဦးဒဏ်ရာရခဲ့ကြောင်း တရုတ်အစိုးရမီဒီယာများက သတင်းထုတ်ပြန်ခဲ့သည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အထပ်မြင့် အဆောက်အအုံ မီးလောင်မှုကြောင့် ဒဏ်ရာရသူများကို ဆေးရုံသို့ပို့ဆောင်ထားကြောင်း တရုတ်အစိုးရမီဒီယာများ၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အထပ်မြင့် အဆောက်အအုံ မီးလောင်မှု စတင်ဖြစ်ပွားခဲ့ပြီး နှစ်နာရီအကြာတွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း တိုင်ယွန်မြို့ မီးသတ်တပ်ဖွဲ့တာဝန်ရှိသူများက ပြောကြားထားသည်။

လက်ရှိတွင် အထပ်မြင့် အဆောက်အအုံ မီးလောင်မှုကို တရုတ်တာဝန်ရှိသူများက စုံစမ်းစစ်ဆေးနေဆဲဖြစ်သည်။

ဟောင်ကောင် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ၌ အထပ်မြင့် အဆောက်အအုံများ မီးလောင်မှုကြောင့် လူ ၁၆၈ ဦးသေဆုံးခဲ့ပြီးနောက် တရုတ်နိုင်ငံသည် ပြီးခဲ့သည့် နိုဝင်ဘာလမှစ၍ အထပ်မြင့် အဆောက်အအုံများ မီးဘေးလုံခြုံရေး လှုပ်ရှားမှုတစ်ရပ်ကို စတင်ခဲ့သည်။

အဆောက်အအုံ ဆောက်လုပ်မှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ လျော့ရဲမှုကြောင့် တရုတ်နိုင်ငံ၌ အဆောက်အအုံ မီးလောင်မှုများ မကြာခဏ ဖြစ်ပွားတတ်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

ကိုလံဘီယာနိုင်ငံမြောက်ပိုင်းရှိ စစ်စခန်းတစ်ခု မောင်းသူမဲ့ဒရုန်းယာဉ်ဖြင့် တိုက်ခိုက်ခံရ၊ တပ်ဖွဲ့ဝင်သုံးဦး သေဆုံး၍ ၁၆ ဦး ဒဏ်ရာရ

ဘိုဂိုတာ နိုဝင်ဘာ ၉

ကိုလံဘီယာနိုင်ငံ မြောက်ပိုင်းရှိ စစ်စခန်းတစ်ခုတွင် မောင်းသူမဲ့ဒရုန်းယာဉ်ဖြင့် တိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ တပ်ဖွဲ့ဝင်သုံးဦး သေဆုံး၍ ၁၆ ဦး ဒဏ်ရာရခဲ့ကြောင်း ကိုလံဘီယာ တပ်မတော်က နိုဝင်ဘာ ၈ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါ မောင်းသူမဲ့ဒရုန်းယာဉ်တိုက်ခိုက်မှုသည် စန်လူးကပ်စ်တောင်တန်းဒေသ စန်တာရိဆာဒယ်လ်ဆာ မြို့ငယ်တစ်မြို့မှ စစ်စခန်းတစ်ခုခု၌ နိုဝင်ဘာ ၇ ရက်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

စန်တာရိဆာ ဒယ်လ်ဆာမြို့ပတ်ဝန်းကျင်ဒေသသည် ရွှေတွင်းများ တည်ရှိရာဒေသဖြစ်ပြီး ရာဇဝတ်ဂိုဏ်းများနှင့် လက်နက်ကိုင်အဖွဲ့များ နယ်မြေလုနေသည့် နေရာလည်းဖြစ်သည်။

နိုဝင်ဘာ ၇ ရက် ကိုလံဘီယာစစ်စခန်း မောင်းသူမဲ့ဒရုန်းယာဉ် တိုက်ခိုက်မှု ကျူးလွန်ခဲ့သူများသည် ပြေးမလွတ်နိုင်ကြောင်း ကိုလံဘီယာသမ္မတ ဒီလာအက်စပီရယ်လာက ပြောကြားထားသည်။

ယခုနှစ် ဩဂုတ်လအတွင်း သမ္မတ ဒီလာအက်စပီရယ်လာ အာဏာရခဲ့ပြီးနောက်ပိုင်း ကိုလံဘီယာ ကျေးလက်နယ်မြေများ၌ အကြမ်းဖက် တိုက်ခိုက်မှုများပိုမို ဖြစ်ပွားလာခဲ့သည်။

ကွန်ဆာဗေးတစ် နိုင်ငံရေးဝါဒီဖြစ်သော သမ္မတဒီလာအက်စပီရယ်လာသည် ၎င်းအာဏာရရှိပြီးနောက် လက်ကျန်ပြည်တွင်းလက်နက်ကိုင်အဖွဲ့များနှင့်ပြုလုပ်နေသည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို ဖျက်သိမ်းခဲ့ကြောင်း သိရသည်။

Ref : RT
Trs : KKO

အဘူဒါဘီမြို့၌ကျင်းပမည့် ယူကရိန်းငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် ဥရောပကိုယ်စားလှယ်များလည်း ပါဝင်မည်



ပဲရစ် နိုဝင်ဘာ ၉

ယူအေအီးနိုင်ငံ အဘူဒါဘီမြို့၌ ယခုရက်သတ္တပတ် အတွင်း ကျင်းပမည့် ယူကရိန်းငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် ဥရောပကိုယ်စားလှယ်များလည်း ပါဝင်မည်ဖြစ်ကြောင်း ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး ယန်းနိုအယ်လ်ဘားရော့က နိုဝင်ဘာ ၈ ရက်တွင် ပြောကြားခဲ့သည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အမေရိကန်၊ ရုရှား၊ ယူကရိန်းကိုယ်စားလှယ်များသည် နိုဝင်ဘာ ၁၀ ရက်မှ ၁၁ ရက်ထိ အဘူဒါဘီမြို့၌တွေ့ဆုံ၍ ယူကရိန်းစစ်ရေးပဋိပက္ခ အဆုံးသတ်ရေးအတွက် ဆွေးနွေးမည်ဖြစ်ကြောင်း အမေရိကန်သမ္မတ၏ အထူးသံတမန် စတိဗ်ဝစ်ကော့ဖ်က ပြောကြားထားသည်။

အဆိုပါ အဘူဒါဘီဆွေးနွေးပွဲတွင် ဥရောပကိုယ်စားလှယ်များလည်း ပါဝင်မည်ဖြစ်ပြီး ပြင်သစ်နိုင်ငံလည်း ပါဝင်မည်ဖြစ်ကြောင်း ပြင်သစ် နိုင်ငံခြားရေးဝန်ကြီး ယန်းနိုအယ်လ် ဘားရော့က ပြင်သစ်မီဒီယာများသို့ ထုတ်ဖော်ပြောကြားထားသည်။

အမေရိကန်အစိုးရ၏ ကြားဝင်ညှိနှိုင်းမှုဖြင့် ကျင်းပနေသော သုံးပွင့်ဆိုင် ယူကရိန်းငြိမ်းချမ်းရေးဆွေးနွေးပွဲမှာ ယခုနှစ်ဖေဖော်ဝါရီ ၂၈ ရက်တွင် အီရန်စစ်ရေးပဋိပက္ခ စတင်ခဲ့ပြီးနောက် ရပ်တန့်ခဲ့ရကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၅ ရက်မြောက်နေ့ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၉

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၅ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။



အစည်းအဝေးတွင် ချောင်းကမ်းပါးပြိုကျမှု အမြန်ဆောင်ရွက်ပေးရေး၊ အစိုးရဘဏ်များ၌ အပ်နှံထားသည့်ငွေများကို လိုအပ်သည့်ပမာဏထုတ်ယူနိုင်ရေး၊ ပလက်ဖောင်းနှင့် အမှိုက်ပုံရွှေ့ပြောင်းပေးရေး၊ တက္ကသိုလ်ဆောက်လုပ်ပြီး ကျန်ရှိမြေများ ပြန်လည်စွန့်လွှတ်ပေးရေး၊ ဆရာ၊ ဆရာမ အင်အားဖြည့်ဆည်းပေးရေး၊ ပညာရေးကောလိပ်တွင် ဒေသခံတိုင်းရင်းသားများ တက်ရောက်ခွင့်ရရှိရေး၊ ဝန်ထမ်းဟောင်းများ ပြန်လည်ခန့်ထားပေးရေး၊ ပညာရေးဒီဂရီကောလိပ်တစ်ခုတည်ထောင်ဖွင့်လှစ်ပေးရေး၊ ကျောင်းဆောင်သစ်များ ဆောက်လုပ်ပေးရေးတို့နှင့်စပ်လျဉ်း၍ မေးခွန်း ၁၁ ခု မေးမြန်းဖြေကြားခြင်း၊ အဆို တစ်ခုဆွေးနွေးအတည်ပြုခြင်းနှင့် ဥပဒေကြမ်း တစ်ခု အတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ ကျောက်တန်းမဲဆန္ဒနယ်မှ ဦးနိုင်ဝင်း၏ **ကျောက်တန်းမြို့နယ် ကဒပွနကျေးရွာရှိချောင်းကမ်းပါးပြိုကျမှုကို မည်သည့်ဘဏ္ဍာနှစ်တွင် အမြန်ဆုံးဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထွန်းလူက ကျောက်တန်းမြို့နယ် ကဒပွနကျေးရွာတွင် မှော်ဝန်းချောင်းရေတိုက်စားမှုကြောင့် ချောင်းကမ်းပါးပြိုကျပျက်စီးမှုများ ကာကွယ်နိုင်ရန် မှော်ဝန်းချောင်းတွင် သောင်စွယ်ဖြတ်ခြင်း၊ ဖြတ်တူးမြောင်းတူးဖော်ခြင်းနှင့် ကဒပွနချောင်းတွင် သောင်စွယ်ဖြတ်ခြင်းနှင့် ကမ်းထိန်းတမံများ တည်ဆောက်ပေးရန်တို့အတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် လျာထားရန်ပုံငွေတွင်ပါဝင်ခြင်း မရှိပါသဖြင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ လာမည့်ဘဏ္ဍာနှစ်များ၌ ရန်ပုံငွေလျာထားပေးမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်သင့်သည့်အစီအမံများကို ရေးဆွဲတွက်ချက်ပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ပေးပို့သွားမည်ဖြစ်ပါကြောင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် လုပ်ငန်းဆောင်ရွက်ချိန်တွင် နည်းပညာအကူအညီများ ပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ဝမ်းတွင်းမဲဆန္ဒနယ်မှ ဦးမျိုးမြင့်သိန်း၏ **အစိုးရဘဏ်များ၌ အပ်နှံငွေများကို လိုအပ်သလောက် ထုတ်ယူခွင့်ပြုနိုင်ရေးအတွက် မူဝါဒ၊ နည်းပညာ၊ ဝန်ဆောင်မှုများကျင့်သုံးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ဦးသက်ထွန်းအောင်က နိုင်ငံပိုင်ဘဏ်များအနေဖြင့် Customer များက ငွေသားထုတ်ယူရာတွင် ဘဏ်များ၏ ငွေသားလွယ်ကူမှုအပေါ်မူတည်၍ အဆင်ပြေချောမွေ့စွာ ငွေသားထုတ်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊ ဒီဂျစ်တယ်ငွေပေးချေမှုနည်းလမ်းများနှင့် စာရင်းပြောင်းနည်းလမ်းများကို ပိုမိုအားပေးဆောင်ရွက်ရန်နှင့် မြို့နယ်ဘဏ်ခွဲများထိ ထိရောက်စွာ ကြပ်မတ်ကွပ်ကဲနိုင်ရေး ဆောင်ရွက်ပေးနိုင်ရန် ညွှန်ကြားထားပြီးဖြစ်ပါကြောင်း။

နိုင်ငံတော်ပိုင်ဘဏ်များသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ဒီဂျစ်တယ်စီးပွားရေးအဆောက်အအုံသို့ အသွင်ကူးပြောင်းမှုလုပ်ငန်းစဉ်များ အရှိန်အဟုန်မပျက်ဆောင်ရွက်နိုင်စေရန်နှင့် ငွေပေးချေမှုစနစ်များ ပိုမိုထိရောက်စွာ အကောင်ထည်ဖော်နိုင်ရန်အတွက် အများပြည်သူများအနေဖြင့် ငွေသားသုံးစွဲမှုလျှော့ချပြီး အီလက်ထရောနစ်ငွေပေးချေမှုနည်းလမ်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးကို ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် နိုင်ငံပိုင်ဘဏ်များ၏ လက်ရှိနည်းပညာစနစ်များ၊ လုပ်ငန်းဆောင်ရွက်နိုင်စွမ်း၊ သုံးစွဲနိုင်မည့် ဘဏ္ဍာရေးအရင်းအမြစ်နှင့် လူ့စွမ်းအားအရင်းအမြစ်တို့အပေါ် ထည့်သွင်းသုံးသပ်ကာ ဦးစားပေးလုပ်ငန်းများကို ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနနှင့်ပူးပေါင်း၍ လိုအပ်ချက်ပေါ်မူတည်ပြီး အဆင့်လိုက် မြှင့်တင်ဆောင်ရွက်လျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က နိုင်ငံပိုင်ဘဏ်များသို့ ဘဏ်များ၏ ငွေသားလွယ်ကူမှုအပေါ်မူတည်၍ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်ပေးနိုင်ရေး အကြောင်းကြားထားပြီးဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးလှဆွေ၏ **တပ်ကုန်းမြို့အောင်ဇေယျရပ်ကွက် အ.ထ.က(၁)ကျောင်း၌စည်းရိုးအနီးသို့ ပလက်ဖောင်းပြောင်းရွှေ့ရန် ရေတို၊ ရေရှည်အစီအမံများ ဆောင်ရွက်ပေးနိုင်ခြင်းရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးဝင်းမိုးခိုင်က တပ်ကုန်းမြို့ အောင်ဇေယျရပ်ကွက် အ.ထ.က(၁) ကျောင်းရှေ့ရှိ အောင်သီဟလမ်းပလက်ဖောင်း နှစ်ခုကြားတွင် မိန်းလမ်းဖြစ်သဖြင့် လူသွားလူလာများခြင်း၊ ကားကြီးများ ဖြတ်သန်းသွားလာမှုရှိခြင်းကြောင့် ကျောင်းတက်၊ ကျောင်းဆင်းချိန်တွင် ကျောင်းသား၊ ကျောင်းသူများ အန္တရာယ်ကင်းရှင်းစွာ ဖြတ်သန်းသွားလာနိုင်ရန်အတွက် အဆိုပါပလက်ဖောင်းကို ဖျက်၍ အ.ထ.က(၁)ကျောင်း၌စည်းရိုးအနီး(ရေမြောင်းအနီး)သို့ ပြောင်းရွှေ့ဆောင်ရွက်နိုင်ရေး ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် နေပြည်တော်ကောင်စီ၏ ငွေလုံးငွေရင်းအသုံးစရိတ်ရန်ပုံငွေ၌ အောင်သီဟလမ်းတွင် မူလပလက်ဖောင်းအဟောင်းကိုဖျက်၍ ပလက်ဖောင်းအသစ်ပြုလုပ်ခြင်း (၁၆၀၀'x၅'-၆")လုပ်ငန်းကို ငွေကျပ် ၁၂၁ ဒသမ ၇၂၅ သန်းဖြင့် ထည့်သွင်းလျာထားပြီး ဖြစ်ပါကြောင်းနှင့် ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မဲဆန္ဒနယ်မှ ဒေါ်အေးအေးမြင့်၏ **ဒဂုံမြို့သစ်(အရှေ့ပိုင်း)နှင့် မြောက်ပိုင်းမြို့နယ်များရှိ ထားဝယ်ချောင်းအမှိုက်ပုံကြီးကို မည်သည့်အချိန်တွင် အမြန်ဆုံးရွှေ့ပြောင်းပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးဝင်းမိုးခိုင်က လက်ရှိအချိန်တွင် အမှိုက်စွန့်ပစ်ရန် မြေနေရာရှားပါးလာခြင်းကြောင့် ထားဝယ်ချောင်နောက်ဆုံးစွန့်ပစ်အမှိုက်ပုံကို ပိတ်သိမ်းနိုင်ခြင်းမရှိပါကြောင်း၊ ပြည်သူများမှနေ့စဉ်စွန့်ပစ်သည့် အမှိုက်တန်ချိန် ၁၀၀၀ မှ ၁၂၀၀ ခန့်ကို စီမံခန့်ခွဲနိုင်ရန်အတွက် အရန်အနေဖြင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ရှိ သရက်ပင်ချောင်စွန့်ပစ်အမှိုက်ပုံကို ဘတ်ဂျက်ရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် အမှိုက်မှစွမ်းအင်ထုတ်လုပ်ခြင်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးပါက စနစ်တကျအမှိုက်ပုံပိတ်သိမ်းသည့် လုပ်ငန်းစဉ်အတိုင်း စီစဉ်ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ပဲခူးမဲဆန္ဒနယ်မှ ဦးမင်းခန့်ကျော်၏ **ပဲခူးတက္ကသိုလ်ဆောက်လုပ်ပြီးနောက် ကျန်ရှိသည့်မြေကေကို ပြန်လည်စွန့်လွှတ်ပေးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမောင်သိန်းက ပဲခူးတက္ကသိုလ်သည် ပညာရေးဝန်ကြီးဌာနလက်အောက်ရှိ တက္ကသိုလ်တစ်ခုဖြစ်ပြီး နှစ်စဉ်တိုးတက်များပြားလာသည့် ကျောင်းသားဦးရေများအတွက် လိုအပ်သည့် ကျောင်းသား၊ ကျောင်းသူအိပ်ဆောင်များ၊ နားနေဆောင်များ၊ တက္ကသိုလ်အပန်းဖြေရိပ်သာ၊ စာသင်ဆောင်များဆောက်လုပ်ခြင်း၊ ဆရာ၊ ဆရာမများနှင့် ဝန်ထမ်းများအတွက် အိမ်ရာများ ဆောက်လုပ်ခြင်းများကို ဘဏ္ဍာနှစ်အလိုက် လျာထား၍ တည်ဆောက်ခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ ပညာရေးဆိုင်ရာအဆောက်အအုံများ၊ သုတေသနပြုလုပ်ရန် အဆောက်အအုံများနှင့် လက်တွေ့စမ်းသပ်ရန် မြေနေရာများ၊ ဝန်ထမ်းနေအိမ်များ၊ အားကစားအဆောက်အအုံများကို ပညာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်နှင့်အညီ ဘဏ္ဍာနှစ်အလိုက်လျာထား၍ တည်ဆောက်ခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် စွန့်လွှတ်၊ လွှဲပြောင်းပေးရန် အစီအစဉ်မရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာမျိုးထွန်း၏ **ရှမ်းပြည်နယ်ရှိ ဆရာ၊ ဆရာမ မပြည့်စုံသောကျောင်းများတွင် ဆရာ၊ ဆရာမ ခန့်ထားပေးနိုင်ရေး၊ ပညာရေးကောလိပ်များတွင် ဒေသခံတိုင်းရင်းသားများ ပိုမိုတက်ရောက်ခွင့်ရရှိရေးနှင့် ပညာရေးဝန်ထမ်းများ ဌာနသို့ပြန်လည်ဝင်ရောက်လိုပါက ဦးစားပေးခန့်ထားနိုင်ရေးတို့ကို ဆောင်ရွက်ပေးနိုင်ခြင်းရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမောင်သိန်းက ဒေသခံတိုင်းရင်းသားများထဲမှ တိုင်းရင်းသားဘာသာစာပေ သင်ကြားခွင့်ရရှိသော အခြေခံပညာကျောင်းများတွင် တိုင်းရင်းသားဘာသာစာပေသင်ကြားရေး အထောက်အကူပြုအဖြစ် တာဝန်ထမ်းဆောင်ရန် လျှောက်ထားနိုင်ပြီး သတ်မှတ်ချက်များအနေဖြင့် တိုင်းရင်းသားစာပေသင်အဖြစ် လျှောက်ထားရာတွင် သက်ဆိုင်ရာ တိုင်းရင်းသားစာပေကို အရေး၊ အဖတ်၊ သင်ကြားနိုင်သူဖြစ်ပြီး (Teaching Assistant–TA) လျှောက်ထားသူသည် အနိမ့်ဆုံးပညာအရည်အချင်း Grade 10 အောင်မြင်ပြီးသူဖြစ်ရမည်ဖြစ်ကာ (Language Teacher–LT) လျှောက်ထားသူသည် အနိမ့်ဆုံးပညာအရည်အချင်းမှာ မူလတန်းဆင့်ပြီးမြောက် အောင်မြင်ပြီးသူဖြစ်ရမည်ဖြစ်ပါကြောင်း။

အဆိုပြုလျှောက်လွှာများကို တိုင်းဒေသကြီး၊ ပြည်နယ်များရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနများသို့ ပေးပို့ပြီး ထိုမှတစ်ဆင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန(နေပြည်တော်)သို့ စိစစ်ပေးပို့ရပါကြောင်း၊ စိစစ်ပြီးသည့် အဆိုပြုလျှောက်လွှာများကို ပညာရေးဝန်ကြီးဌာနသို့ ညှိနှိုင်းပေးပို့ရပါကြောင်း၊ အဆိုပါလျှောက်လွှာများအနက် သတ်မှတ်ချက်နှင့် ကိုက်ညီသူများသည် ဆရာအတတ်ပညာအရည်အသွေးမြှင့် အထောက်အကူပြုဆွေးနွေးပွဲသင်တန်းသို့ တက်ရောက်ခွင့်ရရှိပြီး အခြေခံပညာဦးစီးဌာနမှ TA/LT(ပုတ်ပြတ်)အဖြစ် နှစ်စဉ်ခန့်ထားပေးလျက်ရှိပါကြောင်း။

ဘွဲ့ရရှိပြီးသူများအတွက် ပညာရေးဒီဂရီကောလိပ်များတွင် ဖွင့်လှစ်လျက်ရှိသည့် ပညာရေးနှင့်သင်ပြ ပညာရေးဒီဂရီကောလိပ်များတွင် (Diploma in Education and Pedagogy – Dip.EP) သင်တန်းသို့ တက်ရောက်၍ မူလတန်းပြများအဖြစ် ဝင်ရောက်တာဝန်ထမ်းဆောင်နိုင်ပါကြောင်း။

အခြေခံပညာဦးစီးဌာနအနေဖြင့် ဒေသအခြေအနေအရ ယာယီပိတ်ထားရသော ကျောင်းများမှ သတင်းပို့ဆက်သွယ်လာသည့် ဝန်ထမ်းများနှင့် ဖွင့်ကျောင်းများတွင် ယာယီတွဲဖက်တာဝန်ထမ်းဆောင်လိုကြောင်း ၎င်းတို့ကိုယ်တိုင် သတင်းပေးပို့ဆက်သွယ်လာပါက သတ်မှတ်လုပ်ထုံးလုပ်နည်းနှင့်အညီ သက်ဆိုင်ရာမြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး၊ ပြည်နယ်ပညာရေးမှူးရုံးများသို့ ကိုယ်တိုင်သတင်းပို့ဆက်သွယ်လျှောက်ထားရမည်ဖြစ်ပါကြောင်း၊ အဆိုပါဝန်ထမ်းကို ဌာနဆိုင်ရာ စစ်ဆေးမှုပြုပြီး အပြစ်မရှိကြောင်း အကြောင်းပြချက်ခိုင်လုံပါက အလုပ်ပြန်လည်ခန့်အပ်ပေးမည်ဖြစ်ပါကြောင်း၊ ရာထူးမှ ထုတ်ပယ်ခြင်းခံရ၍ အယူခံတင်သွင်းသူများကိုလည်း နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ပြီး ပြန်လည်ခန့်ထားနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

တနင်္သာရီမဲဆန္ဒနယ်မှ ဦးအောင်ဆန်းလွင်၏ **မြိတ်မြို့တွင် ပညာရေးဒီဂရီကောလိပ်တစ်ခုတည်ထောင်ဖွင့်လှစ်နိုင်ရန် အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမောင်သိန်းက ပညာရေးဝန်ကြီးဌာန ဆရာအတတ်ပညာဦးစီးဌာနအနေဖြင့် တနင်္သာရီတိုင်းဒေသကြီးတွင် မြိတ်မြို့နှင့် မိုင် ၁၅၀ အကွာ၌ ထားဝယ်ပညာရေးဒီဂရီကောလိပ်ကိုလည်းကောင်း၊ မွန်ပြည်နယ်တွင် မြိတ်မြို့နှင့် ၃၄၂ မိုင်အကွာ၌ မော်လမြိုင်ပညာရေးဒီဂရီကောလိပ်ကိုလည်းကောင်း ဖွင့်လှစ်ထားပြီး ကျောင်းသား၊ ကျောင်းသူများအနေဖြင့် မိမိနှစ်သက်ရာကျောင်းသို့ လျှောက်ထားလာပါက တက်ရောက်ခွင့်ပြုလျက်ရှိပါကြောင်း။

တနင်္သာရီတိုင်းဒေသကြီးအတွင်း တောင်ပိုင်းခရိုင်များဖြစ်သည့် ဘုတ်ပြင်းနှင့် ကော့သောင်းဒေသတို့မှ ထားဝယ်မြို့သို့ သွားရောက်၍ ဆရာအတတ်ပညာသင်ယူရန် အခက်အခဲရှိသော ကျောင်းသား၊ ကျောင်းသူများအတွက် ပညာရေးဒီဂရီကောလိပ်ဝင်ခွင့်နှင့်စပ်လျဉ်း၍ တက္ကသိုလ်ဝင်ခွင့်စိစစ်ရွေးချယ်ရေးအဖွဲ့သို့ ပုံမှန်နေ့ကျောင်းသားအဖြစ် ဝင်ခွင့်လျှောက်ထားစဉ်တွင် **စာမျက်နှာ ၈ သို့**

စာမျက်နှာ ၇ မှအဆက်

ဆန္ဒပြလွှာ၌ မိမိအဆင်ပြေရာ နှစ်သက်ရာ ပညာရေးဒီဂရီကောလိပ်များသို့ ဦးစားပေးလျှောက်ထားနိုင်ပြီး ဆရာအတတ်ပညာများ သင်ယူရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ မြိတ်မြို့တွင် ပညာရေးဒီဂရီကောလိပ် တည်ထောင်ဖွင့်လှစ်ပေးရန် လတ်တလောအစီအစဉ် မရှိသေးပါကြောင်း ပြန်လည်ဖြေကြားသည်။

မြစ်ကြီးနားမဲဆန္ဒနယ်မှ ဦးညွန့်ဝင်း၏ **မြစ်ကြီးနားမြို့နယ် အ.မ.က(၃)တွင် တစ်ထပ်ကျောင်းဆောင် တစ်ခု တည်ဆောက်ပေးနိုင်ခြင်းရှိ၊ မရှိမေးခွန်း**နှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် အမှတ်(၃) အခြေခံပညာမူလတန်းကျောင်း(နန်းကွေ့) ရှိ အန္တရာယ်ဆောင် ၇၅ x ၂၅ ပေ သွပ်မိုး၊ အုတ်ညှပ် တစ်ထပ်ဆောင်ကို ဖျက်သိမ်း၍ လိုအပ်သောစာသင်ခန်း သုံးခန်းစာ ပေ ၆၀ x ၃၀ RCC တစ်ထပ် ဆောက်လုပ်ရန်အတွက် လာမည့်ဘဏ္ဍာနှစ်များတွင် ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ပြည်နယ်၏တန်းစီဇယားဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မော်လိုက်မဲဆန္ဒနယ်မှ ဦးမြင့်စိုးဆင့်၏ **မော်လိုက်မြို့ အမှတ်(၂) အခြေခံပညာမူလတန်းကျောင်း၌ တစ်ထပ်ကျောင်းဆောင် ဆောက်လုပ်ပေးရန်အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့နယ် အမှတ်(၂) အခြေခံပညာမူလတန်းကျောင်းတွင် အန္တရာယ်ဆောင်၌ သင်ကြားနေသော စာသင်ခန်းနှစ်ခန်း၊ ယာယီဆောင်တွင် သင်ကြားနေသော စာသင်ခန်း တစ်ခန်း စုစုပေါင်း သုံးခန်းအတွက် အန္တရာယ်ကျောင်းဆောင်ကို ဖျက်သိမ်းပြီး ပေ ၆၀ x ၃၀ RCC တစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ရန် လာမည့်ဘဏ္ဍာနှစ်များတွင် ငွေလုံးငွေရင်း(တည်ဆောက်ရေး) ဘတ်ဂျက်ရရှိမှုအပေါ် တိုင်းဒေသကြီး၏ တန်းစီဇယားဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မြောင်းမြမဲဆန္ဒနယ်မှ ဒေါ်မြင့်စန္ဒာအောင်၏ **မြောင်းမြမြို့နယ် မူ(လွန်) ကွင်းပေါက်ကြီးကျောင်းကို တစ်ထပ်ကျောင်းဆောင် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် ကွင်းပေါက်ကြီး အခြေခံပညာမူလတန်း(လွန်) ကျောင်းတွင် ယာယီကျောင်းဆောင်ဖြင့် သင်ကြားနေရခြင်းကြောင့် အဆိုပါကျောင်းရှိ ယာယီဆောင် ၇၅ x ၁၅ ပေ ဓနိမိုး၊ ဓနိကာ၊ သဲခင်း တစ်ထပ်ကို ဖျက်သိမ်း၍ ပေ၉၀ x ၃၀ RCC တစ်ထပ် ဆောက်လုပ်ရန်အတွက် နောင်လာမည့်ဘဏ္ဍာနှစ်များတွင် ဘဏ်ဂျက်ရရှိမှုအပေါ်မူတည်၍ ငွေလုံးငွေရင်း(တည်ဆောက်ရေး) ခေါင်းစဉ်အောက်မှ တိုင်းဒေသကြီး၏တန်းစီဇယားဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မြို့သစ်မဲဆန္ဒနယ်မှ ဦးစိုးဝင်း၏ **မြို့သစ်မြို့နယ် ဆားတဲကျေးရွာ အလယ်တန်းကျောင်း၌ နှစ်ထပ်ကျောင်းဆောင်သစ် ပြန်လည်ဆောက်လုပ်ပေးနိုင်ခြင်းရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က မကွေးတိုင်းဒေသကြီး ဆားတဲကျေးရွာ အလယ်တန်းကျောင်းရှိ ကျောင်းဆောင်များအနက် အဆောင်(၁)၁၂၀ x ၃၆ ပေ (E)ပုံသဏ္ဌာန် RCC တစ်ထပ်ဆောင်တွင် စာသင်ခန်း လေးခန်းဖြင့် ကျောင်းသား၊ ကျောင်းသူများ သင်ကြားလျက်ရှိပြီး အင်ဂျင်နီယာက အန္တရာယ်ဆောင်အဖြစ် သတ်မှတ်သင့်ကြောင်း ထောက်ခံချက်ပေးထားပါသဖြင့် ၎င်းကျောင်းဆောင်တွင်ရှိသော စာသင်ခန်း လေးခန်းနှင့် တန်းခွဲအရလိုအပ်သော စာသင်ခန်း နှစ်ခန်း စုစုပေါင်း စာသင်ခန်း ခြောက်ခန်းအတွက် အန္တရာယ်ဆောင် ၁၂၀ x ၃၆ ပေ (E) ပုံသဏ္ဌာန် RCC တစ်ထပ်ကျောင်းဆောင်ကို ဖျက်သိမ်း၍ ပေ ၁၁၀ x ၃၀ RCC နှစ်ထပ် ကျောင်းဆောင်သစ် ဆောက်လုပ်ရန် လာမည့်ဘဏ္ဍာနှစ်များတွင် ငွေလုံးငွေရင်း(တည်ဆောက်ရေး) ဘတ်ဂျက်ရရှိမှုအပေါ် တိုင်းဒေသကြီး၏ တန်းစီဇယားဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ထို့နောက် ဗဟန်းမဲဆန္ဒနယ်မှ ဒေါက်တာလှတင့် တင်သွင်းသည့် **"မြန်မာနိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများတွင် ကလေးသူငယ်များ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ဘေးကင်းလုံခြုံစွာ ပညာသင်ကြားနိုင်ရေးအတွက် "ကျောင်းတွင်း အကြမ်းဖက်မှုကင်းစင်ရေးမူဝါဒ (Zero – Tolerance Anti–Bullying and School Safety Policy)" တစ်ရပ် ချမှတ်အကောင်အထည်ဖော်ရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆို"**ကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

မြဝတီမဲဆန္ဒနယ်မှ ဦးခင်မောင်ချင်းက ကလေးသူငယ်တစ်ဦးသည် ကြောက်ရွံ့မှု၊ ဖိနှိပ်မှု၊ အနိုင်အထက်ကျင့်မှုများရှိနေသည့် ပတ်ဝန်းကျင်တွင် အရည်အသွေးပြည့်ဝသော ပညာရေးကို အပြည့်အဝရရှိနိုင်မည်မဟုတ်ပါသဖြင့် ပညာရေးအခွင့်အရေးနှင့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးတို့ကို တစ်ပြိုင်တည်း အလေးထားဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

ကျောင်းတွင်းအကြမ်းဖက်မှုများကို ဖြစ်ပွားပြီးမှ အရေးယူဆောင်ရွက်ခြင်းထက် ကြိုတင်ကာကွယ်တားဆီးရေးကိုအခြေခံသည့် စနစ်ကျသော မူဝါဒတစ်ရပ်ချမှတ်ရန်လိုအပ်ပြီး ယင်းမူဝါဒတွင် အကြမ်းဖက်မှုတားမြစ်ရေး၊ တိုင်ကြားဖြေရှင်းရေး၊ ထိခိုက်နစ်နာသူများကို ကာကွယ်စောင့်ရှောက်ရေး၊ ကျူးလွန်သူများကို ဥပဒေနှင့်အညီ အရေးယူရန်နှင့် တာဝန်ယူမှု၊ တာဝန်ခံမှုရှိစေရေးတို့ကို ပြည့်စုံစွာထည့်သွင်းသတ်မှတ်ရန်လိုအပ်ပါကြောင်း။

ကလေးသူငယ်များ၏ အခွင့်အရေးနှင့် အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံတော်၊ မိဘအုပ်ထိန်းသူများ၊ ပညာရေးဆိုင်ရာတာဝန်ရှိသူများနှင့် လူမှုအသိုက်အဝန်းတစ်ရပ်လုံးတွင် တာဝန်ရှိသည့်အတွက် သက်ဆိုင်ရာဥပဒေများနှင့်အညီ ကလေးသူငယ်များအတွက် ဘေးကင်းလုံခြုံသည့် ပညာသင်ကြားသင်ယူမှု ပတ်ဝန်းကျင်တစ်ရပ်လုံးကို ဖန်တီးပေးရန် လိုအပ်ပါကြောင်း အဆိုကို ထောက်ခံဆွေးနွေးသည်။

ကွန်ဟိန်းမဲဆန္ဒနယ်မှ ဦးစိုင်းကျော်လှက မြန်မာနိုင်ငံရှိ ကလေးသူငယ်များ၏ အနာဂတ်နှင့် ဘေးကင်းလုံခြုံမှုအတွက် ကျောင်းတွင်း အကြမ်းဖက်မှုကင်းစင်ရေးမူဝါဒတစ်ရပ်ကို အစိုးရအနေဖြင့် စနစ်တကျရေးဆွဲချမှတ်ရန် မလွဲမသွေတိုက်တွန်းသင့်ပါကြောင်း၊ သို့ရာတွင် အဆိုပါမူဝါဒသည် ကလေးသူငယ်များကို အပြစ်ပေးရုံသက်သက်မျှသာ မဟုတ်ဘဲ အသိပညာပေးခြင်း၊ ကြိုတင်ကာကွယ်ခြင်းနှင့် စိတ်ပိုင်းဆိုင်ရာ ပြုပြင်စောင့်ရှောက်ပေးခြင်းတို့ မျှတစွာပေါင်းစပ်ပါဝင်သည့် ခေတ်မီမူဝါဒတစ်ရပ်ဖြစ်ရန် လိုအပ်ပါကြောင်း အဆိုကို ထောက်ခံဆွေးနွေးသည်။

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မဲဆန္ဒနယ်မှ ဒေါက်တာရွှေပြည်စိုးက ကျောင်းသား၊ ကျောင်းသူများ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ဘေးကင်းလုံခြုံပြီး အေးချမ်းစွာ ပညာသင်ကြားနိုင်ရေး ရေရှည်အကျိုးစီးပွားအတွက် Bullying နှင့် ကျောင်းတွင်းအကြမ်းဖက်မှုမျိုးစုံ ကင်းစင်စေရေးမူဝါဒတစ်ခုခုကို သက်ဆိုင်ရာက သတ်မှတ်ထိန်းချုပ်ကာကွယ်ပေးပြီး လူစွမ်းအားအရင်းအမြစ်နှင့် ပညာရေးအသိုက်အဝန်းဖွံ့ဖြိုးရေးကို ရှေးရှုသင့်ပါကြောင်း အဆိုကို ထောက်ခံဆွေးနွေးသည်။

ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ်မှ ဦးမြင့်ထွန်းက ကျောင်းနေအရွယ် ကလေးသူငယ်များသည် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ အနိုင်ကျင့်မှုအပါအဝင် ကျောင်းတွင်းအကြမ်းဖက်မှုအမျိုးမျိုးကို ရင်ဆိုင်ကြုံတွေ့နေရပြီး ကိုယ်ထိလက်ရောက်တိုက်ခိုက်ခံရခြင်း၊ ရန်ဖြစ်ခြင်း၊ နှုတ်ဖြင့်စော်ကားဆဲဆိုခြင်း၊ လှောင်ပြောင်ပြက်ရယ်ပြုခြင်း၊ အထီးကျန်အောင် သီးခြားခွဲထုတ်ခြင်း၊ ပြစ်တင်ရှုတ်ချခြင်း၊ အွန်လိုင်းမှတစ်ဆင့် နှောင့်ယှက်ခြင်း စသည့် ပုံစံမျိုးစုံဖြင့် ကြုံတွေ့နေရကြောင်း။

ယင်းသို့သော အကြမ်းဖက်မှုများသည် ကျောင်းစုဝေးပွဲများ၊ ကျောင်းတွင်းလှုပ်ရှားမှုများ၊ စုပေါင်းသန့်ရှင်းရေး၊ အားကစားလှုပ်ရှားမှုများ၊ ပွဲတော်များကျင်းပချိန်တွင် မမျှော်လင့်ဘဲဖြစ်ပွားတတ်ပြီး ကျောင်းတွင်းအကြမ်းဖက်မှုများသည် ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများ၏ ကျောင်းတွင်းစီမံခန့်ခွဲမှုစနစ်နှင့် တိုက်ရိုက်အချိုးကျဆက်စပ်နေကြောင်း၊ သို့ဖြစ်ပါ၍ ကျောင်းများတွင် စိတ်ပိုင်းဆိုင်ရာကျန်းမာရေးကို ကာကွယ်နိုင်ရန်နှင့် အပြန်အလှန်ကြင်နာတတ်သော ကျောင်းယဉ်ကျေးမှုတစ်ရပ်တည်ဆောက်နိုင်ရန်အတွက် အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ကော့ကရိတ်မဲဆန္ဒနယ်မှ ဒေါ်ခင်နီနီအောင်က ကျောင်းတွင်းအကြမ်းဖက်မှု၊ အနိုင်ကျင့်မှု၊ မူးယစ်ဆေးဝါးသုံးစွဲမှုများ တားဆီးကာကွယ်ရေးသည် ကျောင်းတစ်ကျောင်း၊ ဆရာတစ်ဦး၊ မိဘတစ်ဦးတည်းဖြင့် ဖြေရှင်းနိုင်သည့်ကိစ္စရပ်မဟုတ်ဘဲ ကျောင်း၊ မိဘ၊ ဆရာ၊ ဆရာမများ၊ ပညာရေးဆိုင်ရာ တာဝန်ရှိသူများနှင့် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများအားလုံး ပူးပေါင်းပါဝင်ရန်လိုအပ်ကြောင်း၊ ကလေးသူငယ်များကို အသိပညာ၊ အတတ်ပညာနှင့် ပြည့်စုံသော နိုင်ငံသားကောင်း ပညာတတ်ကြီးများ ဖြစ်လာစေလို ကြောင်း၊ ကလေးတစ်ဦးချင်းစီ၏လုံခြုံမှုသည် ပညာရေးအောင်မြင်မှု၏ အခြေခံဖြစ်သကဲ့သို့ နိုင်ငံတော်၏ အနာဂတ်အတွက် အရေးပါသောရင်းနှီးမြှုပ်နှံမှု တစ်ရပ်လည်းဖြစ်ပါကြောင်း အဆိုကို ထောက်ခံဆွေးနွေးသည်။

မိုးညှိမဲဆန္ဒနယ်မှ ဒေါ်စောခြည်လွင်က ယနေ့ခေတ်တွင် ကလေးသူငယ်တစ်ဦး၏ ဘေးကင်းလုံခြုံမှုသည် ကျောင်းတံခါးအတွင်း၌သာ ကန့်သတ်မနေဘဲ ၎င်းတို့အသုံးပြုနေသည့် မိုဘိုင်းဖုန်း၊ အင်တာနက်၊ လူမှုကွန်ရက်ပေါ်တွင်လည်း လုံခြုံမှုရှိရန် မဖြစ်မနေလိုအပ်လာပြီဖြစ်ကြောင်း၊ စာသင်ခန်းများအတွင်း လက်ကိုင်ဖုန်း မသုံးရ၊ ယူဆောင်မလာရဟု ကန့်သတ်ထားသော်လည်း အသုံးပြု၍ရသည့် အခြားနေရာများတွင် သုံးစွဲမှုများရှိနေနိုင်သဖြင့် ကလေးသူငယ်များ၏ ဘေးကင်းလုံခြုံရေးနှင့် ဒီဂျစ်တယ်ခေတ် အန္တရာယ်များမှ ကာကွယ်ပေးနိုင်ရေးအတွက် ဌာနပေါင်းစုံပူးပေါင်းဆောင်ရွက်သည့် မူဝါဒတစ်ရပ်ချမှတ်နိုင်ရေးသည် အထူးပင်အရေးကြီးပါကြောင်း အဆိုကို ထောက်ခံဆွေးနွေးသည်။

ထို့ပြင် အဆိုနှင့်စပ်လျဉ်း၍ မှော်ဘီမဲဆန္ဒနယ်မှ ဒေါက်တာနေလင်း၊ သရက်ချောင်းမဲဆန္ဒနယ်မှ ဦးရဲထွန်းဝင်း၊ မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဦးနေလင်းအောင်၊ ဘားအံမဲဆန္ဒနယ်မှ ဦးသက်နိုင်ဦး၊ ဗိုလ်တထောင်မဲဆန္ဒနယ်မှ ဦးဉာဏ်ဝင်းထိုက်တို့က ထောက်ခံအကြံပြုဆွေးနွေးကြသည်။

ယင်းနောက် ဗဟန်းမဲဆန္ဒနယ်မှ ဒေါက်တာလှတင့် တင်သွင်းသည့် အဆိုနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျောင်းတွင်းဘေးကင်းလုံခြုံရေးနှင့် ကလေးသူငယ်အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးကို လက်ရှိတွင်လည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ကျောင်းသား၊ ကျောင်းသူများအားလုံး ဘေးကင်းလုံခြုံသည့် ပညာသင်ယူမှုပတ်ဝန်းကျင်တွင် ပညာသင်ယူနိုင်ရေးအတွက် သက်ဆိုင်ရာဆက်စပ်ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပြီး ဆောင်ရွက်မှုရလဒ်များကိုလည်း လုပ်ထုံးလုပ်နည်းများနှင့်အညီ လွှတ်တော်သို့ ပြန်လည်တင်ပြနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ကလေးသူငယ်များ စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ ဘေးကင်းလုံခြုံစွာ ပညာသင်ကြားနိုင်ရေးအတွက် ကျောင်းတွင်းအကြမ်းဖက်မှုဆိုင်ရာမူဝါဒတစ်ရပ်ကို ပညာရေးဝန်ကြီးဌာန၊ ဥပဒေရေးရာဝန်ကြီးဌာနအပါအဝင် သက်ဆိုင်ရာဝန်ကြီးဌာနများ ပေါင်းစပ်ညှိနှိုင်းပြီး ကျောင်းနေအရွယ် ကလေးသူငယ်များသာမက ကျောင်းပြင်ပသို့ရောက်ရှိနေသော ကလေးသူငယ်များ၏ အခွင့်အရေးနှင့် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လိုအပ်ချက်များကိုပါ ထည့်သွင်းစဉ်းစားဆောင်ရွက်ရန် လိုအပ်သည့်အတွက် လက်ရှိပြဋ္ဌာန်းထားပြီးဖြစ်သည့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေ (The Child Rights Law, 2019)နှင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ နည်းဥပဒေများ (Child Rights Rules)တို့တွင် ခေတ်နှင့်အညီ လိုအပ်သည့်ပြင်ဆင်ဖြည့်စွက်မှုများ ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်းနှင့် ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျောင်းတွင်းအကြမ်းဖက်မှုကင်းစင်ရေးမူဝါဒများ ချမှတ်ဆောင်ရွက်လျက်ရှိသည့်အတွက် အဆိုကို မှတ်တမ်းထားစောင့်ကြည့်သင့်ပါကြောင်း ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဗဟန်းမဲဆန္ဒနယ်မှ ဒေါက်တာလှတင့် တင်သွင်းသည့် အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ အကြံပြုချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် အလေးအနက်ထားလေ့လာဆောင်ရွက်သွားရန် တိုက်တွန်းပါကြောင်း၊ ရှိပြီးဖြစ်သည့် ဥပဒေများနှင့် ဆက်စပ်ကာ သက်ဆိုင်ရာအဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများအားလုံး အချင်းချင်းညှိနှိုင်းပြီး ကျောင်းတွင်းအကြမ်းဖက်မှုကင်းစင်ပရောဂျက်ရေးနှင့် ထိန်းကျောင်းရေးဆိုင်ရာမူဝါဒ (Control Mechanism) တစ်ရပ်ကို ချမှတ်လျက် ကနဦးအဆင့် အောင်မြင်အောင် အကောင်အထည်ဖော်ပေးရန် လုပ်ငန်းစဉ်ကို လွှတ်တော်တွင် မှတ်တမ်းတင်ထားရှိမည်ဖြစ်ကြောင်း၊ တိုးတက်မှုများကိုလည်း စဉ်ဆက်မပြတ်စောင့်ကြည့်သွားမည်ဖြစ်ပြီး ရလဒ်နှင့် တိုးတက်မှုများအပေါ်အခြေခံ၍ လိုအပ်သလို ဆက်လက်ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသည့်အတွက် အဆိုကို မှတ်တမ်းတင် စောင့်ကြည့်မည်ဖြစ်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **"အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကာအကွယ်ပေးရေးဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် လွှတ်တော်၏ အတည်ပြုချက်ရယူပြီး ဥပဒေကြမ်းတစ်ရပ်လုံးနှင့်စပ်လျဉ်း၍ လွှတ်တော်က သဘောတူအတည်ပြုသည့်အတွက် လွှတ်တော်ဆိုင်ရာနည်းဥပဒေအညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၅ ရက်မြောက်နေ့ကို ရုပ်နားလိုက်ပြီး အစည်းအဝေး ၂၆ ရက်မြောက်နေ့ကို နိုဝင်ဘာ ၁၀ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့်ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၉

တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန် အစည်းအဝေး ၁၅ ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဌေး၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီးများနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း ၂၀၉ ဦးရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၂၀၃ ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၀) ဦးမြင့်စန်း၏ **မန္တလေးတိုင်းဒေသကြီး အလုပ်သမားညွှန်ကြားရေးဦးစီးဌာနလက်အောက်ရှိ အလုပ်သမားကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း(မန္တလေး)တွင် ရပ်ဝေးသင်တန်းသားများ တည်းခိုရန်အတွက် ပေ ၁၀၀ x ၅၀ RC နှစ်ထပ် သင်တန်းသားအိပ်ဆောင် တစ်လုံးကို တည်ဆောက်ပေးနိုင်ခြင်းရှိ၊ မရှိသိရှိလိုခြင်းမေးခွန်း** နှင့်စပ်လျဉ်း၍ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမျိုးအောင်က ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း(မန္တလေး)တွင် နယ်ဝေးမှလာရောက်၍ ကျွမ်းကျင်မှုသင်တန်းများ တက်ရောက်မည့် သင်တန်းသား၊ သင်တန်းသူများ သင်တန်းကာလအတွင်း နေထိုင်နိုင်ရေးအတွက် ၅၆ ဦးဆံ့ သင်တန်းသားအိပ်ဆောင် ပေ ၁၀၀x ၅၀ RC နှစ်ထပ် တစ်လုံး တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ ငွေလုံးငွေရင်းအသုံးစရိတ်ခွင့်ပြုငွေဖြင့် ဆောင်ရွက်နိုင်ရန် ဘဏ္ဍာငွေအရ၊ အသုံးခန့်မှန်းခြေငွေစာရင်းတွင် ထည့်သွင်းလျာထားတောင်းခံပြီးဖြစ်ပါကြောင်းနှင့် ဘဏ္ဍာငွေခွင့်ပြုချက်ရရှိပါက လုပ်ထုံးလုပ်နည်း၊ စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့်အညီ သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၄) ဦးစိန်ရွှေမင်း၏ **အားကစားဝန်ကြီးဌာနအနေဖြင့် အားကစားပွဲဒိုင်များ လေ့ကျင့်မွေးထုတ်ပြီး အရပ်ဘက်အားကစားပွဲများကို အကူအညီပေးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးကျော်သူက မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဘောလုံးအဖွဲ့ချုပ်များနှင့်ပူးပေါင်း၍ ဒိုင်သင်တန်းများ နှစ်စဉ်ဖွင့်လှစ်လျက်ရှိရာ ပျမ်းမျှတစ်နှစ်လျှင် ဒိုင်လူကြီးဦးရေ ၃၅၀ ခန့် မွေးထုတ်ပေးလျက်ရှိပြီး အလားအလာရှိလူငယ်ဒိုင်လူကြီးများကို ဘောလုံးအဖွဲ့ချုပ်ဒိုင်လုပ်ငန်းဌာနက ကမ္ဘာ့အသိအမှတ်ပြုဒိုင်လူကြီးဖြစ်လာစေရန် တာဝန်ယူဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ဝန်ကြီးဌာနအနေဖြင့် အားကစားပြိုင်ပွဲများကျင်းပရန်နှင့် သင်တန်းများ ဖွင့်လှစ်ပို့ချရန်အတွက် ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များက ဒိုင်လူကြီး၊ နည်းပြများ တောင်းခံလာပါက သက်ဆိုင်ရာအားကစားအဖွဲ့ချုပ်များနှင့်



ချိတ်ဆက်ညှိနှိုင်း၍ ကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်အတွင်း ဘောလုံးအားကစားနည်းအပါအဝင် အားကစားနည်းမျိုးစုံအတွက် ဒိုင်လူကြီးသင်တန်း ၁၀ ကြိမ် ဖွင့်လှစ်ရန် ရန်ပုံငွေ ငွေကျပ်သိန်း ၂၂၀ လျာထားဆောင်ရွက်ထားရှိပြီးဖြစ်ပါကြောင်း ဖြေကြားသည်။

ရှမ်းပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၀) စိုင်းဝင်းခိုင်၏ **ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့နယ် ဆမ္မဆယ်ကျေးရွာအုပ်စု အုမ္မသီးကျေးရွာတွင် လျှပ်စစ်မီးရရှိရေးအတွက် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိနှင့် ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်နှင့် မရှိပါက မည်သည့်အတွက်ကြောင့်ဖြစ်သည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်က ၂၀၂၄ ခုနှစ် ဇွန်လ အတွင်းဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် နောင်ချိုမြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများရှိ ဓာတ်အားလိုင်းများနှင့် ဓာတ်အားပေးထရန်စဖော်မာများ ပျက်စီးခဲ့ပါကြောင်း၊ အုမ္မသီးကျေးရွာအနီးရှိ ဆမ္မဆယ်ကျေးရွာ၊ နားခွေကျေးရွာ၊ နားကျောင်းခမ်းကျေးရွာ၊ ရေဝင်ကျေးရွာ၊ သုံးဆယ်ကျေးရွာတို့ရှိ ဓာတ်အားလိုင်းနှင့် ထရန်စဖော်မာများသည် အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် ပျက်စီးခဲ့သော်လည်း ပျက်စီးမှုပမာဏနည်းပါးသည့်အတွက် ကျေးရွာမီးလင်းရေးကော်မတီများက ကိုယ့်အားကိုယ်ကိုး စနစ်ဖြင့် ပြန်လည်ပြုပြုင်နိုင်ခဲ့ပြီး ဓာတ်အားရယူသုံးစွဲနိုင်ပြီဖြစ်ပါကြောင်း။

အုမ္မသီးကျေးရွာသည် အကြမ်းဖက်သောင်းကျန်းသူများကြောင့် ပျက်စီးမှုအများဆုံးဖြစ်ခဲ့ပြီး ဓာတ်အားလိုင်းနှင့် ထရန်စဖော်မာပျက်စီးမှု ပမာဏကြီးမားသဖြင့် ဓာတ်အားပြန်လည်သုံးစွဲနိုင်ရန်အတွက် ၁၁/၀ ဒသမ ၄ ကေဗွီ၊ ၃၁၅ ကေဗွီအေ ထရန်စဖော်မာ တစ်လုံးနှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်း ၁ ဒသမ ၅ မိုင် တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ရှမ်းပြည်နယ်အစိုးရ ရန်ပုံငွေဖြင့် ဆောင်ရွက်ရန်လျာထားပြီးဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၂) ဦးတင်မျိုးဇော်၏ **မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် လက်ပံတောကျေးရွာအုပ်စု စည်ပင်သာကျေးရွာ လျှပ်စစ်မီးလင်းရေးအတွက် ၁၁ ကေဗွီ ဓာတ်အားလိုင်း သွယ်တန်းခြင်းနှင့် ထရန်စဖော်မာ ချထားဆောင်ရွက်ပေးနိုင်ခြင်းရှိ၊ မရှိသိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအေးကျော်က စည်ပင်သာကျေးရွာ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ၁၁ ကေဗွီ ဓာတ်အားလိုင်း ၁ ဒသမ ၂ မိုင်နှင့် ၁၁/၀ ဒသမ ၄ ကေဗွီ၊ ၂၀၀ ကေဗွီအေ ထရန်စဖော်မာ တစ်လုံး တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် တိုင်းဒေသကြီး အစိုးရရန်ပုံငွေဖြင့် ဆောင်ရွက်ရန်လျာထားပြီး ဘဏ္ဍာငွေရရှိမှုအခြေအနေအပေါ်မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၂) ဦးအောင်ချစ်လွင်၏ **စစ်ကိုင်းတိုင်းဒေသကြီး ခန္ဓီးခရိုင်နှင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနရုံးကို ပေ၆၀ x ၃၀ RC နှစ်ထပ် အဆောက်အအုံဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိနှင့် ရှိပါက မည်သည့်ဘဏ္ဍာနှစ်တွင် ရန်ပုံငွေခွဲဝေချထားဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလင်းဇော်ထွန်းက ဝန်ကြီးဌာနအနေဖြင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွက် ရန်ပုံငွေလျာထားတောင်းခံရာ အကြမ်းဖက်မှုဖြစ်စဉ်ကြောင့် မီးရှို့ဖျက်ဆီးခံခဲ့ရသည့် ရုံးအဆောက်အအုံများ၊ မန္တလေးငလျင်ဒဏ်အပါအဝင် သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးခဲ့သည့်ရုံးများကို ဦးစားပေးလျာထားတောင်းခံခဲ့သဖြင့် ခန္ဓီးခရိုင်ဦးစီးမှူးရုံးနှင့် ခန္ဓီးမြို့နယ်ဦးစီးမှူးရုံး အဆောက်အအုံများသည် လျာထားတောင်းခံမှုတွင် မပါရှိခဲ့ပါကြောင်း။

လာမည့် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင်လည်း အကြမ်းဖက်ဖြစ်စဉ်ကြောင့် မီးရှို့ဖျက်ဆီးခံရသည့် ရုံးများ၊ ဌာနပိုင်ရုံး ဖွင့်လှစ်နိုင်ခြင်းမရှိသေးသောရုံးများနှင့် အမှန်တကယ်လူနေထိုင်လျက်ရှိသည့် ဝန်ထမ်းအိမ်ရာများကို အသစ်ပြန်လည်ဆောက်လုပ်နိုင်ရေးအတွက် လျာထားတင်ပြတောင်းခံခြင်းဖြစ်သဖြင့် ခန္ဓီးခရိုင်ဦးစီးမှူးရုံးနှင့် ခန္ဓီးမြို့နယ်ဦးစီးမှူးရုံး ဆောက်လုပ်ရန် လျာထားတောင်းခံမှုတွင် မပါရှိသောကြောင့် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ဖြည့်စွက်ရန်ပုံငွေတွင် ထည့်သွင်းတောင်းခံသွားမည်ဖြစ်ပြီး ရန်ပုံငွေခွဲပြုချက်ရရှိမှုအပေါ်မူတည်၍ ဦးစားပေးအစီအစဉ်အလိုက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ကချင်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၀) ဦးအောင်ဆန်းထူး၏ **ဗန်းမော်ခရိုင်မှ နေရပ်စွန့်ခွာ၍ မန္တလေးမြို့နှင့် ပြင်ဦးလွင်မြို့အနီး တစ်ဝိုက်ရှိ မြို့ရွာများတွင် လာရောက်နေထိုင်ကြသူများအတွက် မန္တလေးမြို့၌ ဗန်းမော်ခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနက ယာယီရုံးခွဲ လာရောက်ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလင်းဇော်ထွန်းက အင်တာနက်နှင့် လျှပ်စစ်မီးအခက်အခဲကြောင့် ကချင်ပြည်နယ်(ယာယီရုံးခွဲ)ကို ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၉ ရက်တွင် မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးခွဲ စတင်ဖွင့်လှစ်၍ ကချင်ပြည်နယ်မှ ယာယီနေရပ်စွန့်ခွာလာသည့် ပြည်သူများကို အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ် ထုတ်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပါကြောင်း။

လာမည့် ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၅ ရက်မှ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂၆ ရက်ထိ ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး (၄) ရွှေစည်းခုံဘုန်းကြီးကျောင်းတွင် ဖွင့်လှစ်ထားသည့် ယာယီခိုလှုံရာစခန်းရှိ ဗန်းမော်ခရိုင်မှ ယာယီနေရပ်စွန့်ခွာပြည်သူများကို ပြင်ဦးလွင်မြို့နယ်ဦးစီးမှူးရုံးက အိမ်ထောင်စုလူဦးရေစာရင်းမိတ္တူနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးရှိ ကချင်ပြည်နယ်(ယာယီရုံးခွဲ)ကို ၂၀၂၅ ခုနှစ် ဇူလိုင် ၂၈ ရက်ထိ ဖွင့်လှစ်ပေးခဲ့ပြီး မြစ်ကြီးနားမြို့နယ်တွင် အင်တာနက်၊ လျှပ်စစ်မီးပြန်လည်ကောင်းမွန်ခြင်းနှင့် ယာယီနေရပ်စွန့်ခွာ ပြည်သူအများစု ရောက်ရှိနေထိုင်မှုကြောင့် အဆိုပါရုံးခွဲမှ အရာထမ်း၊ အမှုထမ်းများကို မြစ်ကြီးနားမြို့သို့ ပြန်လည်ရွှေ့ပြောင်း တာဝန်ထမ်းဆောင်စေပြီး မြစ်ကြီးနားမြို့နယ်ရှိ ယာယီခိုလှုံရာစခန်းများ၌ နေထိုင်လျက်ရှိသည့် ဗန်းမော်ခရိုင်မှ ယာယီနေရပ်စွန့်ခွာ ပြည်သူများကို အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ် ထုတ်ပေးခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်စေခဲ့ပါကြောင်း။

ဗန်းမော်ခရိုင်မှ ယာယီနေရပ်စွန့်ခွာ၍ မန္တလေးမြို့၊ ပြင်ဦးလွင်မြို့အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးသို့ ရောက်ရှိနေထိုင်ကြသည့် ယာယီနေရပ်စွန့်ခွာပြည်သူများက အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ် လျှောက်ထားခြင်းကို မြစ်ကြီးနားမြို့နယ်သို့ လာရောက်လျှောက်ထားရန် မလိုအပ်ဘဲ ရောက်ရှိနေထိုင်သည့် မြို့နယ်ရုံးများသို့ ကာယကံရှင်ကိုယ်တိုင် သွားရောက်လျှောက်ထားနိုင်ပါကြောင်းနှင့် မိမိမူလနေထိုင်သည့် ကချင်ပြည်နယ်မှ အခြားတိုင်းဒေသကြီး၊ ပြည်နယ်များသို့ အိမ်ထောင်စုလူဦးရေစာရင်း မပြောင်းရွှေ့ပါက နိုင်ငံသားစိစစ်ရေးကတ် စတင်ဆောင်ရွက်သူများကို ကချင်ပြည်နယ်သင်္ကေတဖြင့်သာ ထုတ်ပေးဆောင်ရွက်လျက်ရှိသဖြင့် နေရပ်စွန့်ခွာပြည်သူများကို ပြင်ဦးလွင်မြို့နယ်ဦးစီးမှူးရုံးက အိမ်ထောင်စုလူဦးရေစာရင်းမိတ္တူနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးရှိ ကချင်ပြည်နယ်(ယာယီရုံးခွဲ)ကို ၂၀၂၅ ခုနှစ် ဇူလိုင် ၂၈ ရက်ထိ ဖွင့်လှစ်ပေးခဲ့ပြီး မြစ်ကြီးနားမြို့နယ်တွင် အင်တာနက်၊ လျှပ်စစ်မီးပြန်လည်ကောင်းမွန်ခြင်းနှင့် ယာယီနေရပ်စွန့်ခွာ ပြည်သူအများစု ရောက်ရှိနေထိုင်မှုကြောင့် အဆိုပါရုံးခွဲမှ အရာထမ်း၊ အမှုထမ်းများကို မြစ်ကြီးနားမြို့သို့ ပြန်လည်ရွှေ့ပြောင်း တာဝန်ထမ်းဆောင်စေပြီး မြစ်ကြီးနားမြို့နယ်ရှိ ယာယီခိုလှုံရာစခန်းများ၌ နေထိုင်လျက်ရှိသည့် ဗန်းမော်ခရိုင်မှ ယာယီနေရပ်စွန့်ခွာ ပြည်သူများကို အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ် ထုတ်ပေးခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်စေခဲ့ပါကြောင်း။

ဗန်းမော်ခရိုင်မှ ယာယီနေရပ်စွန့်ခွာ၍ မန္တလေးမြို့၊ ပြင်ဦးလွင်မြို့အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးသို့ ရောက်ရှိနေထိုင်ကြသည့် ယာယီနေရပ်စွန့်ခွာပြည်သူများက အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ် လျှောက်ထားခြင်းကို မြစ်ကြီးနားမြို့နယ်သို့ လာရောက်လျှောက်ထားရန် မလိုအပ်ဘဲ ရောက်ရှိနေထိုင်သည့် မြို့နယ်ရုံးများသို့ ကာယကံရှင်ကိုယ်တိုင် သွားရောက်လျှောက်ထားနိုင်ပါကြောင်းနှင့် မိမိမူလနေထိုင်သည့် ကချင်ပြည်နယ်မှ အခြားတိုင်းဒေသကြီး၊ ပြည်နယ်များသို့ အိမ်ထောင်စုလူဦးရေစာရင်း မပြောင်းရွှေ့ပါက နိုင်ငံသားစိစစ်ရေးကတ် စတင်ဆောင်ရွက်သူများကို ကချင်ပြည်နယ်သင်္ကေတဖြင့်သာ ထုတ်ပေးဆောင်ရွက်လျက်ရှိသဖြင့် နေရပ်စွန့်ခွာပြည်သူများကို ပြင်ဦးလွင်မြို့နယ်ဦးစီးမှူးရုံးက အိမ်ထောင်စုလူဦးရေစာရင်းမိတ္တူနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

ယင်းနောက် မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၂) ဒေါ်ခင်ဆွေ၏ **ပြည်သူလူထု၏ ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် ပလတ်စတစ်ထုတ်ကုန်များ၊ အထူးသဖြင့် ကြွေပဲကြွပ်အိတ်များ ထုတ်လုပ်၊ တင်သွင်း၊ ရောင်းချ၊ အသုံးပြုမှုကို အဆင့်လိုက် လျှော့ချကန့်သတ်နိုင်ရေး ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးကြသည်။

တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၂) ဦးဝေယံမျိုးက ကမ္ဘာ့နိုင်ငံအများအပြားသည် ပလတ်စတစ်အမှိုက်ပြဿနာကို ဖြေရှင်းရန် ဥပဒေအရတားဖြစ်ခြင်း၊ အခွန်အခကောက်ခံခြင်းနှင့် စီးပွားရေးဆိုင်ရာမက်လုံးပေးခြင်းစသည့် မူဝါဒအမျိုးမျိုးကို ကျင့်သုံးလျက်ရှိရာ မြန်မာနိုင်ငံအတွက် အရေးကြီးသော သင်ခန်းစာများကို လေ့လာရရှိနိုင်ပါကြောင်း၊ ဥပဒေဖြင့် လုံးဝတားမြစ်ခြင်းတစ်ခုတည်းဖြင့် မလုံလောက်ဘဲ ဈေးကွက်အတွင်း သင့်တင့်သော အစားထိုးပစ္စည်းများ လုံလောက်စွာ ရရှိစေရေး၊ စီးပွားရေးဆိုင်ရာ စည်းမျဉ်းများကျင့်သုံးရေးနှင့် အဆင့်လိုက်အကောင် အထည်ဖော်ရေးတို့ကို ပေါင်းစပ်ဆောင်ရွက်မှသာ ရေရှည်တည်တံ့သော အောင်မြင်မှုကိုရရှိနိုင်မည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၏ လက်ရှိလူမှုစီးပွားရေးအခြေအနေ၊ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုယန္တရားနှင့် အသေးစားစီးပွားရေးလုပ်ငန်းများ၏အခြေအနေအရ ရုတ်တရက် လုံးဝပိတ်ပင်ခြင်းထက် သုံးနှစ်မှ ငါးနှစ်အတွင်း အဆင့်လိုက်လျှော့ချမည့် မူဝါဒအစီအမံသည် အကောင်အထည်ဖော်ရန် အသင့်တော်ဆုံးနည်းလမ်းဖြစ်ပါကြောင်း၊ ပလတ်စတစ်အိတ်များကို တားမြစ်ရာတွင် ဈေးကွက်၌

စာမျက်နှာ ၁၀ သို့

စာမျက်နှာ ၉ မှအဆက်

အစားထိုးပစ္စည်း လုံလောက်စွာရရှိရန် လိုအပ်ပါကြောင်း၊ ပြည်တွင်း၌ ထွက်ရှိသော သဘာဝကုန်ကြမ်းများ(ဝါး၊ ကြိမ်၊ စက္ကူ၊ အုန်းဆံ၊အင်ဖက်၊ ငှက်ပျောဖက်) တို့ဖြင့် ပြုလုပ်သော အိတ်များနှင့် ဆွေးမြည့်လွယ်သော Bioplastics ထုတ်လုပ်သည့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို အသေးစား ချေးငွေပံ့ပိုးပေးခြင်း၊ နည်းပညာကူညီပေးခြင်းနှင့် အခွန်ကင်းလွတ်ခွင့်များ ပေးအပ်ရမည်ဖြစ်ပါကြောင်း၊ ပြည်သူလူထု၏ ကျန်းမာရေးနှင့်သဘာဝပတ်ဝန်းကျင်ကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ကယားပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၂) ဒေါ်မာရီအားမူက ပလတ်စတစ်၏ အသုံးဝင်မှုကိုသာ အလေးထားအသုံးပြုပြီး စနစ်တကျ စွန့်ပစ်မှုမရှိခြင်း၊ တစ်ခါသုံးပစ္စည်းများကို အလွန်အကျွံ အသုံးပြုခြင်း၊ Recycle စနစ်များ အားနည်းခြင်းတို့ကြောင့် သဘာဝပတ်ဝန်းကျင်အပေါ်သို့ တဖြည်းဖြည်း ဆိုးကျိုးများ ကြီးမားများပြားလာသည်ကို တွေ့မြင်ရပါကြောင်း၊ အချို့သော ကမ္ဘာ့နိုင်ငံများသည် ပလတ်စတစ်ညစ်ညမ်းမှုလျှော့ချရန် ဥပဒေမူဝါဒနှင့် လုပ်ငန်းစီမံချက်များ ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဥပဒေပြဋ္ဌာန်းခြင်းနှင့်မလုံလောက်ဘဲ ပြည်သူလူထုကို အသိပညာပေးခြင်းနှင့် အလေ့အကျင့်များ ပြောင်းလဲရေး၊ အစားထိုးပစ္စည်းများရရှိနိုင်ရေး၊ အမှိုက်သိမ်းဆည်းရေးစနစ်နှင့် စည်းကမ်းဖောက်ဖျက်သူများကို အရေးယူကြပ်မတ်စေရေးတို့ကို ပေါင်းစပ်ဆောင်ရွက်ကြသည်ကို လေ့လာတွေ့ရှိရပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့်လည်း နိုင်ငံတကာ၏အတွေ့အကြုံကောင်းများကို လေ့လာပြီး မိမိတို့နိုင်ငံ၏ စီးပွားရေးအခြေအနေနှင့်ကိုက်ညီသော မူဝါဒများကို အဆင့်လိုက် အကောင်အထည်ဖော်သင့်ပါကြောင်း၊ ပလတ်စတစ်အသုံးပြုမှုလျှော့ချရေး၊ စနစ်တကျစွန့်ပစ်ခြင်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့ကို နိုင်ငံတော်အဆင့် လူမှုအဖွဲ့အစည်းအဆင့်နှင့် တစ်ဦးချင်းအဆင့်ထိ ပူးပေါင်းဆောင်ရွက်နိုင်ပါရန် အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ပဲခူးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၂) ဦးမင်းစိန်က ပလတ်စတစ်ကြွပ်ကြွပ်အိတ်ထဲကို ပူနွေးသောအာဟာရများ၊ ဟင်းရည်များ၊ လက်ဖက်ရည်၊ ကော်ဖီ စသည့် အပူရည်များကို ထည့်သွင်းအသုံးပြုခြင်းဖြင့် ပလတ်စတစ်နှင့် အပူဓာတ်ပြုပြီး ကင်ဆာဖြစ်စေနိုင်သော ဓာတုပစ္စည်းများကို ရေရှည်စားသုံးမိပါက ဟော်မုန်းစနစ်ကိုထိခိုက်စေပြီး ကိုယ်ခံအားကျဆင်းခြင်းနှင့် ကင်ဆာရောဂါအပါအဝင် အခြားသောနာတာရှည်ရောဂါများ ဖြစ်ပွားနိုင်ခြေကို မြင့်မားစေပါကြောင်း၊ ပလတ်စတစ်အိတ်များကို မီးရှို့ဖျက်ဆီးသည့်အခါ လူ့ကျန်းမာရေးကို ထိခိုက်စေနိုင်သည့် အဆိပ်အတောက်ဖြစ်စေသော ဓာတ်ငွေ့များ ထွက်ပေါ်လာပြီး လေထုကိုညစ်ညမ်းစေသောကြောင့် ပလတ်စတစ်များသည် လူနှင့် သတ္တဝါများ၏ ကျန်းမာရေးကို ထိခိုက်စေရုံသာမက အသက်အန္တရာယ်ကိုပါခြိမ်းခြောက်နေပါကြောင်း။

နေ့စဉ်ဘဝတွင် ပလတ်စတစ်ကြွပ်ကြွပ်အိတ်သုံးစွဲမှုကို တတ်နိုင်သမျှလျှော့ချနိုင်ရန်အတွက် သဘာဝပစ္စည်းများကို အစားထိုးအသုံးပြုခြင်းနှင့် အသုံးပြုပြီး ပလတ်စတစ်ကြွပ်ကြွပ်အိတ်များကို စနစ်တကျစွန့်ပစ်၊ ပြန်လည်သိမ်းဆည်း၍ ကျန်းမာရေးကို မထိခိုက်စေသော လူသုံးကုန်ပစ္စည်းများ ပြန်လည်ပြုလုပ်အသုံးပြုခြင်းဖြင့် မိမိတို့၏ ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်နိုင်မည်ဖြစ်သောကြောင့် အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

အဆိုနှင့်စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင်ဦးက ပလတ်စတစ်ညစ်ညမ်းမှုပြဿနာကို မြန်မာနိုင်ငံတစ်နိုင်ငံတည်း သာမက ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာပြဿနာတစ်ရပ်အဖြစ် ဖြေရှင်းဆောင်ရွက်နိုင်ရေး ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများ ပင်လယ်အတွင်းသို့ ရောက်ရှိမှုကို လျှော့ချရန်နှင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုများ အားကောင်းလာစေရန်အတွက် လျှော့ချခြင်း၊ ပြန်လည်အသုံးပြုခြင်း၊ ပြန်လည်ပြုပြင်ထုတ်လုပ်ခြင်း (Reduce – Reuse – Recycle 3Rs) နှင့် ပတ်လည်စီးပွားရေး (Circular Economy)တို့ကို ဖော်ဆောင်ရန် သက်ဆိုင်ရာအစိုးရဌာနများ၊ ပုဂ္ဂလိကကဏ္ဍ၊ လူမှုအဖွဲ့အစည်းများနှင့် ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း။

ပလတ်စတစ်လျှော့ချရေး ရည်မှန်းချက်များဖြစ်သည့် ပလတ်စတစ်စွန့်ပစ်ပစ္စည်းထွက်ရှိမှုလျှော့ချရန်၊ စွန့်ပစ်ပစ္စည်းများ ပတ်ဝန်းကျင်သို့ ရောက်ရှိမှုလျှော့ချရန်နှင့် ပြန်လည်အသုံးပြုမှု(Recycle) အားပေးရန် အမျိုးသားအဆင့် ပလတ်စတစ်စီမံခန့်ခွဲမှုလုပ်ငန်းအစီအစဉ် ၂၀၂၆–၂၀၃၅ ကို ၂၀၂၅ ခုနှစ်တွင် ထုတ်ပြန်ခဲ့ပါကြောင်း၊ အဆိုပါလုပ်ငန်းအစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ကာလတို ၂၀၂၆–၂၀၂၈၊ ကာလလတ် ၂၀၂၆–၂၀၃၀၊ ကာလရှည် (၂၀၂၆–၂၀၃၅)ဟူ၍ အချိန်ကာလများသတ်မှတ်ပြီး ထုတ်လုပ်သူ၊ ရောင်းချသူနှင့် သုံးစွဲသူအားလုံးပါဝင်သည့် တာဝန်ယူမှုစနစ်တစ်ရပ် တည်ဆောက်သွားမည်ဖြစ်ရာ တစ်ခါသုံးပလတ်စတစ်ပစ္စည်းများ ကန့်သတ်ရေးဆိုင်ရာလုပ်ငန်းအဖွဲ့၊ Extended Producer Responsibility– EPR စနစ် အကောင်အထည်ဖော်ရေးလုပ်ငန်းအဖွဲ့၊ ပလတ်စတစ်ကုန်ကြမ်း၊ ကုန်ချောတင်သွင်းခြင်းဆိုင်ရာ လုပ်ငန်းအဖွဲ့ သုံးဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ထုတ်လုပ်မှုနှင့် တင်သွင်းမှုစိစစ်ကြပ်မတ်ခြင်းနှင့် ပတ်သက်၍ ပြန်လည်အသုံးပြုနိုင်သော ပလတ်စတစ်ဖြတ်စ (Recycle Plastic Scrap) တင်သွင်း၊ တင်ပို့ခြင်းကို ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ ရောနှောပါဝင်မှုမရှိဘဲ စက်ရုံများတွင် ပြန်လည်ဆန်းသစ်အသုံးပြုနိုင်သည့် ကုန်ကြမ်းများအဖြစ် သန့်စင်ပြီးကုန်ကြမ်းများကို စိစစ်ခွင့်ပြုလျက်ရှိပါကြောင်း၊ စက်ရုံလုပ်ငန်းအရွယ်အစားအလိုက် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း လုပ်ငန်းစဉ်(Environmental Impact Assessment) ဆောင်ရွက်ထားခြင်းရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးခြင်းများကိုလည်း စနစ်တကျဆောင်ရွက်လျက်ရှိပါကြောင်း။

ပလတ်စတစ်များ၊ အထူးသဖြင့် ကြွပ်ကြွပ်အိတ်များထုတ်လုပ်သုံးစွဲမှုနှင့်ပတ်သက်ပြီး ပြည်သူလူထုကို အသိပညာပေးခြင်း၊ လူထုလှုပ်ရှားမှုများနှင့် ဒေသန္တရအစီအစဉ်များကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ စံနမူနာပြအကောင်အထည်ဖော်မှုအနေဖြင့် ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်တို့တွင် ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး လက်တွေ့ဆောင်ရွက်ချက်ဖြစ်သည့် Sunday Stop၊ Monday Stop အစီအစဉ်များအဖြစ် အပတ်စဉ် ပလတ်စတစ်နှင့် ကြွပ်ကြွပ်အိတ်မသုံးစွဲရန့်အဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ပလတ်စတစ်ထုတ်လုပ်သည့် ဓာတုကုန်ကြမ်းများ စိစစ်နိုင်ရန်အတွက် စက်မှုနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ လုပ်ငန်းလိုင်စင်၊ မှတ်ပုံတင်နှင့် စံချိန်စံညွှန်းထောက်ခံချက်များကို ပူးပေါင်းစိစစ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများမှ ထွက်ရှိသော စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုဆိုင်ရာ စံပြုလုပ်ထုံးနှင့် လုပ်ငန်းလမ်းညွှန်ဆိုင်ရာကိစ္စများ ဆောင်ရွက်လျက်ရှိပါကြောင်း။

ပင်လယ်ကမ်းရိုးတန်းဒေသရှိ စက်မှုနှင့် မြို့ပြလုပ်ငန်းဆိုင်ရာစွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုစနစ် လုပ်ငန်းစဉ်အဆင့်ဆင့် လိုက်နာဆောင်ရွက်ရမည့် စံပြုလုပ်ထုံးလုပ်နည်းများ (Standard Operating Procedures–SOP)ကို အကောင်အထည်ဖော်ရာတွင် နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှုဗဟိုကော်မတီ၏ ဦးဆောင်လမ်းညွှန်ကြီးကြပ်မှုဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ ဆက်စပ်ဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး အဏ္ဏဝါပတ်ဝန်းကျင်ညစ်ညမ်းမှုကို ထိရောက်စွာကာကွယ်နိုင်ရေး ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံတကာကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များ၊ ဥပဒေ၊ မူဝါဒများ၊ အမျိုးသားအဆင့် ပလတ်စတစ်စီမံခန့်ခွဲမှုလုပ်ငန်းအစီအစဉ် ၂၀၂၆–၂၀၃၅ နှင့်အညီ တစ်ခါသုံးပလတ်စတစ်ပစ္စည်းများနှင့် ကြွပ်ကြွပ်အိတ်များ သုံးစွဲမှုလျှော့ချရေးအတွက် စနစ်တကျဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်သူလူထုအတွင်း အသိပညာပေးခြင်းနှင့် ပလတ်စတစ်အစားထိုးပစ္စည်းများ ပိုမိုအသုံးပြုလာစေရေး အားပေးမြှင့်တင်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ပလတ်စတစ်ပစ္စည်းများ ထုတ်လုပ်ခြင်းနှင့် တင်သွင်းခြင်းဆိုင်ရာ ကန့်သတ်ထိန်းချုပ်မှုများ အကောင်အထည်ဖော်နိုင်ရေးအတွက် သက်ဆိုင်ရာကော်မတီများ၊ ဆက်စပ်ဝန်ကြီးဌာနများနှင့် ညှိနှိုင်းပူးပေါင်း၍ အဆင့်လိုက်စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုရှင်၏ သဘောထားကို မေးမြန်းရာ အဆိုရှင်က အဆိုကို အတည်ပြုပေးပါရန် ပြောကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုကို အတည်ပြုရန် လွှတ်တော်၏သဘောထားရယူရာ သဘောတူသည့်အတွက် အဆိုကို အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၁၆ ရက်မြောက်နေ့ကို နိုဝင်ဘာ ၁၁ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
(၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
(၁) ၀၉-၃၄၉၀၃၅၈၄၇၊ ၀၉-၃၄၉၀၃၄၄၈၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
(၁) ၀၅၈-၂၀၂၄၅၃၃၀၊ ၀၅၈-၂၀၂၃၅၃၁
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
(၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(စျ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂-၄၀၂၁၄၄၅၊ ၀၂-၄၀၂၁၄၄၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁-၂၁၄၄၅၄၀၊ ၀၈၁-၂၁၄၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂-၂၀၂၅၅၉၃၊ ၀၄၂-၂၀၂၅၅၉၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

အကယ်၍ ရုပ်ရှင်ဇာတ်ကားကို ရုပ်သံဇာတ်လမ်းအဖြစ် CANAL+ ZAT LENN Channel မှ ထုတ်လွှင့်သွားမည်



ရန်ကုန် နိုဝင်ဘာ ၉

အကယ်၍ ရုပ်ရှင်ဇာတ်ကားကို ရုပ်သံဇာတ်လမ်းအဖြစ် CANAL+ ZAT LENN Channel မှ နိုဝင်ဘာ ၂၂ ရက်တွင် ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း အဆိုပါ ရုပ်ရှင်ဇာတ်ကားတွင် ပါဝင်ထားသူ သရုပ်ဆောင်နေထွဋ်ထံမှ သိရသည်။

အကယ်၍ ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို အိမ်ထောင်ရေးနှင့်ကွာရှင်းမှုဆိုင်ရာ အကြံပေးဆရာမ ဝေမျိုးသစ်က ရေးသားပြီး အေးသီရိကိုက ဇာတ်ညွှန်းရေးသားထားကာ ဒါရိုက်တာ ပြည့်ဖြိုးနိုင်(PPN)က တာဝန်ယူ ပုံဖော်ရိုက်ကူးထားကြောင်း သိရသည်။

"ဒီဇာတ်ကားက အခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်တုန်းက ရုံတင်ပြသထားတဲ့ ဇာတ်ကားဖြစ်ပါတယ်။ ဖောက်ပြန်တာတစ်ခုတည်းကိုပဲ အသားပေးထားတဲ့ကား မဟုတ်ပါဘူး။ ကြင်ဖော်စီးရီးတွဲ နောက်ပိုင်းမှာ ကြင်ဖော်အဖွဲ့သား တွေနဲ့ ရုပ်ရှင်လေးရိုက်ပေးပါဆိုပြီး ပရိသတ်က တောင်းဆိုကြတော့ ဒီကားလေးကို ရိုက်ဖြစ်တာပါ။ သူဖောက်ပြန်လိုက်တဲ့ အတွက် ဘယ်လိုအကျိုးဆက်တွေ ဖြစ်လာသလဲ။ ဒီလို နောက်ဆက်တွဲကို မြင်ရမယ်။ ရုံတင်စဉ်က မကြည့်လိုက်ရသူတွေနဲ့ ထပ်မံကြည့်ရှုလိုသူတွေအတွက် CANAL+ ZAT LENN Channel ကနေ မကြာခင် ထုတ်လွှင့်ပေးမှာပါ"ဟု သရုပ်ဆောင် နေထွဋ်က ပြောပြသည်။

အကယ်၍ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် စိုင်းစည်တွမ်ခမ်း၊ နေထွဋ်၊ အရိုင်း၊ မောင်ကင်း၊ ရဲခေါင်ဗလ၊ စိုးပြည့်သင်၊ မေမြင့်မိုရ်၊ မေပန်းချီ၊ ဆုမြတ်နိုးဇင်၊ အထူးဧည့်သည်သရုပ်ဆောင် နေ့သစ်အေးအောင်၊ ခင်ဇာခြည်ကျော်နှင့် အနုပညာရှင် များစွာ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

A 24 ရုပ်ရှင်ကုမ္ပဏီ၏ Goblin ဇာတ်ကား၌ မင်းသမီး ချေ့ရွှိဝမ်းဒါး ပါဝင်သရုပ်ဆောင်ဖွယ်ရှိ

နယူးယောက် နိုဝင်ဘာ ၉

A 24 ရုပ်ရှင်ကုမ္ပဏီ၏ Goblin ဇာတ်ကား၌ မင်းသမီး ချေ့ရွှိဝမ်းဒါး ပါဝင်သရုပ်ဆောင်ဖွယ်ရှိကြောင်း နိုဝင်ဘာ ၈ ရက် သတင်းများအရ သိရသည်။

လက်ရှိအချိန်တွင် ချေ့ရွှိဝမ်းဒါးသည် Goblin ဇာတ်ကား၌ ပါဝင် သရုပ်ဆောင်ရေးအတွက် A 24 ရုပ်ရှင်ကုမ္ပဏီနှင့် ဆွေးနွေးနေကြောင်း သိရသည်။

မင်းသမီး ချေ့ရွှိဝမ်းဒါးသည် Apple စတူဒီယို၏ The Studio ဇာတ်လမ်းတွဲဖြင့် ထင်ရှားလာသည့် မင်းသမီးဖြစ်သည်။

Goblin ဇာတ်ကားကို ဒါရိုက်တာ ဒေးဗစ်မီကယ်ဆန်က တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး လက်ရှိအချိန်တွင် Goblin ဇာတ်ကား၏ ဇာတ်လမ်းဇာတ်အိမ် အသေးစိတ်ကို A 24 ရုပ်ရှင်ကုမ္ပဏီက လျှို့ဝှက်ထားဆဲ ဖြစ်ကြောင်း သိရသည်။

Goblin ဇာတ်ကား ရိုက်ကူးထုတ်လုပ်မှုလုပ်ငန်းကို လာမည့် နှစ်အတွင်း စတင်ရန် စီစဉ်ထားကြောင်း A 24 ရုပ်ရှင်ကုမ္ပဏီက ကြေညာချက်ထုတ်ပြန်ထားသည်။

မင်းသမီး ချေ့ရွှိဝမ်းဒါးသည် လက်ရှိအချိန်တွင် ဒါရိုက်တာ အိုလီဗီယာဝိုင်းရိုက်ကူးနေသော ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီ၏ Naughty ဇာတ်ကားတွင် သရုပ်ဆောင်နေကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



အသဲခွဲဘုရင်မရဲ့ အသဲကွဲရက်ရာဇာ တေးဂီတဖျော်ဖြေပွဲကို AQUILA THEATER Bar & Restaurant တွင် ပြုလုပ်မည်ဖြစ်



ရန်ကုန် နိုဝင်ဘာ ၉

တေးသံရှင် မေခလာ၊ ဝိုင်းစုခိုင်သိန်းတို့၏ အသဲခွဲဘုရင်မရဲ့ အသဲကွဲရက်ရာဇာ တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်ရှိ AQUILA THEATER Bar & Rrstaurant ၌ နိုဝင်ဘာ ၁၃ ရက်တွင် ပြုလုပ်မည်ဖြစ်ကြောင်း တေးသံရှင် ဝိုင်းစုခိုင်သိန်းထံမှ သိရသည်။

အဆိုပါ တေးသံရှင် မေခလာ၊ ဝိုင်းစုခိုင်သိန်းတို့၏ အသဲခွဲဘုရင်မရဲ့ အသဲကွဲရက်ရာဇာ တေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင်များ၏ သီဆိုဖျော်ဖြေမှုများကို Daily Gita Band တေးဂီတအဖွဲ့က အကောင်းဆုံး ပံ့ပိုးတီးခတ်ပေးမည်ဖြစ်ပြီး Here & Now Dancer Group မှ Dancer များကလည်း အကောင်းဆုံး Stage Performance ဖြင့် ဝန်းရံပေးသွားမည် ဖြစ်ကြောင်း သိရသည်။

"အသဲခွဲဘုရင်မရဲ့ အသဲကွဲရက်ရာဇာလို့ အမည်ပေးထားတဲ့ တေးဂီတဖျော်ဖြေပွဲကို နိုဝင်ဘာ ၁၃ ရက်မှာ ပြုလုပ်သွားမှာ ဖြစ်ပါတယ်။ ဒီပွဲမှာ ဝိုင်းစုနဲ့အတူတူ မငယ်လဲပါပါမယ်။ တီးခတ်ပေးမဲ့ တေးဂီတအဖွဲ့ကတော့ Daily Gita Band ဖြစ်ပါတယ်။ ဒါ့ပြင် Here & Now Dancer Group ရဲ့ အမိုက်စား Stage Performance ကိုလဲ ကြည့်ရှုအားပေးကြဖို့ အားလုံးနဲ့ ဆုံချင်ပါတယ်"ဟု တေးသံရှင် ဝိုင်းစုခိုင်သိန်းက ပြောပြ၍ သိရသည်။

ASH

Throttled ဒရာမာဇာတ်ကား၌ မင်းသား ရုမ်းဗလင်း ပါဝင်လာ

နယူးယောက် နိုဝင်ဘာ ၉

Amazon MGM စတူဒီယို၏ Throttled ဒရာမာဇာတ်ကား၌ မင်းသား ရုမ်းဗလင်း ပါဝင်လာကြောင်း နိုဝင်ဘာ ၈ ရက် သတင်းများအရ သိရသည်။

Throttled ဇာတ်ကားတွင် ရုမ်းဗလင်းသည် မင်းသမီး နီကိုဝဲလက်၊ မင်းသား ဂျို့ဟူစတန်တို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

Formula One ကားမောင်းပြိုင်ပွဲကို နောက်ခံထားသည့် Throttled ဇာတ်ကားသည် စာရေးဆရာမ လော်ရန်အက်ရှာ၏ Dirty Air ဝတ္ထုကို အခြေခံရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

အဆိုပါဇာတ်ကားကို ဒါရိုက်တာ ဇင်ဂါစတီးဝပ်က တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာမ မယ်လစ်ဆာအော့စဘွန်းက ရေးသားပေးထားကာ လက်ရှိအချိန်တွင် Throttled ဇာတ်ကား စတင်ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို Amazon MGM က ကြေညာခြင်း မရှိသေးပေ။

မင်းသားရုမ်းစလင်းသည် Godfather of Harlem ဇာတ်ကား၊ How to Get Away With Murder ဇာတ်ကားတို့၌ ပါဝင်သရုပ်ဆောင်ခဲ့သူဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



ခ ခရေကုံး မလေးပြိုး ရုပ်ရှင်ဇာတ်ကားကို နိုဝင်ဘာလတတိယပတ်တွင် နိုင်ငံတစ်ဝန်း အဆင့်မြင့်ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည်

ရန်ကုန် နိုဝင်ဘာ ၉

Bawat Film Production က ရိုက်ကူးထုတ်လုပ်သည့် ခ ခရေကုံး မလေးပြိုး ရုပ်ရှင်ဇာတ်ကားကို နိုဝင်ဘာလ တတိယပတ်တွင် နိုင်ငံတစ်ဝန်း အဆင့်မြင့်ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည်ဖြစ်ကြောင်း သရုပ်ဆောင်ဖူးစုံထံမှ သိရသည်။

အဆိုပါ ခ ခရေကုံး မလေးပြိုး ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို သရုပ်ဆောင် ဖူးစုံက ရေးသားထားကာ ဒါရိုက်တာ ကောင်းမြတ်ကျော်သူက ဇာတ်ညွှန်းရေးသားပြီး ဒါရိုက်တာ ကောင်းမြတ်ကျော်သူကပင် ဒါရိုက်တာအဖြစ် Bawat Film Production အတွက် တာဝန်ယူ ပုံဖော် ရိုက်ကူးပေးထားကြောင်း သိရသည်။

"ခ ခရေကုံး မလေးပြိုးက ဖူးစုံကိုယ်တိုင်ရေးထားတဲ့ ဇာတ်လမ်းပါ။ လွန်ခဲ့တဲ့ ၆ နှစ်လောက်က တည်းက ရေးသားထားတဲ့ ဇာတ်လမ်းပါ။ ပထမတော့ ဇာတ်လမ်းတွဲ ရိုက်ချင်တာပါ။ အဲဒီစိတ်ကူးလေးက အကောင်အထည်မဖော်ဖြစ်လိုက်ဘူး။ ဒါရိုက်တာနဲ့ ထုတ်လုပ်သူ ရှာရင်းကနေ ဇာတ်လမ်းတွဲ မဟုတ်တော့ဘဲ ရုပ်ရှင်ဇာတ်ကားကြီး ဖြစ်သွားတာပါ"ဟု သရုပ်ဆောင်ဖူးစုံက ပြောပြသည်။

အဆိုပါ ခ ခရေကုံး မလေးပြိုး ရုပ်ရှင်ဇာတ်ကားကို ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံတွင် ရိုက်ကူးထားခြင်းဖြစ်ပြီး သရုပ်ဆောင်များအဖြစ် ဖူးစုံ၊ ရွှေသမီး၊ မေတိုးခိုင်၊ အေးသန္တာဗို၊ ပိုးမီနှင့် အခြားသရုပ်ဆောင်များစွာ ပါဝင်ထားကြောင်း သိရသည်။

ASH

Vice President U Nyo Saw delivers speech at coordination meeting of Leading Committee for Organizing 2026 Kathina robe offering ceremony of Union government



Vice President U Nyo Saw delivers a speech at the coordination meeting of the Leading Committee for Organizing 2026 Kathina robe offering ceremony of the Union government.

Nay Pyi Taw November 9

The coordination meeting of the Organizing Committee for the 2026 Kathina Robe Offering Ceremony of the Government of the Republic of the Union of Myanmar was held at 2 p.m. today at the meeting hall of the Ministry of Religious Affairs, Office No. (31), in Nay Pyi Taw. Vice President U Nyo Saw, Patron of the Organizing Committee for the 2026 Kathina Robe Offering Ceremony, attended the meeting and delivered the opening remarks.

The meeting was also attended by Union Minister for Religious Affairs U Tin Oo Lwin, the Nay Pyi Taw Council Chairman, the commander of Nay Pyi Taw Command, deputy ministers, members of the leading committee and work committee, and departmental officials.

At the meeting, the Vice President provided detailed explanations regarding the arrangements for holding the 2026 Kathina Robe Offering Ceremony of the Government of the Republic of the Union of Myanmar, including inviting the Chairman Sayadaw of the State Sangha Maha Nayaka Committee, and venerable members Sayadaws, together with members of the Sangha, to preside over the ceremony and offer Kathina robes along with various accompanying offertory items, arrangements for ensuring the comfort and well-being of the senior Sayadaws residing in the four Sangharama monasteries, including coordination of water and electricity supplies, sanitation and cleaning services, and landscaping and greening activities, the offering of breakfast and midday meals to the Sayadaws attending the ceremony, the need for the respective committees to ensure that the meals and accompanying dishes are hygienic and suitable for their health, opening of Western medicine and traditional medicine clinics at Sangharama Monastery Building No. 2, as in previous years, to provide healthcare services to the senior Sayadaws, the need to prepare the Padethapin (ceremonial offertory trees) in an elegant and reverential manner, and to make systematic arrangements for transporting them to the monastery designated to receive the Kathina offerings.

The Vice President stressed that, as this is a state-level ceremony, all subcommittees must systematically manage and coordinate their respective responsibilities, ensure that no tasks are overlooked, and conduct advance rehearsals. He also urged all relevant committees to make thorough and systematic preparations to ensure that the grand Kathina Robe Offering Ceremony is held in a dignified and magnificent manner.

Next, the Chairman of the Organizing Committee, the Union Minister, the Chairman of the Working Committee, the Deputy Minister, and the chairpersons of the respective subcommittees and officials reported on the preparations made, tasks completed and further activities to be undertaken by their respective committees to ensure the successful holding of the 2026 Kathina Robe Offering Ceremony of the Government.

The Vice President reviewed the reports, coordinated and facilitated the necessary arrangements, and delivered the concluding remarks before bringing the meeting to a close.

MNA

Systematic demolition of illegal buildings used in online scam/gambling in Shwe Kokko (Part-II) continues

Systematic demolition continues on a five-storey building used in online gambling operations in Shwe Kokko Part-II.



Before demolition.







Demolition underway using heavy machinery.

Nay Pyi Taw November 9

In cooperation with neighboring and regional countries, the government has taken measures to completely eradicate online scams and gambling, which have posed a threat to the global socioeconomic arena and national security, and systematically carried out total demolition of illegal buildings in Shwe Kokko, where most of online scams and gambling were operated, so that they cannot be used again for such crimes.

In doing so, mechanical demolition of a 5-storey building and a 6-storey one among those used in online scams and gambling and left for dismantling in Shwe Kokko (Part-II) completed up to 60 percent and 10 percent respectively today.

A total of 63 buildings used in online scams and gambling and left for dismantling in Shwe Kokko (Part-II) were scheduled for mechanical demolition, detonation and dismantling manually floor by floor due to their proximity to residences and systematic demolition works were being carried out. The dismantling of 10 buildings including four buildings scheduled for detonation and six buildings for mechanical demolition completed and plans are underway to systematically demolish the remaining 53 buildings.

100

Tatmadaw columns attack and destroy bases of KNU/KNLA joint forces, including the special military region headquarters of NUG and CRPH terrorist insurgents based around the border area of Mon State and Bago Region






Arms, ammunition, mines, and related equipment seized from terrorist insurgents.



Arms, ammunition, mines, and related equipment seized from terrorist insurgents.



Drones, body armour, ballistic helmets, and other supplies seized from terrorist insurgents.



Tatmadaw columns attack and capture bases of NUG, CRPH, and KNU/KNLA terrorist groups in the Theinzayat–Kyaikto and Shwegyin areas.



Bombs, office equipment, vehicles, and other related items seized from terrorist insurgents.



Tatmadaw columns capture base camps, foxholes, and bunkers of NUG, CRPH, and KNU/KNLA terrorist groups in the Theinzayat–Kyaikto and Shwegyin areas.



Tatmadaw columns capture base camp, foxholes, and bunkers of NUG, CRPH, and KNU/KNLA terrorist groups in the Theinzayat–Kyaikto and Shwegyin areas.

Nay Pyi Taw November 9

Tatmadaw columns systematically advanced, attacked, and destroyed the bases of the combined group of terrorist insurgents—including KNU and KNLA alongside CRPH, NUG, and their subordinate so-called PDF—who were hiding and carrying out subversive acts within Kyaikto Township and Shwegyin Township along the border of Mon State and Bago Region.

Operating from rugged, mountainous terrain with difficult access across the Theinzayat–Kyaikto area of Mon State and the border areas of Bago Region, the combined terrorist insurgent elements—comprising KNU, KNLA, CRPH, NUG, and their subordinate so-called PDF—used profits obtained through various unlawful, dishonest means to produce handmade mortars, handmade firearms, ammunition, and explosive materials used in destructive operations. Relying on armed strength, they bullied local ethnic people who earn an honest living and established temporary bases within and around local villages.

During their temporary dominance and stationing in those areas, the terrorist insurgent coalitions committed unlawful acts, including constructing sandbag bunkers at civilians' homes, religious buildings, and schools, collecting extortion money, forcibly recruiting new members, and accusing local civilians, Buddhist monks, and loyal civil servants from non-supporting villages of being dalans (informants), subsequently arresting, torturing, and murdering them.

Furthermore, they cruelly and viciously carried out terrorist activities such as extorting freight trucks and passenger vehicles transporting local civilian goods, planting landmines on transport routes, blowing up and destroying roads and bridges, and arbitrarily arresting and killing travelers, which severely impacted and harmed the socioeconomic lives of local ethnic people.

In collaboration with KNU and KNLA, the NUG and CRPH opened a "Special Military Region Headquarters" of the NUG northeast of Theinzayat town in Kyaikto Township, Mon State, within Shwegyin Township of Bago Region, to command terrorist activities. Based on precise information provided by responsible local civilians, Tatmadaw columns carried out necessary assembly and preparations in Theinzayat to launch a Counter-Terrorism Operation. Starting November 3, split military columns systematically executed area security operations in stages. On November 5, they captured one temporary base of the terrorist insurgents near Kawkat village, northeast of Theinzayat. On November 6, they captured another temporary base near Kawhteehta village, northeast of Theinzayat. On November 7, near Kawhteehta village, northeast of Theinzayat, they captured four temporary bases of the terrorist insurgents, including the headquarters of KNU/KNLA Brigade 1, Battalion 3.

Continuing relentless day-and-night efforts to prevent the terrorist insurgents from taking refuge, Tatmadaw columns on November 8 further attacked and captured five more bases, including the Special Military Region Headquarters of the NUG and CRPH terrorist insurgents, around Hteeklar Stream near Point 480 Hill inside Shwegyin Township, Bago Region, northeast of Theinzayat, Mon State.

During operations to seize these positions, four armed clashes broke out. Tatmadaw columns successfully captured 11 terrorist base sites of the KNU/KNLA and the NUG/CRPH Special Military Region Headquarters. A large haul of materiel and equipment was seized from the terrorist insurgents, including 97 assorted small arms and weapons, 12,285 rounds of assorted ammunition, 362 drop bombs, 139 assorted mines, two four-wheel-drive (4x4) vehicles, drones, hand grenades, mortar and artillery bombs, detonators, and communication devices. Forces also seized foxholes, bunkers, living huts, accessories used in explosive terrorist demolitions, rations, office supplies including computers, insurgent camouflage uniforms, bulletproof vests, helmets, medicines, medical supplies, and numerous other utensils. The terrorist insurgents suffered heavy casualties and losses, fleeing in disarray without a clear destination.

To ensure that armed terrorist insurgents who disturb and destroy national peace, stability, and regional development through diverse means cannot base themselves anywhere to commit cruel, lawless acts of terror, the Tatmadaw is conducting Counter-Terrorism Operations in cooperation with responsible local citizens. It is further reported that necessary area security operations will continue at an accelerated pace to prevent terrorist insurgents from taking refuge in the Theinzayat–Kyaikto region. 100

15 Illegal Chinese nationals arrested near Nongwo Village in Kyethi Township along with online gambling and scam equipment

Apprehension of illegal foreign nationals committing online scam and gambling operations, along with work-related equipment, near Naung Wuu Village, Kyethi Township, Southern Shan State.



Record photo of the 15 detained illegal Chinese males and confiscated operational accessories.



Record photo of the seized temporary workshop tarpaulin tent.

Nay Pyi Taw November 9

The State government regards identifying, preventing, and taking action against online fraud and gambling operations—which severely threaten and harm the socio-economic lives of not only local communities but humanity worldwide—as a national duty. Furthermore, effective operations to locate, arrest, and take legal action against offenders are being conducted in close coordination with neighboring governments.

Acting on information regarding online fraud and gambling activities within Kyethi Township, Shan State, (South) a joint team including security forces conducted investigation and search operations. At around 2:00 PM today, approximately 2,500 meters south of Nongwo Village in Kyethi Township, security forces arrested 15 illegal Chinese nationals engaged in online fraud and gambling. Along with the suspects, authorities seized equipment used in the crimes, including two 40ft x 20ft temporary living huts, one 40ft x 30ft temporary workshop, one 20ft x 20ft temporary kitchen, one 30ft x 30ft water tank, one generator, one freezer, two stand fans, six routers, two All-In-One computers, two Starlink units, 40 assorted mobile phones, and 40 plastic chairs.

Necessary investigations into the arrested individuals are underway, after which effective and severe legal action will be taken in accordance with existing laws. Seized operational equipment will also be processed following established procedures. 100

Farmers harvest all sown acreage of sweet corns in Kawlin District



Farmers seen harvesting sweet corn in a field.

Kawlin November 9

Local farmers have harvested all sown acreage of sweet corns in Kawlin district of Sagaing Region, according to the district Agriculture Department.

A total of 1,552 acres of sweet corn were cultivated in Kawlin District during this year's monsoon crop-growing season. Harvesting began in September, and all cultivated acres have now been fully harvested, with a yield of more than 13,000 ears of corn per acre, according to the Kawlin District Agriculture Department.

"This year, 1,552 acres of sweet corn were cultivated in Kawlin District during the monsoon crop-growing season. All the cultivated acres have now been fully harvested. We provided farmers with agricultural awareness and guidance to ensure successful crop production and prevent pest and disease infestations," said Daw Mar Cho, Head of the Kawlin District Agriculture Department.

Of the total harvested sweet corn acreage in Kawlin District, 737 acres were in Kawlin Township, 561 acres in Wuntho Township and 254 acres in Pinlebu Township, bringing the total to 1,552 acres.

This year, the Township Agriculture Departments provided sweet corn farmers in Kawlin District with training courses, field demonstrations and agricultural awareness programmes. These included preventive measures against fall armyworm infestations and the use of neem-based pesticides and ginger- and chilli-based pest control solutions as part of an integrated pest management system.Sweet corn cultivation in Kawlin District produces approximately 15,000 ears per acre, with cultivation costs exceeding K500,000 per acre. 206

Labutta Township sells 53,000 viss of Pla Tuu fish to Yangon market in October

Labutta November 9

Daw Tin Nwe, the owner of seafood trading depot in Labutta Township of Ayeyawady Region, said that local merchants from Labutta Township supplied a large volume of Pla Tuu fish to Yangon market in October.

Labutta Township exported and sold 53,000 viss of Pla Tuu fish to the Yangon market in October this year, up from only 40,000 viss in September. Demand for Pla Tuu fish has been strong in the Yangon market, and the fish supplied from the area are caught naturally from local waters, according to local traders.

"Demand for Pla Tuu fish was strong last month, both in the domestic market and other markets. We also exported and sold larger quantities than in previous months. In addition to other aquatic products, Pla Tuu fish are also shipped from Labutta Township. Most of the Pla Tuu fish caught in Labutta are supplied to the Yangon market. With trading becoming more active than usual, fishermen and traders are benefiting from increased employment opportunities and improved livelihoods," said Daw Tin Nwe.

Pla Tuu fish supplied from Labutta Township to the Yangon market are fetching prices ranging from K17,500 to K22,000 per viss. Local aquatic products traders purchase various kinds of fish, shrimp and crabs, including Pla Tuu fish, and systematically clean and package them before transporting them to Yangon for sale.

Kyaw Kyaw Lin

Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

နော်ဝေလေတပ်က NASAMS စနစ်၏အာရုံခံထောက်လှမ်းရေးကိရိယာများ ရုရှားနယ်စပ်အနီးတွင် ဖြန့်ကြက်



နော်ဝေလေတပ်သည် မောင်းသူမဲ့လေယာဉ်များကို ရှာဖွေထောက်လှမ်းနိုင်ရန် NASAMS လေကြောင်းရန်ကာကွယ်ရေးစနစ်၏ အာရုံခံထောက်လှမ်းရေးကိရိယာများကို ရုရှားနယ်စပ်အနီးရှိ Kirkenes မြို့တွင် ဖြန့်ကြက်ချထားခဲ့ကြောင်း နော်ဝေနိုင်ငံကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ချက်ကို ကိုးကား၍ The Defence Blog သတင်းဌာနက နိုဝင်ဘာ ၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ထို့ပြင် ရုရှားနိုင်ငံနှင့် ၁၉၈ ကီလိုမီတာ ရှည်လျားသောနယ်စပ်ကို လုံခြုံရေးတာဝန် ယူထားသည့် Sor-Varanger တပ်ရင်းသို့ စစ်သည်အင်အား ၃၀ ကျော် ထပ်မံဖြည့်တင်းသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဆောင်ရွက်ချက်သည် ကြိုတင်ကာကွယ်ရေး အစီအမံတစ်ရပ်သာဖြစ်ပြီး အသစ်ပေါ်ပေါက်လာသည့် သီးခြားခြိမ်းခြောက်မှုတစ်ခုကို တုံ့ပြန်ဆောင်ရွက်ခြင်းမဟုတ်ကြောင်း နော်ဝေကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

တပ်ဖြန့်ချထားခဲ့သည့် အာရုံခံကိရိယာများသည် မောင်းသူမဲ့လေယာဉ်များကို ရှာဖွေထောက်လှမ်းခြင်း၊ သတိပေးချက်ထုတ်ပြန်ခြင်းနှင့် နော်ဝေနိုင်ငံ၏ မြောက်ဘက်အကျဆုံး Finnmark ဒေသအတွင်း ပျံသန်းနေသည့် လေကြောင်းပစ်မှတ်များအကြောင်း ပိုမိုပြည့်စုံစွာ သိရှိစေရန် ရည်ရွယ်ထားကြောင်း သိရသည်။

အခြားနိုင်ငံများတွင် မောင်းသူမဲ့လေယာဉ်များသည် လမ်းကြောင်းလွဲမှား ပျံသန်းမှုများ ဖြစ်ပေါ်ခဲ့သည်ကို တွေ့မြင်ခဲ့ရကြောင်း၊ နော်ဝေနိုင်ငံအနေဖြင့် ၎င်းကိစ္စကို အလေးအနက်ထားဆောင်ရွက်လျက်ရှိကြောင်း၊ လက်ရှိအချိန်တွင် နော်ဝေနိုင်ငံနှင့် Finnmark ဒေသနေ ပြည်သူများအပေါ် လေကြောင်းခြိမ်းခြောက်မှုမြင့်တက်လာသည်ဟု မတွေ့ရှိရသေးသော်လည်း ကြိုတင်ပြင်ဆင်ထားရန်လိုအပ်ပါကြောင်း နော်ဝေကာကွယ်ရေးဝန်ကြီး Tore O. Sandvik က ပြောကြားခဲ့သည်။

နော်ဝေ Kongsberg ကုမ္ပဏီနှင့် အမေရိကန် Raytheon ကုမ္ပဏီတို့ ပူးပေါင်းထုတ်လုပ်ထားသည့် NASAMS စနစ်တွင် ရေဒါအာရုံခံကိရိယာများ၊ ပစ်ခတ်မှုထိန်းချုပ်ရေးဗဟိုဌာနနှင့် ဒုံးကျည်ပစ်လွှတ်စင်များပါဝင်ဖွဲ့စည်းထားသည်။ ယခု Kirkenes မြို့သို့ အာရုံခံထောက်လှမ်းရေးကိရိယာများ ဖြန့်ကြက်ထားခြင်းမှာ NASAMS စနစ်၏ အစိတ်အပိုင်းများသာ ဖြစ်သည်။ ဒုံးကျည်ပစ်လွှတ်စင်များ သို့မဟုတ် ကြားဖြတ်ဒုံးကျည်များကိုပါ ထပ်မံဖြန့်ကြက်မည်၊ မဖြန့်ကြက်မည်နှင့် အာရုံခံကိရိယာအရေအတွက် မည်မျှရှိသည်တို့ကိုမူ နော်ဝေကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ဖော်ပြောကြားခြင်းမရှိသေးကြောင်း သိရသည်။

ယခုဖြန့်ကြက်ထားသည့် အာရုံခံကိရိယာများသည် Finnmark ဒေသအတွင်း မောင်းသူမဲ့လေယာဉ်များကို ရှာဖွေထောက်လှမ်းနိုင်စွမ်း တိုးမြှင့်နိုင်ကြောင်း ကာကွယ်ရေးဝန်ကြီး Tore O. Sandvik က ထပ်မံပြောကြားခဲ့သည်။

နော်ဝေနိုင်ငံသည် ယူကရိန်းသို့ လွှဲပြောင်းပေးအပ်ခဲ့သည့် စစ်လက်နက်ပစ္စည်းများကို အစားထိုးရန်အပါအဝင် NASAMS လေကြောင်းရန်ကာကွယ်ရေးစနစ်များ ထပ်မံဝယ်ယူခြင်းဖြင့် မိမိ၏လေကြောင်းရန်ကာကွယ်ရေးစွမ်းရည်ကို တိုးမြှင့်လျက်ရှိသည်။ နော်ဝေနိုင်ငံထုတ် NASAMS လက်နက်စနစ်ကို ယူကရိန်းပဋိပက္ခအတွင်း ရုရှားဒုံးကျည်များနှင့် မောင်းသူမဲ့လေယာဉ်များကို တုံ့ပြန်ကာကွယ်ရာတွင် အသုံးပြုခဲ့ကြောင်း သိရသည်။

ယခုဖြန့်ကြက်ချထားခြင်းသည် NATO ၏ မြောက်ပိုင်းနှင့် အရှေ့ပိုင်းနယ်စပ်ဒေသများတစ်လျှောက် မောင်းသူမဲ့လေယာဉ်များ လမ်းကြောင်းလွဲမှားဝင်ရောက်ခဲ့သည့်ဖြစ်စဉ်များ ဆက်တိုက်ပေါ်ပေါက်ခဲ့ပြီးနောက် ထွက်ပေါ်လာခြင်းဖြစ်သည်။ ယခုနှစ် မတ်လနှောင်းပိုင်းမှ မေလနှောင်းပိုင်းအတွင်း ဖင်လန်၊ အက်စ်တိုးနီးယား၊ လတ်ဗီးယားနှင့် လစ်သူယေးနီးယားနိုင်ငံတို့တွင် ၎င်းတို့၏လေပိုင်နက်အတွင်း မောင်းသူမဲ့လေယာဉ်များ ဖြတ်ကျော်ဝင်ရောက်ခဲ့သည့် ဖြစ်စဉ် တစ်ဒါဇင်ကျော် ဖြစ်ပွားခဲ့ကြောင်း Reuters သတင်းဌာနက ဖော်ပြခဲ့သည်။

ယခုဆောင်ရွက်ချက်သည် နော်ဝေနိုင်ငံ၏ အရေးပေါ်အသင့်ပြင်ဆင်ထားနိုင်မှုကို ပိုမိုအားကောင်းစေခြင်းဖြစ်ပါသည်ဟု တရားရေးနှင့် ပြည်သူ့လုံခြုံရေးဝန်ကြီး Astri Aas-Hansen က ပြောကြားခဲ့ကြောင်း သိရသည်။

Norway deploys NASAMS to Russian border to spot stray drones ကို ဘာသာပြန်ဆိုထားခြင်းဖြစ်ပါသည်။

အမေရိကန်ကုမ္ပဏီနှစ်ခုတို့က မောင်းသူမဲ့လေယာဉ်၊ ရေယာဉ်တွင် တည်နေရာသတ်မှတ်ရေးနည်းပညာပေါင်းစပ်အသုံးပြုသွားမည်

အမေရိကန်နိုင်ငံအခြေစိုက်ကုမ္ပဏီနှစ်ခုဖြစ်သော Red Cat ကုမ္ပဏီနှင့် Sine Engineering ကုမ္ပဏီ သဘောတူညီချက်တစ်ရပ် လက်မှတ်ရေးထိုးခဲ့ပြီး ၎င်းတို့၏ မောင်းသူမဲ့လေယာဉ်များနှင့် မောင်းသူမဲ့ရေယာဉ်များတွင် ဆက်သွယ်ရေးနည်းပညာနှင့် GPS ဂြိုဟ်တုလမ်းညွှန်မှုစနစ်ကို မှီခိုအားထားရန်မလိုသော တည်နေရာသတ်မှတ်ရေး နည်းပညာများ ပေါင်းစပ်အသုံးပြုသွားမည်ဖြစ်ကြောင်း The Defense Post သတင်းဌာနက နိုဝင်ဘာ ၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါ ပေါင်းစပ်ဆောင်ရွက်မှုတွင် အီလက်ထရွန်နစ် စစ်ဆင်ရေးကြောင့် ဆက်သွယ်ရေး အချက်ပြလိုင်းများ အနှောင့်အယှက်ခံရခြင်း သို့မဟုတ် ဂြိုဟ်တုလမ်းညွှန်မှုစနစ်များ အသုံးပြုခွင့် ဆုံးရှုံးခြင်းတို့ဖြစ်ပေါ်သည့် ပတ်ဝန်းကျင်၌ပင် မောင်းသူမဲ့စနစ်များကို ထိန်းချုပ်နိုင်ရန်၊ ဗီဒီယိုအချက်အလက်များ လက်ခံရယူနိုင်ရန်နှင့် ဒေတာများ ပေးပို့လက်ခံနိုင်ရန် နည်းပညာများ ပါဝင်သည်။

ကနဦးအဆင့်တွင် Red Cat ကုမ္ပဏီ၏ Blue Ops ရေတပ်သုံးမောင်းသူမဲ့စနစ်များနှင့် ၎င်းတို့ကိုအထောက်အကူပြုမည့် ဆက်သွယ်ရေးကွန်ရက်အခြေခံအဆောက်အအုံများတွင် နည်းပညာများ ပေါင်းစပ်အသုံးပြုရေးကို ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်သည်။ ထို့ပြင် Red Cat ကုမ္ပဏီ၏ မောင်းသူမဲ့လေယာဉ်အမျိုးအစားများတွင်လည်း အဆိုပါနည်းပညာများအသုံးချနိုင်မည့် နည်းလမ်းများကို ဆက်လက်စီစဉ်သွားမည်ဖြစ်သည်။

ယူကရိန်းနိုင်ငံတွင် စမ်းသပ်အသုံးပြုခဲ့သည့် Sine Engineering ကုမ္ပဏီ၏ နည်းပညာများတွင် ဆက်သွယ်ရေးနှင့် ထိန်းချုပ်ရေးအချက်ပြစနစ်များ၊ GPS ဂြိုဟ်တုလမ်းညွှန်မှုမလိုအပ်ဘဲ တည်နေရာသတ်မှတ်နိုင်သည့် နည်းပညာများနှင့် မောင်းသူမဲ့ယာဉ်များကို အထောက်အကူပြု အခြေခံအဆောက်အအုံများနှင့် ချိတ်ဆက်ပေးနိုင်သည့် ကွန်ရက်ဆက်သွယ်ရေးပစ္စည်းများ ပါဝင်သည်။

Red Cat ကုမ္ပဏီ၏ ထုတ်ပြန်ချက်အရ Sine Engineering ကုမ္ပဏီ၏ နည်းပညာများကို ၎င်းတို့၏ မောင်းသူမဲ့စနစ်များတွင် ပေါင်းစပ်တပ်ဆင်ခြင်းနှင့် စမ်းသပ်ခြင်း လုပ်ငန်းများ စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကုမ္ပဏီနှစ်ခုသည် မောင်းသူမဲ့လေယာဉ်များ၊ မောင်းသူမဲ့ရေယာဉ်များ၊ ရေပေါ်ဗော်ယာများနှင့် အချက်ပြအမှတ်အသားပြုကိရိယာများကို တစ်ခုနှင့်တစ်ခု ချိတ်ဆက်ထားသည့် ကွန်ရက်စနစ်တစ်ခုအဖြစ် ပူးပေါင်းလည်ပတ်နိုင်ရေးကို



စမ်းသပ်သွားရန် စီစဉ်ထားသည်။

အဆိုပါစနစ်များနှင့် အထောက်အကူပြုပစ္စည်းများကို ကွန်ရက်တစ်ခုအတွင်း ချိတ်ဆက်အသုံးပြုခြင်းဖြင့် မောင်းသူမဲ့ယာဉ်များ၏ လုပ်ငန်းဆောင်ရွက်နိုင်သည့်အကွာအဝေးကို တိုးချဲ့နိုင်သည့်အပြင် ပင်လယ်ရေကြောင်းနယ်မြေများအတွင်း မောင်းသူမဲ့စနစ်များဖြင့် ဆောင်ရွက်သည့် လုပ်ငန်းတာဝန်များကိုလည်း ပိုမိုညှိနှိုင်းဆောင်ရွက်နိုင်မည်ဖြစ်သည်။ အထူးသဖြင့် ကျွန်းစုများကဲ့သို့ နေရာအနှံ့အပြားတွင် ဖြန့်ကြက်တည်ရှိနေသော ရေကြောင်းနယ်မြေများ၌ အဆိုပါကွန်ရက်စနစ်ကို အသုံးချနိုင်မည်ဖြစ်သည်။

ကုမ္ပဏီနှစ်ခုသည် အမေရိကန်၊ ယူကရိန်းနှင့် အခြားမဟာမိတ်နိုင်ငံများ၏ ကာကွယ်ရေးဆိုင်ရာ ဖောက်သည်များထံ အဆိုပါနည်းပညာများကို ဖြန့်ဖြူးနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားရန် ရည်ရွယ်ထားကြောင်း သိရသည်။

Red Cat, Sine Engineering Team Up on Drone Networking, Navigation ကို ဘာသာပြန်ဆိုထားပါသည်။

မင်းမျိုး

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ပြည်ထောင်စုနယ်မြေ နေပြည်တော် ဧယျာသီရိမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်တို့မှ ဒေသခံပြည်သူများကို လက်ခံတွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၉

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် တတိယအကြိမ်ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၅ ရက်မြောက်နေ့ အစည်းအဝေးသို့ လာရောက်လေ့လာသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဧယျာသီရိမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်မှ ဒေသခံပြည်သူများကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ သဘင်ဆောင်၌ လက်ခံတွေ့ဆုံသည်။



တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီက ပြည်ထောင်စုနယ်မြေ ဧယျာသီရိမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်တို့မှ ပြည်သူများအနေဖြင့် လွှတ်တော်ကို ယခုကဲ့သို့ လာရောက်လေ့လာသည့်အတွက် ဝမ်းမြောက်စွာကြိုဆိုပါကြောင်း၊ မိမိသည် ဧယျာသီရိမဲဆန္ဒနယ်မှ ရွေးကောက်တင်မြောက်ခြင်းခံရသည့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးလည်းဖြစ်ပါကြောင်း၊ မိမိကို ဧယျာသီရိမြို့နယ်၏ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြောက်ပေးခဲ့သည့်အတွက်လည်း အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ လွှတ်တော်သည် မဲဆန္ဒနယ်အသီးသီးရှိ ပြည်သူများက ရွေးကောက်တင်မြောက်လိုက်သည့် ပါတီအသီးသီးမှ ပြည်သူကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည့် နေရာဖြစ်ပါကြောင်း ယခုကဲ့သို့ဆုံတွေ့စဉ် လွှတ်တော်၏ လုပ်ငန်းတာဝန်များနှင့် ပတ်သက်၍ သိသင့်သိထိုက်သည့်ကိစ္စရပ်များကို မျှဝေလိုပါကြောင်း၊ မိမိတို့နိုင်ငံတွင် ဒီမိုကရေစီစနစ်အရ ရွေးကောက်ပွဲများ ကျင်းပပြီးနောက် ဥပဒေပြုရေးမဏ္ဍိုင်၊အုပ်ချုပ်ရေးမဏ္ဍိုင်နှင့် တရားစီရင်ရေးမဏ္ဍိုင်စသည်ဖြင့် မဏ္ဍိုင်ကြီးသုံးရပ် ပေါ်ပေါက်လာပါကြောင်း၊ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ၎င်းတို့၏ ကျင့်သုံးသည့် နိုင်ငံရေးစနစ်အပေါ်အခြေခံပြီး လွှတ်တော်တစ်ရပ်စနစ် သို့မဟုတ် လွှတ်တော်နှစ်ရပ်စနစ်ကို ကျင့်သုံးကြပါကြောင်း၊ မိမိတို့နိုင်ငံသည် တိုင်းရင်းသားပေါင်းစုံနေထိုင်ပြီး နိုင်ငံ၏အကျယ်အဝန်းမှာလည်း အလယ်အလတ်အဆင့်ရှိသဖြင့် ပြည်ထောင်စုအဆင့်တွင် လွှတ်တော်နှစ်ရပ်စနစ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် လွှတ်တော်တစ်ရပ်စီရှိကြပါကြောင်း၊ အဆိုပါ လွှတ်တော်များသည် သီးခြားစီဆောင်ရွက်ကြရသော်လည်း လုပ်ငန်းတာဝန်များ တူညီကြပါကြောင်း၊ လွှတ်တော်များသည် ပြည်သူများအားလုံး ဥပဒေ၏အကာအကွယ်အောက်တွင် စိတ်အေးချမ်းစွာနေထိုင်နိုင်ရေးအတွက် တည်ဆဲဥပဒေများကို ခေတ်ကာလနှင့်ကိုက်ညီမှု ရှိမရှိစိစစ်ပြီး ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ရုပ်သိမ်းခြင်းနှင့် အသစ်ပြဋ္ဌာန်းခြင်း စသည့်ဥပဒေပြုရေးတာဝန်များကိုလည်းကောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန်နှင့် ပြည်သူများ၏အကျိုးစီးပွားဖြစ်ထွန်းစေရန်အတွက် မဏ္ဍိုင်ကြီးသုံးရပ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်းဖြင့် အပြန်အလှန်ထိန်းကျောင်းခြင်း တာဝန်ကိုလည်းကောင်း၊ ဒေသနှင့် ပြည်သူများ၏ လိုအပ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ရေးအတွက် လွှတ်တော်တွင်း၌ မေးခွန်းများမေးမြန်းခြင်း၊ အဆိုများတင်သွင်းခြင်းဖြင့် ပြည်သူကိုကိုယ်စားပြုခြင်း တာဝန်ကိုလည်းကောင်းစသည်ဖြင့် ထမ်းဆောင်လျက်ရှိပါကြောင်း၊ ဥပဒေများပြဋ္ဌာန်းရာတွင် ပြည်သူများကို အကာအကွယ်ပေးနိုင်ရေးအတွက် ဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ကြောင့် ယနေ့ပြည်သူများကြုံတွေ့နေရသည့် အွန်လိုင်းလိမ်လည်မှုများနှင့်စပ်လျဉ်း၍ ကျူးလွန်သူများကို ထိရောက်စွာအရေးယူဆောင်ရွက်နိုင်ရေး အွန်လိုင်းလိမ်လည်မှုဆိုင်ရာ တိုက်ဖျက်ရေးဥပဒေကို ပြဋ္ဌာန်းနိုင်ခဲ့ပါကြောင်း၊ မိမိတို့ လွှတ်တော်က ဆောင်ရွက်နေမှုများသည် ပြည်သူကိုဗဟိုပြုလျက်ရှိပါကြောင်း၊ ထို့ကြောင့် ယနေ့ လွှတ်တော်သို့ လာရောက်လေ့လာသည့် ပြည်သူများအနေဖြင့်လည်း လွှတ်တော်များသည် ပြည်သူကိုကိုယ်စားပြုသည့်နေရာ၊ ပြည်သူ့အသံကို ဖော်ဆောင်ပေးသည့်နေရာဟု မှတ်ယူရမည်ဖြစ်ပါကြောင်း၊ မိမိတို့ တာဝန်ထမ်းဆောင်နေသည့် ကာလတွင် လွှတ်တော်ကိုစွမ်းရည်မြင့်မားပြီး ပြည်သူကို ဗဟိုပြုသည့် ခေတ်မီလွှတ်တော်တစ်ရပ်ဖြစ်စေရေးဆောင်ရွက်လျက်ရှိရာ ပြည်သူများအနေဖြင့်လည်း မိမိတို့လွှတ်တော်၏ ဆောင်ရွက်ချက်များကို မျက်ခြည်မပြတ် စောင့်ကြည့်လေ့လာ၍ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းကြရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အသေးစိတ်ရှင်းလင်းပြောကြားသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပုဗ္ဗသီရိမြို့နယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဆက်သွယ်ရေးစခန်းနှင့် စာတိုက်စခန်းများ ပြည်ထောင်စုဝန်ကြီး ဦးထွန်းအောင် ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၉

ဒီဂျစ်တယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအောင်သည် မန္တလေးမြို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း တိုင်းဒေသကြီး မန်နေဂျာရုံးအစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၇ ရက်တွင် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် မြန်မာ့စာတိုက်လုပ်ငန်းတို့မှ ဝန်ထမ်းများနှင့်တွေ့ဆုံကာ လုပ်ငန်းများလက်ရှိ ဆောင်ရွက်နေမှုအခြေအနေ၊ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများနှင့် ပတ်သက်၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ဖြည့်စွက်မှာကြားကာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ဆက်သွယ်ရေးစက်ခန်းများနှင့် မြန်မာ့စာတိုက်လုပ်ငန်း၏ မန္တလေးစာတိုက်ကြီးကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ရတနာပုံဆိုက်ဘာစီးတီး သို့သွားရောက်၍ တာဝန်ရှိသူများက ရတနာပုံဆိုက်ဘာစီးတီးဧရိယာအတွင်း အခြေခံအဆောက်အအုံများ တည်ဆောက်ထားရှိမှု၊ ပြုပြင်ထိန်းသိမ်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဆက်လက်ဆောင်ရွက်မည့်အစီအမံများ ရှင်းလင်းတင်ပြကြရာ စီမံကိန်း၏ မူလရည်မှန်းချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်နိုင်ရေး၊ လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ရေရှည်တည်တံ့စေရေးမှာကြားသည်။ ထို့နောက် ရတနာပုံဆိုက်ဘာစီးတီးအတွင်းရှိ အခြေခံအဆောက်အအုံများနှင့် စက်ရုံများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ပြည်ကြီးတံခွန်ဆက်သွယ်ရေးစခန်းနှင့် မြန်မာ့စာတိုက်လုပ်ငန်း၏ စာရွေးစာပို့စခန်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရွှေဖုံးမှအဆက်

အစည်းအဝေးသို့ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများမှ ကော်မတီအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယသမ္မတက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ ၂၀၂၆ ခုနှစ် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနား ကျင်းပသွားမည့် အခြေအနေများ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီးနှင့် အကျိုးတော်ဆောင် ဆရာတော်ကြီးများ အမှူးပြုသော ဒေသခံဆရာတော်များ ပင့်ဆောင်ပြီး ကထိန်သင်္ကန်းနှင့်အတူ အခြံအရံလှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသွားမည့်အခြေအနေများ၊ သံဃာရာမကျောင်းဆောင် လေးဆောင်တွင် သီတင်းသုံးကြမည့်ဆရာတော်ကြီးများ စိတ်နှလုံးချမ်းမြေ့စေရေးအတွက် ရေ၊ မီး၊ သန့်ရှင်းရေး၊ စိမ်းလန်းစိုပြည်ရေး ပူးပေါင်းဆောင်ရွက်ရေး၊ အခမ်းအနားသို့ ကြွရောက်တော်မူလာကြမည့်ဆရာတော်ကြီးများအား အရာဏ်ဆွမ်း၊ နေ့ဆွမ်းဆက်ကပ်ရာတွင် ဆွမ်းနှင့် ဆွမ်းဟင်းလျာများ ကျန်းမာရေးနှင့် ညီညွတ်မှုရှိစေရေး သက်ဆိုင်ရာကော်မတီအလိုက် ဆောင်ရွက်ရန် လိုအပ်မှုအခြေအနေများ၊ ဆရာတော်ကြီးများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် သံဃာရာမကျောင်းဆောင် အဆောင် (၂)တွင် ယခင်နှစ်များနည်းတူ အနောက်တိုင်းဆေးခန်းနှင့် တိုင်းရင်းဆေးခန်းများ ဖွင့်လှစ်ပေးရန် လိုအပ်မှုအခြေအနေများ၊ ပဒေသာပင်များကို တင့်တင့်တယ်တယ်နှင့် ကြည်ညိုဖွယ်ဖြစ်အောင် ပြင်ဆင်ဆောင်ရွက်ကြရန်နှင့် ပဒေသာပင်များအား ကထိန်ခံကျောင်းတိုက်သို့ပို့ဆောင်ရာတွင် စနစ်တကျရှိစေရေး စီမံဆောင်ရွက်သွားရန် လိုအပ်မှုအခြေအနေများကို အသေးစိတ်ရှင်းလင်းပြောကြားပြီး နိုင်ငံတော်အဆင့်အခမ်းအနားဖြစ်သည်နှင့်အညီလုပ်ငန်းဆောင်ရွက်သည့်နေရာတွင် လစ်ဟာမှုများမရှိအောင် ဆပ်ကော်မတီများအလိုက် စနစ်တကျစီမံခန့်ခွဲခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်း၊ ကြိုတင်ဇာတိုက်လေ့ကျင့်မှုများပြုလုပ်ခြင်းတို့ ဆောင်ရွက်သွားကြရန်နှင့် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကြီးခုံညားထည်ဝါစွာကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကော်မတီအသီးသီးက စနစ်တကျစီစဉ်ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးနှင့် ဆပ်ကော်မတီအသီးသီးမှ ကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ၂၀၂၆ ခုနှစ် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကော်မတီအလိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယသမ္မတက တင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကားပြောကြား၍ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများမှကိုယ်စားလှယ်များ တွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၉

အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေး ကော်မတီအနေဖြင့် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေးလုပ်ငန်းစဉ်များ ဖော်ဆောင်ရာတွင် အရပ်ဘက်လူမှုအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်ကချမှတ်ထားသော ငြိမ်းချမ်းရေးမူဝါဒများနှင့် NSPNC ၏ လက်ရှိဆောင်ရွက်လျက်ရှိသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအပေါ် သိရှိနားလည်ပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် အထောက်အကူပြုနိုင်စေရန်ရည်ရွယ်၍ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် တွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ်(၂၀) အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာနခွဲ တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ အထွေထွေအတွင်းရေးမှူးများ၊ သက်ဆိုင်ရာကျွမ်းကျင်ပညာရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က ယနေ့တွေ့ဆုံပွဲသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ပတ်သက်ပြီး ဆောင်ရွက်နေမှုများကို အရပ်ဘက်လူမှုအဖွဲ့အစည်းများသိရှိစေရန် ရှင်းလင်းပြသသည့်တွေ့ဆုံပွဲဖြစ်ကြောင်း၊ ၂၀၂၁ ခုနှစ် နောက်ပိုင်းတွင် အကြမ်းဖက်လက်နက်ကိုင်အဖွဲ့အစည်းများ ထပ်မံပေါ်ပေါက်လာခဲ့ကြောင်း၊ အဆိုပါပဋိပက္ခဒေသများတွင် ပြည်သူများ၏ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးဆိုင်ရာများ ဆုတ်ယုတ်လာခဲ့သဖြင့် ပြည်သူလူထုကလက်မခံနိုင်တော့ဘဲ တည်ငြိမ်အေးချမ်းမှုကို လိုလားခဲ့ကြကြောင်း၊ အချို့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည် မူးယစ်ဆေးဝါးထုတ်လုပ်ရောင်းချခြင်း၊ သဘာဝသယံဇာတများတူးဖော်ခြင်း၊ နယ်စပ်ဖြတ်ကျော်မှုခင်းမျိုးစုံကို ကျူးလွန်ဖောက်ဖျက်ခြင်းနှင့် တရားမဝင်လုပ်ငန်းများဖြင့် အဖွဲ့အစည်း၏ရပ်တည်ချက်အတွက် ဆောင်ရွက်လုပ်ကိုင်လျက်ရှိကြောင်း၊ အရပ်ဘက်အဖွဲ့အစည်းများအနေဖြင့် မိမိတို့အဖွဲ့အလိုက်ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များကိုအခြေခံပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် တစ်ထောင့်တစ်နေရာမှ ပါဝင်ဆောင်ရွက်ပေးစေလိုကြောင်း၊ NSPNC အနေဖြင့် လာရောက်ဆွေးနွေးသည့် EAO များ၏ နိုင်ငံရေးလိုလားချက်၊ လိုအင်ဆန္ဒများအား တည်ဆဲဥပဒေနှင့်အညီ ဆောင်ရွက်နိုင်မှုကို ဆွေးနွေးအဖြေရှာ ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊အရပ်ဘက်လူမှုအဖွဲ့အစည်းများအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပြည်သူလူထု ပူးပေါင်းပါဝင်လာအောင် ကူညီဆောင်ရွက်ပေးခြင်းဖြင့် တည်ငြိမ်အေးချမ်းမှုများ လျင်မြန်စွာရရှိနိုင်မည်ဖြစ်ကြောင်းနှင့် ယနေ့ဆွေးနွေးပွဲတွင် အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်နိုင်မှုအခြေအနေ၊ ချိတ်ဆက်ဆောင်ရွက်နိုင်မှုအခြေအနေနှင့် လက်ရှိဖြစ်ပေါ်နေသော အခြေအနေများအပေါ် ကောင်းမွန်မည့်အကြံဉာဏ်များကို ပွင့်ပွင့်လင်းလင်းဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။



ထို့နောက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေး ကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ၏ ငြိမ်းချမ်းရေးဆိုင်ရာဆောင်ရွက်ချက်များ၊ ဒီမိုကရေစီအစိုးရသစ်လက်ထက် ငြိမ်းချမ်းရေးဆိုင်ရာဆောင်ရွက်ချက်များ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများပေးအပ်နိုင်မှုများ၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အတွက်မူဝါဒ၊ မဟာဗျူဟာနှင့်ရှေ့ဆက်လက်ဆောင်ရွက်မည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ညှိနှိုင်းရေးကော်မတီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်ဦး (အငြိမ်းစား)က NCA ၏ အနှစ်သာရနှင့် အောင်မြင်မှုများအပေါ်အခြေခံသော ပိုမိုပါဝင်နိုင်သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာ မူဘောင်ကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက်တက်ရောက်လာကြသူများက NSPNCက ဆောင်ရွက်လျက်ရှိသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ကျယ်ကျယ်ပြန့်ပြန့်သိရှိရသဖြင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများကို ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပိုမိုပါဝင်ခွင့်ပြုပေးသင့်ကြောင်း၊ နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် ကုန်သွယ်ရေးလမ်းကြောင်းများသည်အဓိကအရေးပါနေပါကြောင်း၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် လူမှုရေးလုပ်ဆောင်မှုနှင့်အတူ ပူးပေါင်းပါဝင်နိုင်ကြောင်း၊ လက်ရှိငြိမ်းချမ်းရေးဖော်ဆောင်နေမှုများကို ပြည်သူများအားလုံးသိရှိအောင် ဆောင်ရွက်ပေးစေလိုကြောင်း၊ ပဋိပက္ခများကြောင့် လူမျိုးဘာသာမရွေး ပြည်သူများ ဒုက္ခခံစားကြရကြောင်းနှင့် စီးပွားရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးလုပ်ငန်းများနှင့် ဆက်စပ်လုပ်ဆောင်ရေး၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများအနေဖြင့် အဖွဲ့အလိုက်ကျွမ်းကျင်မှုနှင့်အတူ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပူးပေါင်းဆောင်ရွက်သွားကြရေး၊ NSPNC မှ ဆောင်ရွက်ခဲ့သည့် ဖိုရမ်၊ အလုပ်ရုံဆွေးနွေးပွဲများမှရရှိလာသော အကြံပြုချက်များအနက် အရပ်ဘက်အဖွဲ့အစည်းများ ပါဝင်ဆောင်ရွက်နိုင်မည့်အချက်များကို မြေပြင်အခြေအနေမှန်ကိုအခြေခံ၍ အကောင်အထည်ဖော်ဆောင်ရွက်သွားရေး၊ မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများနှင့် ကမ္ဘာ့နိုင်ငံများတွင် ဖြစ်ပေါ်လာသောအခြေအနေများကို မှန်ကန်စွာသိရှိပြီး ပြည်သူများနားလည်သိရှိစေရန် အသိပညာပေးခြင်းများပိုမိုဆောင်ရွက်ရေး၊ လူငယ်များ၏စွမ်းဆောင်ရည်မြှင့်တင်ပေးနိုင်ရေးအတွက် လိုအပ်သောစွမ်းရည်မြှင့်သင်တန်းများဖြင့် အားဖြည့်ကူညီဆောင်ရွက်ပေးသွားနိုင်ရေး၊ ဘာသာရေးအဖွဲ့အစည်းများအနေဖြင့်လည်း ပဋိပက္ခများရပ်စဲပြီး ငြိမ်းချမ်းရေးဖော်ဆောင်ရန် တတ်နိုင်သမျှ ဆောင်ရွက်နိုင်ရေး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ၊ ဖိုရမ်များဆောင်ရွက်ပေးရေးနှင့် ငြိမ်းချမ်းရေးကိုတည်ဆောက်၍ ပဋိပက္ခများကိုလျှော့ချနိုင်စေရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားရေးတို့ကို အကြံပြုဆွေးနွေးကြသည်။

ထို့နောက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က နိဂုံးချုပ်အမှာစကားပြောကြားပြီး ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဒီဇင်ဘာလူထုလှုပ်ရှားမှုအားကစားလ အားကစားလှုပ်ရှားမှုများနှင့် ၇၉ နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများ ကျင်းပနိုင်ရန် အားကစားကွင်း၊ အားကစားရုံများ ကောင်းမွန်စေရေး ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းသည် မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် အားကစားကွင်းသို့ သွားရောက်၍ ဘောလုံးကွင်း၊ ပွဲကြည့်စင်နှင့် အုတ်တံတိုင်းကာရံထားမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် မကြာမီကျင်းပမည့် ဒီဇင်ဘာလူထုလှုပ်ရှားမှု အားကစားလ အားကစားလှုပ်ရှားမှုများနှင့် ၇၉ နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများကို စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရန်အတွက် ဘောလုံးကွင်းမြက်ခင်းများ စိမ်းလန်းစိုပြည်စေရေးနှင့် အားကစားကွင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပစေရေး၊ မျိုးဆက်သစ်ဘောလုံးအားကစားသမားများ မွေးထုတ်ပေးနိုင်စေရေးအတွက် အားကစားပြိုင်ပွဲများ စဉ်ဆက်မပြတ်ကျင်းပပေးခြင်း၊ အားကစားနည်းအလိုက် အခြေခံအားကစားသင်တန်းများကို ဖွင့်လှစ်သင်ကြားလေ့ကျင့်ပေးခြင်းများ စီမံဆောင်ရွက်သွားရန် တာဝန်ရှိသူများကို မှာကြားသည်။

ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်အားကစားဆပ်ကော်မတီအဖွဲ့တို့မှ တာဝန်ရှိသူများ၊ ပျော်ဘွယ်မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဝန်ထမ်းများကိုတွေ့ဆုံပြီး မြို့နယ်အားကစားအဆင့်အတန်း တိုးတက်မြင့်မားစေရေးအတွက် မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်အားကစားဆပ်ကော်မတီနှင့် အဖွဲ့တို့ကို အားကစားပစ္စည်းများနှင့် ထောက်ပံ့ငွေများပေးအပ်ပြီး ဝန်ထမ်းများသက်သာချောင်ချိရေး ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် ရမည်းသင်းခရိုင်အားကစားကွင်းသို့သွားရောက်၍ ဘောလုံးကွင်းနှင့် မိုးလုံလေလုံအားကစားခန်း၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်းဘတ်ဂျက်ဖြင့် တည်ဆောက်လျက်ရှိသည့် ရမည်းသင်းခရိုင် အားကစားကွင်းအတွင်း အမိုးပါ ရိုးရိုးတန်း ပွဲကြည့်စင်ပေ ၄၀ x ၂၅ RC တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် မြို့နယ်အားကစားဆပ်ကော်မတီအဖွဲ့တို့မှ တာဝန်ရှိသူတို့ကို အားကစားပစ္စည်းများနှင့် ထောက်ပံ့ငွေများ၊ ဝန်ထမ်းများ သက်သာချောင်ချိစေရေးအတွက် ပစ္စည်းများ ပေးအပ်သည်။



ဆက်လက်၍ တပ်ကုန်းမြို့နယ် အားကစားကွင်းသို့သွားရောက်၍ ဘောလုံးအားကစားကွင်းနှင့် မိုးလုံလေလုံအားကစားရုံတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး မြို့မိမြို့ဖများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ အားကစားဆပ်ကော်မတီဝင်များနှင့် တပ်ကုန်းမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဝန်ထမ်းများကိုတွေ့ဆုံအမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြေအောက်ရေစီမံခန့်ခွဲမှုဥပဒေကြမ်း

ပြည်သူများသိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။
အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

(၂၀၂၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်)
၁၃၈၈ ခုနှစ်၊ လ၊ ရက်
(၂၀၂၆ ခုနှစ်၊ လ၊ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း (၁)
အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်များ

၁။ ဤဥပဒေကို **မြေအောက်ရေစီမံခန့်ခွဲမှုဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **မြေအောက်ရေ** ဆိုသည်မှာ မြေမျက်နှာပြင်အောက်ရှိ ရေအောင်းလွှာအတွင်းတည်ရှိသော ရေကိုဆိုသည်။ ယင်းစကားရပ်တွင်မြစ်၊ချောင်း၊ကန်စသည်တို့၏ရေအောက်ကြမ်းပြင်အောက်ရှိ ရေအောင်းလွှာအတွင်းတည်ရှိသော ရေနှင့် နယ်စပ်ဖြတ်ကျော် **မြေအောက်**ရေအောင်းလွှာအတွင်း တည်ရှိသောရေလည်း ပါဝင်သည်။

(ခ) **မြေအောက်ရေထုတ်ယူသုံးစွဲခြင်း** ဆိုသည်မှာ မြေအောက်ရေကို စက်အင်အားအသုံးပြု၍ သော်လည်းကောင်း၊ သဘာဝအလျောက် ရေလျှံထွက်ခြင်းဖြင့်သော်လည်းကောင်း၊ တစ်နည်းနည်းဖြင့်သော်လည်းကောင်း ထုတ်ယူသုံးစွဲခြင်းကိုဆိုသည်။

(ဂ) **မြေအောက်ရေစီမံခန့်ခွဲမှု** ဆိုသည်မှာ မြေအောက်ရေအောင်းလွှာဇုန်စီမံခန့်ခွဲခြင်း (Groundwater zone management)၊ မြေအောက်ရေထုတ်ယူသုံးစွဲခြင်း၊ ထိန်းသိမ်းခြင်း၊ စောင့်ကြပ်ကြည့်ရှုခြင်းနှင့် သုတေသနပြုခြင်း လုပ်ငန်းစဉ်အဆင့်ဆင့်အား စီမံခန့်ခွဲမှုကိုဆိုသည်။

(ဃ) **မြေအောက်ရေထိန်းသိမ်းခြင်း** ဆိုသည်မှာ မြေအောက်ရေ၏ ရေရှည်ထုတ်ယူသုံးစွဲသွားနိုင်မှု၊ အရည်အသွေးနှင့် သဘာဝစနစ်တည်တံ့စေမှုတို့ကို ထိန်းသိမ်းကာကွယ်ခြင်းကို ဆိုသည်။

(င) **စက်ရေတွင်း** ဆိုသည်မှာ မြေအောက်ရေကို ပိုက်ချ၍ထုတ်ယူသော ရေတွင်းကိုဆိုသည်။ ယင်းစကားရပ်တွင် အပေါ်ဆုံးရေအောင်းလွှာအတွင်း တည်ရှိသောရေကို ထုတ်ယူသည့် လက်တူးတွင်းတိမ်များမပါဝင်။

(စ) **ရေလျှံဇုန်** ဆိုသည်မှာ ဗဟိုကော်မတီက သတ်မှတ်ထားသည့် သဘာဝအလျောက် ရေလျှံတွင်းများ တူးဖော်ရရှိနိုင်သောဇရိယာကို ဆိုသည်။

(ဆ) **မြေအောက်ရေအောင်းလွှာဇုန်** ဆိုသည်မှာ မြေအောက်ရေခိုအောင်းရာသဲလွှာ သို့မဟုတ် စရစ်ဖြုန်းကျောက်လွှာတို့ အနက်ပေအလိုက် ပျံ့နှံ့တည်ရှိသည့် တစ်ဆက်တစ်စပ်တည်း နယ်မြေဒေသ (Groundwater Basin)ကို ဆိုသည်။

(ဇ) **မြေအောက်တမံ** ဆိုသည်မှာ ရွှေ့လျားစီးဆင်းနေသည့် မြေအောက်ရေအား ရယူအသုံးပြုနိုင်ရန် မြေမျက်နှာပြင်အောက်တွင် တည်ဆောက်သောတမံ (Subsurface Dam) ကို ဆိုသည်။

(ဈ) **ဗဟိုကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ အစိုးရအဖွဲ့ကဖွဲ့စည်းသော မြေအောက်ရေကြီးကြပ်ထိန်းသိမ်းရေးဗဟိုကော်မတီကို ဆိုသည်။

(ည) **လုပ်ငန်းအဖွဲ့** ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေနှင့် မြို့နယ် မြေအောက်ရေကြီးကြပ်ထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့ကို ဆိုသည်။

(ဋ) **မြေအောက်ရေအရည်အသွေး** ဆိုသည်မှာ မြေအောက်ရေ၏ ရုပ်ပိုင်းဆိုင်ရာ အရည်အသွေး၊ ဓာတုပိုင်းဆိုင်ရာ အရည်အသွေး၊ အဏုဇီဝဆိုင်ရာအရည်အသွေး၊ ပိုးမွှားဗေဒဆိုင်ရာအရည်အသွေး၊ ရေဒီယိုဓာတ်သတ္တိဆိုင်ရာအရည်အသွေးကို ဆိုသည်။

(ဌ) **တူးဖော်ခွင့်ပြုမိန့်** ဆိုသည်မှာ မြေအောက်ရေကို ထုတ်ယူသုံးစွဲခြင်းပြုရန် သက်ဆိုင်ရာလုပ်ငန်းအဖွဲ့က ထုတ်ပေးသော စက်ရေတွင်းတူးဖော်ခွင့်ပြုသည့်အမိန့်ကို ဆိုသည်။

(ဍ) **လုပ်ငန်းလိုင်စင်** ဆိုသည်မှာ မြေအောက်ရေထုတ်ယူရေးအတွက် ပုဂ္ဂလိကအဖွဲ့အစည်းသို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအား သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့ သို့မဟုတ် ပြည်ထောင်စုနယ်မြေလုပ်ငန်းအဖွဲ့က ထုတ်ပေးသော စက်ရေတွင်းတူးဖော်ခြင်း ဝန်ဆောင်မှုဆိုင်ရာ လုပ်ငန်းလိုင်စင်ကို ဆိုသည်။

(ဎ) **သုံးစွဲခွင့်ပြုမိန့်** ဆိုသည်မှာ တူးဖော်ခွင့်ပြုမိန့်အရ တူးဖော်သော စက်ရေတွင်းမှ ထွက်ရှိသည့် မြေအောက်ရေ၏အရည်အသွေးကို စစ်ဆေးပြီးနောက် အိမ်သုံးအတွက်ဖြစ်စေ၊ စိုက်ပျိုးမွေးမြူရေးအပါအဝင် စီးပွားရေးလုပ်ငန်းသုံးအတွက်ဖြစ်စေ ထုတ်ယူသုံးစွဲခြင်းပြုရန် သက်ဆိုင်ရာ လုပ်ငန်းအဖွဲ့က ထုတ်ပေးသော ခွင့်ပြုသည့်အမိန့်ကို ဆိုသည်။

(ဏ) **အိမ်သုံး** ဆိုသည်မှာ တွင်းဝအချင်း ၂ လက်မထက်မပိုသော စက်ရေတွင်းမှရေကို အိမ်သုံးအတွက် ထုတ်ယူသုံးစွဲခြင်းကို ဆိုသည်။

(တ) **လုပ်ငန်းသုံး** ဆိုသည်မှာ စက်ရေတွင်းမှရေကို လုပ်ငန်းသုံးအတွက် ထုတ်ယူသုံးစွဲခြင်းကို ဆိုသည်။

(ထ) **အစိုးရအဖွဲ့** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(ဒ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနကို ဆိုသည်။

(ဓ) **ဦးစီးဌာန** ဆိုသည်မှာ အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ဗဟိုကော်မတီက တာဝန်ပေးအပ်သည့် ဦးစီးဌာနကို ဆိုသည်။

အခန်း(၂)
ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) အမျိုးသားအဆင့် ရေမူဝါဒများအား အကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(ခ) မြေအောက်ရေကို သက်ရှိလောကအတွက် အရေးကြီးသော သဘာဝအရင်းအမြစ်တစ်ခုအဖြစ် နားလည်တန်ဖိုးထားတတ်စေရန်၊

(ဂ) မြေအောက်ရေကို သဘာဝပတ်ဝန်းကျင်မထိခိုက်စေဘဲ စနစ်တကျထုတ်ယူသုံးစွဲခြင်းပြုရေးအတွက် ကြီးကြပ်ဆောင်ရွက်ရန်နှင့် အသိပညာဖြန့်ဖြူးရန်၊

(ဃ) မြေအောက်ရေကို သဘာဝပတ်ဝန်းကျင် မထိခိုက်စေဘဲ စနစ်တကျထုတ်ယူသုံးစွဲခြင်းဖြင့် မြေအောက်ရေလျော့နည်းဆုံးရှုံးရာမှ သောက်သုံးရေရှားပါးမှုအန္တရာယ် ကြိုတင်ကာကွယ်ရန်၊

(င) မြေအောက်ရေ၏ ရေရှည်ထုတ်ယူသုံးစွဲသွားနိုင်မှု၊ အရည်အသွေးနှင့် သဘာဝစနစ်တည်တံ့စေမှုတို့ကို ထိန်းသိမ်းကာကွယ်ရန်၊

(စ) ကျန်းမာရေးနှင့်ညီညွတ်ပြီး ကောင်းမွန်သောရေအရင်းအမြစ်မှ သန့်ရှင်းသည့်သောက်ရေသုံးရေကို ပြည်သူများ ထုတ်ယူသုံးစွဲနိုင်စေရန်၊

(ဆ) မြေအောက်ရေစီမံခန့်ခွဲမှုလုပ်ငန်းကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ကျွမ်းကျင်သူပညာရှင်များနှင့် လိုအပ်သလို ပူးပေါင်းညှိနှိုင်းဆောင်ရွက်နိုင်ရန်၊

(ဇ) မြေအောက်ရေ စီမံခန့်ခွဲမှုလုပ်ငန်းနှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်ရန်။

အခန်း(၃)
ဗဟိုကော်မတီနှင့် လုပ်ငန်းအဖွဲ့အဆင့်ဆင့်ဖွဲ့စည်းခြင်းနှင့် တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၄။ အစိုးရအဖွဲ့သည်-

(က) ဗဟိုကော်မတီကို အောက်ပါအတိုင်းဖွဲ့စည်းရမည် -

(၁)	ပြည်ထောင်စုဝန်ကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန	ဥက္ကဋ္ဌ
(၂)	ဒုတိယဝန်ကြီး သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန	ဒုတိယဥက္ကဋ္ဌ
(၃)	ဒုတိယဝန်ကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန	အဖွဲ့ဝင်
(၄)	ဒုတိယဝန်ကြီး နယ်စပ်ရေးရာဝန်ကြီးဌာန	အဖွဲ့ဝင်
(၅)	ဒုတိယဝန်ကြီး ကျန်းမာရေးဝန်ကြီးဌာန	အဖွဲ့ဝင်
(၆)	ဒုတိယဝန်ကြီး ဆောက်လုပ်ရေးဝန်ကြီးဌာန	အဖွဲ့ဝင်
(၇)	နေပြည်တော်ကောင်စီဝင် နေပြည်တော်ကောင်စီ	အဖွဲ့ဝင်
(၈)	ညွှန်ကြားရေးမှူးချုပ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	အဖွဲ့ဝင်
(၉)	ညွှန်ကြားရေးမှူးချုပ် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန	အဖွဲ့ဝင်
(၁၀)	ညွှန်ကြားရေးမှူးချုပ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန	အဖွဲ့ဝင်
(၁၁)	ညွှန်ကြားရေးမှူးချုပ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန	အဖွဲ့ဝင်
(၁၂)	ညွှန်ကြားရေးမှူးချုပ် စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန	အဖွဲ့ဝင်
(၁၃)	ညွှန်ကြားရေးမှူးချုပ် ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန	အတွင်းရေးမှူး
(၁၄)	ညွှန်ကြားရေးမှူးချုပ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန	တွဲဖက်အတွင်းရေးမှူး

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသော ဗဟိုကော်မတီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ ဗဟိုကော်မတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် မြေအောက်ရေကြီးကြပ်ခြင်းနှင့် မြေအောက်ရေထိန်းသိမ်းခြင်းဆိုင်ရာမူဝါဒများ ချမှတ်ခြင်း၊

(ခ) မြေအောက်ရေနှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များ စုဆောင်းခြင်းဆိုင်ရာ ဗဟိုဌာန (Database Centre) တစ်ခု ထူထောင်ပြီး အချက်အလက်များစုဆောင်းခြင်း၊ မှတ်တမ်းပြုခြင်း၊ စူးစမ်းလေ့လာခြင်း၊ သုတေသနပြုခြင်းတို့နှင့်စပ်လျဉ်း၍ ဦးစီးဌာန၏ဆောင်ရွက်ချက်ကို ကြီးကြပ်ခြင်း၊ လမ်းညွှန်ခြင်း၊ မြေအောက်ရေကိုအသုံးချရာတွင် စောင့်ကြည့်ကွပ်ကဲရေးစနစ်ထားရှိခြင်း၊ ဦးစီးဌာနမှတစ်ဆင့် လုပ်ငန်းအဖွဲ့အဆင့်ဆင့်အား သတင်းအချက်အလက်များဖြန့်ဝေခြင်း၊

(ဂ) မြေအောက်ရေကို ထုတ်ယူသုံးစွဲခြင်းပြုရာတွင် မြေအောက်ရေ၏ သဘာဝစနစ်ကို ထိခိုက်ပျက်စီးစေနိုင်ခြင်း ရှိ မရှိ၊ လူနှင့်ပတ်ဝန်းကျင် မထိခိုက်စေရန် သတ်မှတ်သည့် စံချိန်စံညွှန်းများနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိ စီစစ်ကြီးကြပ်ခြင်းနှင့် အသိပညာဖြန့်ဖြူးခြင်း၊

(ဃ) နည်းပညာ၊ ငွေကြေးနှင့် ကျွမ်းကျင်မှုဆိုင်ရာ အကူအညီများလိုအပ်ပါက အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပြည်တွင်း၊ ပြည်ပ မြေအောက်ရေကျွမ်းကျင်ပညာရှင်များနှင့် အဖွဲ့အစည်းများထံမှ အကူအညီရယူခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(င) မြေအောက်ရေကို ရှာဖွေခြင်း၊ ထုတ်ယူသုံးစွဲခြင်းနှင့် ကြီးကြပ်ခြင်းဆိုင်ရာ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့များနှင့် ပြည်ထောင်စုနယ်မြေလုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များသတ်မှတ်ခြင်း၊

စာမျက်နှာ ၁၉ သို့

စာမျက်နှာ ၁၈ မှအဆက်

(စ) သက်ဆိုင်ရာလုပ်ငန်းတာဝန်များကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် သင့်လျော်သောလုပ်ငန်းတာဝန်များကို ဦးစီးဌာနအား လွှဲအပ်တာဝန်ပေးခြင်း၊

(ဆ) လုပ်ငန်းလိုင်စင်ကြေးအပါအဝင် အခြားသော အခကြေးငွေများကို သတ်မှတ်ခြင်း၊

(ဇ) သုံးစွဲခွင့်ပြုမိန့်အတွက် ကာလအတိုင်းအတာနှင့် ထုတ်ယူသုံးစွဲရမည့် ခွင့်ပြုရေပမာဏသတ်မှတ်ခြင်း၊

(ဈ) အစိုးရအဖွဲ့က အခါအားလျော်စွာပေးအပ်သော အခြားလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း၊

(ည) သက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များပါဝင်သော ဗဟိုကော်မတီ၏အကြံပေးအဖွဲ့ကို ဖွဲ့စည်းခြင်း။

၆။ ဗဟိုကော်မတီသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လုပ်ငန်းအဖွဲ့ သို့မဟုတ် ပြည်ထောင်စုနယ်မြေ လုပ်ငန်းအဖွဲ့ကို အောက်ပါအတိုင်းဖွဲ့စည်းရမည် -

(က) နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ သို့မဟုတ် ဝန်ကြီးချုပ် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥက္ကဋ္ဌ

(ခ) နေပြည်တော်ကောင်စီဝင် သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ သက်ဆိုင်ရာ ဝန်ကြီးတစ်ဦး ဒုတိယဥက္ကဋ္ဌ

(ဂ) ဒုတိယညွှန်ကြားရေးမှူးအဆင့်အောက် မနိမ့်သော ပုဂ္ဂိုလ် တစ်ဦးစီ

(၁) နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

(၂) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

(၃) ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန

(၄) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

(၅) ပြည်သူ့ကျန်းမာရေးဦးစီးဌာန

(၆) မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

(၇) သက်ဆိုင်ရာ စည်ပင်သာယာရေးကော်မတီ အဖွဲ့ဝင်

(ဃ) အတွင်းရေးမှူး

နေပြည်တော်ကောင်စီ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး

(င) ညွှန်ကြားရေးမှူး

ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန တွဲဖက် အတွင်းရေးမှူး

၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့ သို့မဟုတ် ပြည်ထောင်စုနယ်မြေ လုပ်ငန်းအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) မြေအောက်ရေနှင့်စပ်လျဉ်းသည့် အချက်အလက်များစုဆောင်းခြင်း၊ မှတ်တမ်းပြုခြင်း၊ သုတေသနပြုခြင်းတို့နှင့်စပ်လျဉ်း၍ ဦးစီးဌာန၏ ဆောင်ရွက်ချက်ကို ကြီးကြပ်ခြင်း၊ လမ်းညွှန်ခြင်း၊ မြေအောက်ရေကိုအသုံးချရာတွင် စောင့်ကြည့်ကွပ်ကဲရေးစနစ်ထားရှိခြင်း၊

(ခ) မြေအောက်ရေကို ထုတ်ယူသုံးစွဲခြင်းပြုရာတွင် မြေအောက်ရေ၏ သဘာဝစနစ်ကို ထိခိုက်စေနိုင်ခြင်း ရှိ မရှိ၊ လူနှင့် ပတ်ဝန်းကျင်မထိခိုက်စေရန် သတ်မှတ်သည့် စံချိန် စံညွှန်းများနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်ကြီးကြပ်ခြင်းနှင့် အသိပညာဖြန့်ဖြူးခြင်း၊

(ဂ) မြေအောက်ရေကို ထုတ်ယူသုံးစွဲခြင်းနှင့် မြေအောက်ရေကြီးကြပ်ခြင်းဆိုင်ရာ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သောလုပ်ငန်းအဖွဲ့ အဆင့်ဆင့်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း၊

(ဃ) လုပ်ငန်းတာဝန်များကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် သင့်လျော်သော လုပ်ငန်းတာဝန်များကို မြို့နယ်လုပ်ငန်းအဖွဲ့များအား လွှဲအပ်တာဝန်ပေးအပ်ခြင်း၊

(င) ဗဟိုကော်မတီအဖွဲ့က အခါအားလျော်စွာပေးအပ်သော အခြားလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း၊

(စ) လုပ်ငန်းလိုင်စင် သို့မဟုတ် လုပ်ငန်းသုံးအတွက် တူးဖော်ခွင့်ပြုမိန့် သို့မဟုတ် သုံးစွဲခွင့်ပြုမိန့် ထုတ်ပေးရန် လျှောက်ထားချက်ကို ခွင့်ပြုခြင်း၊ ပြင်ဆင်ဆောင်ရွက်စေခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ဆ) လုပ်ငန်းသုံး တူးဖော်ခွင့်ပြုမိန့် သက်တမ်းတိုးလျှောက်ထားချက်ကို ခွင့်ပြုခြင်း၊ ပြင်ဆင်ဆောင်ရွက်စေခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ဇ) တူးဖော်ထားသောစက်ရေတွင်းများကို ဝင်ရောက်စစ်ဆေးခြင်း၊

(ဈ) အပူခံဝင်မှုများကို စိစစ်ဆုံးဖြတ်ခြင်း။

၈။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လုပ်ငန်းအဖွဲ့ သို့မဟုတ် ပြည်ထောင်စုနယ်မြေ လုပ်ငန်းအဖွဲ့သည် မြို့နယ်လုပ်ငန်းအဖွဲ့များကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

(က) အုပ်ချုပ်ရေးမှူး ဥက္ကဋ္ဌ
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(ခ) တာဝန်ခံ အဖွဲ့ဝင်
မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

(ဂ) တာဝန်ခံ အဖွဲ့ဝင်
မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန

(ဃ) တာဝန်ခံ အဖွဲ့ဝင်
မြို့နယ်မြေစာရင်းဦးစီးဌာန

(င) တာဝန်ခံ အဖွဲ့ဝင်
မြို့နယ်သစ်တောဦးစီးဌာန

(စ) တာဝန်ခံ အဖွဲ့ဝင်
စိုက်ပျိုးရေးဦးစီးဌာန

(ဆ) တာဝန်ခံ အဖွဲ့ဝင်
မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန

(ဇ) တာဝန်ခံ အဖွဲ့ဝင်
မြို့နယ်မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

(ဈ) အမှုဆောင်အရာရှိ အတွင်းရေးမှူး
မြို့နယ်စည်ပင်သာယာရေးအဖွဲ့

၉။ မြို့နယ်လုပ်ငန်းအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မြေအောက်ရေနှင့်စပ်လျဉ်းသည့် အချက်အလက်များ စုဆောင်းခြင်း၊ မှတ်တမ်းပြုခြင်း၊ သုတေသနပြုခြင်းတို့နှင့်စပ်လျဉ်း၍ ဦးစီးဌာန၏ လမ်းညွှန်ချက်အတိုင်း ကြီးကြပ်ခြင်း၊ လမ်းညွှန်ခြင်း၊ မြေအောက်ရေကို အသုံးချရာတွင် စောင့်ကြည့်ကွပ်ကဲရေးစနစ်ထားရှိခြင်း၊

(ခ) မြေအောက်ရေကို ထုတ်ယူသုံးစွဲခြင်းပြုရာတွင် မြေအောက်ရေ၏ သဘာဝစနစ်ကို ထိခိုက်ပျက်စီးစေနိုင်ခြင်း ရှိ မရှိ၊ လူနှင့် ပတ်ဝန်းကျင် မထိခိုက်စေရန် သတ်မှတ်သည့် စံချိန်စံညွှန်းများနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်ကြီးကြပ်ခြင်းနှင့် အသိပညာဖြန့်ဖြူးခြင်း၊

(ဂ) ဗဟိုကော်မတီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့နှင့် ပြည်ထောင်စုနယ်မြေလုပ်ငန်းအဖွဲ့က အခါအားလျော်စွာ ပေးအပ်သော အခြားလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း၊

(ဃ) အိမ်သုံးအတွက် တူးဖော်ခွင့်ပြုမိန့် သို့မဟုတ် သုံးစွဲခွင့်ပြုမိန့်ထုတ်ပေးရန် လျှောက်ထားချက်ကို ခွင့်ပြုခြင်း၊ ပြင်ဆင်ဆောင်ရွက်စေခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(င) အိမ်သုံးတူးဖော်ခွင့်ပြုမိန့် သက်တမ်းတိုးလျှောက်ထားချက်ကို ခွင့်ပြုခြင်း၊ ပြင်ဆင်ဆောင်ရွက်စေခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(စ) တူးဖော်ထားသောစက်ရေတွင်းများကို ဝင်ရောက်စစ်ဆေးခြင်း။

အခန်း(၄)

တူးဖော်ခွင့်ပြုမိန့်နှင့် သုံးစွဲခွင့်ပြုမိန့်

၁၀။ (က) မြေအောက်ရေကို အိမ်သုံးအတွက် စက်ရေတွင်း တူးဖော်လိုသူသည် တူးဖော်ခွင့်ပြုမိန့် ရရှိရေးအတွက် သက်ဆိုင်ရာ မြို့နယ်လုပ်ငန်းအဖွဲ့သို့ သတ်မှတ်ချက်နှင့်အညီ လျှောက်ထားရမည်။

(ခ) တူးဖော်ခွင့်ပြုမိန့်အရ တူးဖော်သော စက်ရေတွင်းမှထွက်ရှိသည့် မြေအောက်ရေကို အိမ်သုံးအတွက် ထုတ်ယူသုံးစွဲလိုသူသည် သုံးစွဲခွင့်ပြုမိန့်ရရှိရန် သက်ဆိုင်ရာမြို့နယ် လုပ်ငန်းအဖွဲ့သို့ သတ်မှတ်ချက်နှင့်အညီ လျှောက်ထားရမည်။

၁၁။ မြို့နယ်လုပ်ငန်းအဖွဲ့သည်-

(က) ပုဒ်မ ၁၀ ပုဒ်မခွဲ(က)အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး အိမ်သုံးအတွက် တူးဖော်ခွင့်ပြုမိန့်ကို ထုတ်ပေးရန် ခွင့်ပြုခြင်း၊ ပြင်ဆင်ဆောင်ရွက်စေခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မ ၁၀ ပုဒ်မခွဲ (ခ) အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး အိမ်သုံးအတွက် သုံးစွဲခွင့်ပြုမိန့်ကို ထုတ်ပေးရန် ခွင့်ပြုခြင်း၊ ပြင်ဆင်ဆောင်ရွက်စေခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၁၂။ (က) မြေအောက်ရေကို လုပ်ငန်းသုံးအတွက် စက်ရေတွင်းတူးဖော်လိုသူသည် တူးဖော်ခွင့်ပြုမိန့်ရရှိရေးအတွက် သက်ဆိုင်ရာ မြို့နယ်လုပ်ငန်းအဖွဲ့မှတစ်ဆင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့ သို့မဟုတ် ပြည်ထောင်စုနယ်မြေလုပ်ငန်းအဖွဲ့သို့ သတ်မှတ်ချက်နှင့်အညီ လျှောက်ထားရမည်။

(ခ) တူးဖော်ခွင့်ပြုမိန့်အရ တူးဖော်သော စက်ရေတွင်းမှ ထွက်ရှိသည့်မြေအောက်ရေကို လုပ်ငန်းသုံးအတွက် ထုတ်ယူသုံးစွဲလိုသူသည် သုံးစွဲခွင့်ပြုမိန့်ရရှိရန် သက်ဆိုင်ရာမြို့နယ်လုပ်ငန်းအဖွဲ့မှတစ်ဆင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့ သို့မဟုတ် ပြည်ထောင်စုနယ်မြေလုပ်ငန်းအဖွဲ့သို့ သတ်မှတ်ချက်နှင့်အညီ လျှောက်ထားရမည်။

၁၃။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့ သို့မဟုတ် ပြည်ထောင်စုနယ်မြေလုပ်ငန်းအဖွဲ့သည်-

(က) ပုဒ်မ ၁၂ ပုဒ်မခွဲ(က)အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး လုပ်ငန်းသုံးအတွက် တူးဖော်ခွင့်ပြုမိန့်ကို ထုတ်ပေးရန် ခွင့်ပြုခြင်း၊ ပြင်ဆင်ဆောင်ရွက်စေခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မ ၁၂ ပုဒ်မခွဲ(ခ)အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး လုပ်ငန်းသုံးအတွက် သုံးစွဲခွင့်ပြုမိန့်ကို ထုတ်ပေးရန် ခွင့်ပြုခြင်း၊ ပြင်ဆင်ဆောင်ရွက်စေခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၁၄။ တူးဖော်ခွင့်ပြုမိန့် သို့မဟုတ် သုံးစွဲခွင့်ပြုမိန့်ရရှိသူသည်-

(က) တူးဖော်ခွင့်ပြုမိန့် သို့မဟုတ် သုံးစွဲခွင့်ပြုမိန့်တို့ပါစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရမည်။

(ခ) တူးဖော်ခွင့်ပြုမိန့် သို့မဟုတ် သုံးစွဲခွင့်ပြုမိန့် ထုတ်ပေးသည့် သက်ဆိုင်ရာလုပ်ငန်းအဖွဲ့၏ အခါအားလျော်စွာ စစ်ဆေးခြင်းကို ခံယူရမည်။

(ဂ) စက်ရေတွင်းကို အကြောင်းတစ်ရပ်ရပ်ကြောင့် ပိတ်သိမ်းလိုပါက သက်ဆိုင်ရာလုပ်ငန်းအဖွဲ့သို့ တင်ပြ၍ ခွင့်ပြုချက်ရယူရမည်။

အခန်း(၅)

လုပ်ငန်းလိုင်စင်

၁၅။ စက်ရေတွင်းတူးဖော်ခြင်းဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်လိုသူသည် လုပ်ငန်းလိုင်စင်ရရှိရန် သက်ဆိုင်ရာမြို့နယ်လုပ်ငန်းအဖွဲ့မှတစ်ဆင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့ သို့မဟုတ် ပြည်ထောင်စုနယ်မြေလုပ်ငန်းအဖွဲ့သို့ သတ်မှတ်ချက်နှင့်အညီ လျှောက်ထားရမည်။

၁၆။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့ သို့မဟုတ် ပြည်ထောင်စုနယ်မြေလုပ်ငန်းအဖွဲ့သည် ပုဒ်မ ၁၅ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်နှင့်အညီ စိစစ်ပြီး လုပ်ငန်းလိုင်စင်ထုတ်ပေးရန် ခွင့်ပြုခြင်း၊ ပြင်ဆင်ဆောင်ရွက်စေခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၁၇။ လုပ်ငန်းလိုင်စင်ရရှိသူသည်-

(က) လုပ်ငန်းလိုင်စင်ပါ စည်းကမ်းချက်များကို လိုက်နာရမည်။

(ခ) သက်ဆိုင်ရာလုပ်ငန်းအဖွဲ့၏ အခါအားလျော်စွာ စစ်ဆေးခြင်းကို ခံယူရမည်။

အခန်း(၆)

သက်တမ်းတိုးလျှောက်ထားခြင်း

၁၈။ တူးဖော်ခွင့်ပြုမိန့်ရရှိသူသည်-

(က) စက်ရေတွင်းကို တူးဖော်ခွင့်ပြုမိန့်ပါ သတ်မှတ်ကာလအတွင်း ပြီးစီးအောင်တူးဖော်ရမည်။

(ခ) ပုဒ်မခွဲ(က)နှင့်အညီ စက်ရေတွင်းကို ပြီးစီးအောင်တူးဖော်နိုင်ခြင်းမရှိပါက တူးဖော်ခွင့်ပြုမိန့် သတ်မှတ်ကာလတိုးမြှင့်ပေးရန် တူးဖော်ခွင့်ပြုမိန့်ပေးသည့် လုပ်ငန်းအဖွဲ့သို့ သတ်မှတ်ချက်နှင့်အညီ လျှောက်ထားရမည်။

စာမျက်နှာ ၂၀ သို့

စာမျက်နှာ ၁၉ မှအဆက်

၁၉။ ပုဒ်မ ၁၈၊ ပုဒ်မခွဲ (ခ)အရ သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားချက်အပေါ် ခွင့်ပြုမိန့်ထုတ်ပေးသည့် လုပ်ငန်းအဖွဲ့ သို့မဟုတ် ယင်းကဘာဝန်လွှဲအပ်သောအဖွဲ့သည် ကွင်းဆင်းစစ်ဆေးပြီးနောက် သက်တမ်းတိုးမြှင့်ပေးသင့်ကြောင်းတွေ့ရှိလျှင် ယင်းခွင့်ပြုမိန့်ထုတ်ပေးသည့် လုပ်ငန်းအဖွဲ့က သက်တမ်းတိုးမြှင့်ပေးရမည်။

၂၀။ လုပ်ငန်းလိုင်စင်ရရှိသူသည် လိုင်စင်သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း ၃၀ အတွင်း သက်တမ်းတိုးမြှင့်ပေးရန် သက်ဆိုင်ရာ မြို့နယ်လုပ်ငန်းအဖွဲ့မှတစ်ဆင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့ သို့မဟုတ် ပြည်ထောင်စုနယ်မြေလုပ်ငန်းအဖွဲ့သို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားနိုင်သည်။

၂၁။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့ သို့မဟုတ် ပြည်ထောင်စုနယ်မြေ လုပ်ငန်းအဖွဲ့သည် ပုဒ်မ ၂၀ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး သက်တမ်းတိုးပေးရန် ခွင့်ပြုခြင်း၊ ပြင်ဆင်ဆောင်ရွက်စေခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

အခန်း(၇)

စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၂၂။ သက်ဆိုင်ရာ မြို့နယ်လုပ်ငန်းအဖွဲ့သည် အိမ်သုံးအတွက် တူးဖော်ခွင့်ပြုမိန့် သို့မဟုတ် သုံးစွဲခွင့်ပြုမိန့်ရရှိသူက ပုဒ်မ ၁၄ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်လျှင် ထိုသူကို အောက်ပါစီမံခန့်ခွဲရေးနည်းလမ်းတစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည်-

(က) သတိပေးခြင်း၊

(ခ) ဒဏ်ကြေးငွေပေးဆောင်စေခြင်း၊

(ဂ) ကာလအကန့်အသတ်ဖြင့် ဆိုင်းငံ့ခြင်း၊

(ဃ) ပယ်ဖျက်ခြင်း။

၂၃။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့ သို့မဟုတ် ပြည်ထောင်စုနယ်မြေလုပ်ငန်းအဖွဲ့သည် လုပ်ငန်းသုံးအတွက် တူးဖော်ခွင့်ပြုမိန့် သို့မဟုတ် သုံးစွဲခွင့်ပြုမိန့်ရရှိသူက ပုဒ်မ ၁၄ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ လုပ်ငန်းလိုင်စင်ရရှိသူက ပုဒ်မ ၁၇ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုဖြစ်စေ လိုက်နာရန်ပျက်ကွက်လျှင် ထိုသူကို အောက်ပါစီမံခန့်ခွဲရေး နည်းလမ်းတစ်ရပ်ရပ်ဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည်-

(က) သတိပေးခြင်း၊

(ခ) ဒဏ်ကြေးငွေပေးဆောင်စေခြင်း၊

(ဂ) ကာလအကန့်အသတ်ဖြင့် ဆိုင်းငံ့ခြင်း၊

(ဃ) ပယ်ဖျက်ခြင်း။

အခန်း (၈)

အယူခံခြင်း

၂၄။ (က) မြို့နယ်လုပ်ငန်းအဖွဲ့က ပုဒ်မ ၂၂ စီမံခန့်ခွဲရေးနည်းလမ်းအရ ချမှတ်သည့် ဆုံးဖြတ်ချက် တစ်ရပ်ရပ်ကိုသော်လည်းကောင်း၊ ဤဥပဒေအရချမှတ်သည့် အခြားဆုံးဖြတ်ချက် တစ်ရပ်ရပ်ကိုသော်လည်းကောင်း ကျေနပ်မှုမရှိသူသည် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့ သို့မဟုတ် ပြည်ထောင်စုနယ်မြေ လုပ်ငန်းအဖွဲ့သို့ အယူခံနိုင်သည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့ သို့မဟုတ် ပြည်ထောင်စုနယ်မြေ လုပ်ငန်းအဖွဲ့သည် ပုဒ်မခွဲ (က) အရ အယူခံခြင်းနှင့်စပ်လျဉ်း၍ မြို့နယ်လုပ်ငန်းအဖွဲ့၏ ဆုံးဖြတ်ချက်ကို ပြင်ဆင်ခြင်း၊ အတည်ပြုခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

(ဂ) ပုဒ်မခွဲ (ခ) အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့ သို့မဟုတ် ပြည်ထောင်စုနယ်မြေ လုပ်ငန်းအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

၂၅။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့ သို့မဟုတ် ပြည်ထောင်စုနယ်မြေ လုပ်ငန်းအဖွဲ့က ပုဒ်မ ၂၃ စီမံခန့်ခွဲရေးနည်းလမ်းအရ ချမှတ်သည့် ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကိုသော်လည်းကောင်း၊ ဤဥပဒေအရ ချမှတ်သည့် အခြားဆုံးဖြတ်ချက် တစ်ရပ်ရပ်ကိုသော်လည်းကောင်း ကျေနပ်မှုမရှိသူသည် ဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဗဟိုကော်မတီသို့ အယူခံနိုင်သည်။

(ခ) ဗဟိုကော်မတီသည် ပုဒ်မခွဲ (က) အရ အယူခံခြင်းနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့ သို့မဟုတ် ပြည်ထောင်စုနယ်မြေ လုပ်ငန်းအဖွဲ့၏ ဆုံးဖြတ်ချက်ကို ပြင်ဆင်ခြင်း၊ အတည်ပြုခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

(ဂ) ပုဒ်မခွဲ (ခ) အရ ဗဟိုကော်မတီ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

အခန်း(၉)

တားမြစ်ချက်များ

၂၆။ မည်သူမျှ-

(က) တူးဖော်ခွင့်ပြုမိန့်မရှိဘဲ အိမ်သုံးအတွက် စက်ရေတွင်းတူးဖော်ခြင်း မပြုရ၊

(ခ) သုံးစွဲခွင့်ပြုမိန့်မရှိဘဲ အိမ်သုံးအတွက် ထုတ်ယူသုံးစွဲခြင်း မပြုရ၊

(ဂ) တူးဖော်ခွင့်ပြုမိန့်မရှိဘဲ လုပ်ငန်းသုံးအတွက် စက်ရေတွင်းတူးဖော်ခြင်း မပြုရ၊

(ဃ) သုံးစွဲခွင့်ပြုမိန့်မရှိဘဲ လုပ်ငန်းသုံးအတွက် ထုတ်ယူသုံးစွဲခြင်း မပြုရ၊

(င) လုပ်ငန်းလိုင်စင်မရှိဘဲ စက်ရေတွင်းတူးဖော်ခြင်း ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ခြင်းမပြုရ၊

(စ) သဘာဝပတ်ဝန်းကျင် ထိခိုက်စေခြင်းနှင့် မြေအောက်ရေ ရေရှည်တည်တံ့ခိုင်မြဲရေးအား ထိခိုက်နစ်နာဆုံးရှုံးမှု ဖြစ်ပေါ်စေသော တူးဖော်သုံးစွဲခြင်းမျိုး မပြုရ။

၂၇။ တူးဖော်ခွင့်ပြုမိန့်ရရှိသူ မည်သူမျှ-

(က) တူးဖော်ခွင့်ပြုမိန့်ပါ သတ်မှတ်ခွင့်ပြုသည့်နေရာမှအပ အခြားနေရာတွင် စက်ရေတွင်း တူးဖော်ခြင်း မပြုရ၊

(ခ) တူးဖော်ခွင့်ပြုမိန့်ပါ စက်ရေတွင်းအရေအတွက်နှင့် အရွယ်အစားကိုကျော်လွန်၍ တူးဖော်ခြင်း မပြုရ။

၂၈။ လုပ်ငန်းလိုင်စင်ရရှိသူ မည်သူမျှ -

(က) တူးဖော်ခွင့်ပြုမိန့်ပါ သတ်မှတ်ခွင့်ပြုသည့်နေရာမှအပ အခြားနေရာတွင် စက်ရေတွင်း တူးဖော်ခြင်း ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်ခြင်း မပြုရ၊

(ခ) တူးဖော်ခွင့်ပြုမိန့်ပါ စက်ရေတွင်းအရေအတွက်နှင့် အရွယ်အစားကိုကျော်လွန်၍ တူးဖော်ခြင်း ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်ခြင်း မပြုရ၊

(ဂ) တူးဖော်ခွင့်ပြုမိန့်သတ်မှတ်ကုန်ဆုံးပါက စက်ရေတွင်းတူးဖော်ခြင်း ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်ခြင်း မပြုရ။

၂၉။ မည်သူမျှမြေအောက်ရေ ညစ်ညမ်းစေမည့် မည်သည့်အပြုအမူကိုမျှ မပြုလုပ်ရ။

၃၀။ မည်သည့်သုံးစွဲခွင့်ပြုမိန့်ရရှိသူမျှ ဗဟိုကော်မတီက သတ်မှတ်ခွင့်ပြုထားသည့်ကာလ အတိုင်းအတာနှင့် ထုတ်ယူသုံးစွဲရမည့် ခွင့်ပြုရေပမာဏထက်ပို၍ ထုတ်ယူသုံးစွဲခြင်းမပြုရ။

၃၁။ မည်သူမျှ သုံးစွဲခွင့်ပြုမိန့်ပါ ခွင့်ပြုချက်မှတစ်ပါး အခြားလုပ်ငန်းများအတွက် အသုံးပြုခြင်းမပြုရ။

အခန်း(၁၀)

ဖြစ်မှုနှင့် ပြစ်ဒဏ်များ

၃၂။ မည်သူမဆို -

(က) ပုဒ်မ ၂၆ ပုဒ်မခွဲ(က) သို့မဟုတ် (ခ) ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်ငါးသိန်းအထိ ငွေဒဏ်ချမှတ်နိုင်သည်။

(ခ) ပုဒ်မ ၂၆ ပုဒ်မခွဲ (ဂ) သို့မဟုတ် (ဃ) ပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ် ငါးသိန်းမှ အများဆုံး ကျပ်သိန်း ၂၀ အထိ ငွေဒဏ်ချမှတ်နိုင်သည်။

(ဂ) ပုဒ်မ ၂၆ ပုဒ်မခွဲ (င) ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးကျပ် သိန်း ၂၀ မှ အများဆုံးကျပ် သိန်း ၅၀ အထိ ငွေဒဏ်ချမှတ်နိုင်သည်။

(ဃ) ပုဒ်မ ၂၆ ပုဒ်မခွဲ (စ) ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ်သိန်း ၂၀ မှ အများဆုံး ကျပ်သိန်း ၅၀ အထိ ငွေဒဏ်ချမှတ်နိုင်သည်။

၃၃။ တူးဖော်ခွင့်ပြုမိန့်ရရှိသူ မည်သူမဆို ပုဒ်မ ၂၇ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်ငါးသိန်းအထိ ငွေဒဏ်ချမှတ်နိုင်သည်။

၃၄။ လုပ်ငန်းလိုင်စင်ရရှိသူ မည်သူမဆို ပုဒ်မ ၂၈ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်ငါးသိန်းအထိ ငွေဒဏ်ချမှတ်နိုင်သည်။

၃၅။ မည်သူမဆို ပုဒ်မ ၂၉ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်ငါးသိန်းအထိ ငွေဒဏ်ချမှတ်နိုင်သည်။

၃၆။ သုံးစွဲခွင့်ရရှိသူ မည်သူမဆို ပုဒ်မ ၃၀ ပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်ငါးသိန်းအထိ ငွေဒဏ်ချမှတ်နိုင်သည်။

၃၇။ မည်သူမဆို ပုဒ်မ ၃၁ ပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်ငါးသိန်းအထိ ငွေဒဏ်ချမှတ်နိုင်သည်။

အခန်း(၁၁)

အထွေထွေ

၃၈။ ဗဟိုကော်မတီသည် စက်ရေတွင်းများတွင် မြေအောက်ရေထုတ်ယူသုံးစွဲမှုပမာဏကို တိုင်းတာနိုင်ရန် သင့်လျော်သော ရေမီတာစနစ်များတပ်ဆင်ရန် ကြိုးကြပ်ကွပ်ကဲ ဆောင်ရွက်သွားရမည်။

၃၉။ ရေလျှံတွင်းများ၊ ရေလျှံဇုန်များ၊ မြေအောက်ရေအောင်းလှောဇုန် (groundwater basin) များ၊ မြေအောက်တမံ (subsurface dam) များနှင့် စပ်လျဉ်း၍ ဗဟိုကော်မတီ၏ လမ်းညွှန်မှုနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့ သို့မဟုတ် ပြည်ထောင်စုနယ်မြေလုပ်ငန်းအဖွဲ့မှ ကြိုးကြပ်ကွပ်ကဲ ဆောင်ရွက်ရမည်။

၄၀။ ဝန်ကြီးဌာနသည် ပုဒ်မ ၃ ပါ ရည်ရွယ်ချက်များအရ ဗဟိုကော်မတီနှင့် လုပ်ငန်းအဖွဲ့အဆင့်ဆင့်သို့ နေရာဒေသအလိုက် မြေအောက်ရေအခြေအနေဆိုင်ရာ အချက်အလက်များ ပံ့ပိုးပေးနိုင်ရန် သုတေသနများ ဆောင်ရွက်ရမည်။

၄၁။ ဝန်ကြီးဌာနသည် မြေအောက်ရေဆိုင်ရာ သတင်းအချက်အလက်များ ပိုမိုခိုင်မာစေရန် မြေအောက်ရေနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များ စုဆောင်းခြင်းဆိုင်ရာဗဟိုဌာန (Database Centre) ထူထောင်ခြင်း၊ မြေအောက်ရေရှာဖွေခြင်း၊ သုတေသနပြုခြင်း၊ ကြီးကြပ်ခြင်း၊ ထိန်းသိမ်းခြင်းလုပ်ငန်းများနှင့် ဓာတ်ခွဲခန်းများ ဆောင်ရွက်ရာတွင် လိုအပ်သောဘဏ္ဍာရန်ပုံငွေကို တင်ပြတောင်းခံနိုင်သည်။

၄၂။ ဦးစီးဌာနသည် ဗဟိုကော်မတီ၏ ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရမည်။

၄၃။ သက်ဆိုင်ရာ လုပ်ငန်းအဖွဲ့အဆင့်ဆင့်သည် မြေအောက်ရေဆိုင်ရာ သတင်းအချက်အလက်များကို ဦးစီးဌာနမှ တိုက်ရိုက်တောင်းယူနိုင်သည်။

၄၄။ လုပ်ငန်းလိုင်စင်လျှောက်ထားသူသည် ဗဟိုကော်မတီကသတ်မှတ်သည့် အခကြေးငွေများကို လည်းကောင်း၊ လုပ်ငန်းလိုင်စင်ထုတ်ပေးခြင်းမပြုမီ ကန့်ကွက်လွှာဆင့်ခေါ်သည့် ကုန်ကျစရိတ်ကို လည်းကောင်း ကျခံရမည်။

၄၅။ လုပ်ငန်းလိုင်စင်၊ တူးဖော်ခွင့်ပြုမိန့်နှင့် သုံးစွဲခွင့်ပြုမိန့်တို့မှရရှိသည့် အခကြေးငွေများကို ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ ဘဏ္ဍာရန်ပုံငွေများသို့ ပေးသွင်းရမည်။

၄၆။ တူးဖော်ခွင့်ပြုမိန့်နှင့်သုံးစွဲခွင့်ပြုမိန့် လျှောက်ထားသူသည် ဗဟိုကော်မတီက အခါအားလျော်စွာ သတ်မှတ်သည့် အခကြေးငွေများကိုလည်းကောင်း၊ တူးဖော်ခွင့်ပြုမိန့်နှင့် သုံးစွဲခွင့်ပြုမိန့် ထုတ်ပေးခြင်းမပြုမီ ကန့်ကွက်လွှာဆင့်ခေါ်သည့် ကုန်ကျစရိတ်ကိုလည်းကောင်း ကျခံရမည်။

၄၇။ ဗဟိုကော်မတီသည် အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းများနှင့် စပ်လျဉ်း၍ ဤဥပဒေအရ ဆောင်ရွက်ရမည့် တာဝန်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ လိုက်နာရခြင်းမှကင်းလွတ်ခွင့်ပြုနိုင်သည်။

၄၈။ ဤဥပဒေမပြဋ္ဌာန်းမီ တူးဖော်ခဲ့ပြီးသော စက်ရေတွင်းများအနက် တွင်းကောင်းမွန်ပြီး လက်ရှိရေထုတ်ယူနေသော တွင်းများသည် ဤဥပဒေအရ ထုတ်ပြန်ထားသော အမိန့်နှင့် ညွှန်ကြားချက်များအတိုင်း စာရင်းသွင်းခြင်း၊ မှတ်ပုံတင်ခြင်းများ ဆောင်ရွက်ရမည်။

၄၉။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ဗဟိုကော်မတီသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့ သို့မဟုတ် ပြည်ထောင်စုနယ်မြေလုပ်ငန်းအဖွဲ့သည် ဗဟိုကော်မတီ၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၅၀။ The Underground Water Act (Burma Act No. IV, 1930) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ပျဉ်းမနားမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်တို့မှ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ဆရာမများ သွားရောက်လေ့လာ





တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)၌ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ ကြည့်ရှုလေ့လာကြစဉ်။

နေပြည်တော် နိုဝင်ဘာ ၉

ကျောင်းသား လူငယ်မောင်မယ်များ နိုင်ငံတော်၏သမိုင်းနှင့် တပ်မတော်၏ သမိုင်းကြောင်းများကိုသိရှိပြီး အသိပညာ ဗဟုသုတများစွာရရှိစေရန်၊ လူငယ်များကို မျိုးချစ်စိတ်ဓာတ်များရှင်သန်ထက်မြက်လာစေပြီး နိုင်ငံချစ်စိတ်နှင့် တိုင်းပြည်ချစ်စိတ်များ တိုးတက်ဖြစ်ထွန်းလာစေရန် ကျောင်းသင်ရိုးညွှန်းတမ်းပါသင်ခန်းစာများကို အထောက်အကူပြုစေရန်ရည်ရွယ်၍ နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်) သို့ လာရောက်လေ့လာနိုင်ရေးစီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ်ရှိ နေပြည်တော် စံကိုယ်ပိုင်အထက်တန်းကျောင်း၊ ကံ့ကော်ကိုယ်ပိုင်အထက်တန်းကျောင်း၊ ကောင်းထူးချွန်ကိုယ်ပိုင်အထက်တန်းကျောင်း၊ ပွင့်ပန်းကိုယ်ပိုင်အထက်တန်းကျောင်း၊ ဟိန်းပညာကိုယ်ပိုင်အထက်တန်းကျောင်း၊ ပုဗ္ဗသီရိမြို့နယ်ရှိ FUTURE STAR ကိုယ်ပိုင်အလယ်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ဆရာမများသည် ယနေ့တွင် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ သွားရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ရောက်ရှိကြပြီး တပ်မတော်(လေ)ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသော ခေတ်အဆက်ဆက်အသုံးပြုခဲ့သည့် တပ်မတော်လေယာဉ်၊ရဟတ်ယာဉ်များနှင့် တပ်မတော်(ရေ)ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသည့် စစ်ရေယာဉ်ပုံစံတူများ၊ စစ်လက်နက်ပစ္စည်းများကို စိတ်ပါဝင်စားစွာလေ့လာကြည့်ရှုကြပြီး အမှတ်တရ ဓာတ်ပုံများရိုက်ကြသည်။

ဆက်လက်၍ တပ်မတော်(ကြည်း) ပြင်ပပြကွက်နှင့် ပြခန်းဆောင်ရှိ စစ်လက်နက်ပစ္စည်းများ ခေတ်အဆက်ဆက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်များ၏ ရုပ်တုများနှင့် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာကြပြီး မြန်မာ့တပ်မတော် သမိုင်းမှတ်တမ်းရုပ်ရှင်ကို ကြည့်ရှုကြသည်။ ထို့နောက် ပြတိုက်တာဝန်ရှိသူများက လာရောက်လေ့လာကြသော ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ဆရာမများအတွက် မုန့်များ ပေးဝေကြသည်။

ယင်းနောက် ပြတိုက်တာဝန်ရှိသူများက ပြတိုက်သမိုင်း၊ ရည်ရွယ်ချက်နှင့် ပြတိုက်အတွင်းရှိ ကဏ္ဍအလိုက် ပြခန်း၊ ပြကွက်များပြသထားမှုတို့ကို ရှင်းလင်းပြသကြသည်။ ထို့နောက် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများက ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ပြခန်းများကို စိတ်ပါဝင်စားစွာလှည့်လည်ကြည့်ရှုလေ့လာပြီး သိရှိလိုသည်များ မေးမြန်းကြရာ ပြခန်းတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးသည်။

ဆက်လက်၍ ယနေ့လေ့လာမှတ်သားခဲ့သည့်ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲပြုလုပ်ကာ မေးခွန်းများမှန်ကန်စွာဖြေဆိုနိုင်သော ကျောင်းသား၊ကျောင်းသူများကို ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများအဖြစ် ထမင်းချိုင့်၊ ထီး၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများ ပေးအပ်ချီးမြှင့်ကြသည်။

ထိုကဲ့သို့ လေ့လာရေးလာရောက်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများ၏ ရင်တွင်းစကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-

"စစ်သမိုင်းပြတိုက်ကို သမီးတို့အခုလို လာရောက်လေ့လာတဲ့အခါမှာ တာဝန်ရှိတဲ့သူတွေက ကြည်း၊ရေ၊လေပြခန်းသုံးခန်း အသုံးပြုတဲ့အသုံးအဆောင်ပစ္စည်းတွေကို လေ့လာခွင့်ရရှိခဲ့ပါတယ်။ ရှေးယခင်ကတည်းက တည်ဆောက်လာတဲ့ တပ်မတော်ဟာ ယနေ့ခေတ်ကာလမှာ စွမ်းအားမြင့်လက်နက်တွေကို ပိုင်ဆိုင်ပြီး ဆောင်ရွက်နေတာကိုလဲလေ့လာသိရှိခဲ့ရပါတယ်။ စစ်သမိုင်းပြတိုက်ကို လေ့လာခဲ့ရခြင်းဖြင့် သမီးတို့မသိတာတွေကို ပိုပြီး သိမြင်ခွင့်ရတဲ့အတွက် များစွာသော ဗဟုသုတတွေကို ရရှိစေခဲ့တဲ့အတွက် မရောက်ဖူးသေးတဲ့ သူငယ်ချင်းတွေကိုလဲ လာရောက်လေ့လာဖို့ ဖိတ်ခေါ်ပါတယ်" ဟု ပြောသည်။

ကျွန်တော်တို့အနေနဲ့ တပ်မတော်စစ်သမိုင်းပြတိုက်ကို လေ့လာခွင့်ရတဲ့





အတွက် ဂုဏ်ယူပါတယ်ခင်ဗျာ။ ကျောင်းမှာက စာတွေ့အဖြစ်ပဲ သင်ယူခဲ့ရပြီး စစ်သမိုင်းပြတိုက်ရဲ့ ကြည်း၊ ရေ၊ လေပြခန်းတွေနဲ့ ပြင်ပပြကွက်တွေကို စာတွေ့ရောလက်တွေ့ရောပေါင်းပြီးတော့ လေ့လာခွင့်ရတဲ့အတွက် နိုင်ငံတော်ရဲ့သမိုင်းကြောင်းဟာ ရှေးခေတ်က အခိုင်အမာရှိခဲ့တယ်ဆိုတာကိုသိမြင်ခဲ့ရပါတယ်ဗျ။ နိုင်ငံတော်တစ်ခုတိုးတက်ဖို့ဆိုတာ နိုင်ငံရေး၊ စီးပွားရေး၊ ဘာသာရေးနဲ့ ကာကွယ်ရေးပါဘက်စုံဟန်ချက်ညီညီမှရမယ်ဗျ။ တပ်မတော်အတွင်းမှာ အသုံးပြုခဲ့တဲ့ တိုက်လေယာဉ်၊ သင်္ဘောတွေနဲ့ လက်နက်ခဲယမ်းတွေကိုလက်တွေ့ကျကျတွေ့မြင်ခဲ့ရပါတယ်ခင်ဗျ။ အခုလိုလေ့လာခွင့်ရရှိအောင်စီမံပေးခဲ့တဲ့ နိုင်ငံတော်သမ္မတကြီး၊တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နဲ့ တာဝန်ရှိသူများကို အထူးကျေးဇူးတင်ပါတယ်"ဟု ပြောသည်။(၅၀၁)

မိုးစပါးရိတ်သိမ်းရာတွင် သတိပြုဆောင်ရွက်ရန် နှိုးဆော်ခြင်း

ယခုအခါတွင် အချိန်အခါမဲ့ မိုးရွာသွန်းမှုများကြောင့် ရိတ်သိမ်းဆဲစပါးများ လေလွင့်ဆုံးရှုံးမှုမဖြစ်စေရန်နှင့် ဆောင်းသီးနှံများ စိုက်ပျိုးရာတွင်လည်း ပျက်စီးဆုံးရှုံးမှုမဖြစ်ပေါ်စေရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါသည်။

(က) မိုးစပါးသီးနှံရိတ်သိမ်းရာတွင် နေသာသောနေ့များ၌ ရိတ်သိမ်းပြီး မိုးရွာသွန်းပါက ရိတ်သိမ်းမှုရပ်နားထားပါ။

(ခ) ရင့်မှည့်ပြီး စပါးခင်းများ မိုးရွာသွန်းခြင်း၊ လေတိုက်ခြင်းတို့ကြောင့် ယိုင်လဲမှုများမဖြစ်ပေါ်စေရန် အောင်ရေအမြန်ဆုံးထုတ်ပေးပြီး ရိတ်သိမ်းပါ။

(ဂ) စပါးရိတ်သိမ်းစက်၊ ဆွဲလှေ့စက်၊ ရိတ်သိမ်းဆွဲလှေ့စက်၊ အခြောက်ခံစက်များကိုအသုံးပြုပြီး တလင်းပျောက်စနစ်ကို ဆောင်ရွက်ပါ။

(ဃ) ဆွဲလှေ့ပြီးစပါးများကို အမြန်ဆုံးအမိုးအကာအောက်သို့ရောက်ရှိအောင် ဆောင်ရွက်ပါ။

(င) စပါးရိတ်သိမ်းရာတွင် လူလုပ်အားဖြင့် ဆောင်ရွက်ရမည်ဆိုပါက တစ်ကွက်ချင်းကို အပြီးရိတ်သိမ်းပြီး ချက်ချင်းဆွဲလှေ့ခြင်းလုပ်ငန်းကိုဆောင်ရွက်ပါ။

(စ) ချက်ချင်းမဆွဲလှေ့နိုင်သည့်ကောက်လှိုင်းထုံးများကို ကန်သင်းပေါ်တွင် စုပုံမထားဘဲ အမိုးအကာအောက်သို့ အမြန်ဆုံးသယ်ယူ၍ စနစ်တကျစုပုံထားပါ။

(ဆ) ကောက်လှိုင်းများရွှေ့ပြောင်းရန် အချိန်မမီပါက တာလပတ်၊ ပလတ်စတစ်များဖြင့် ဖုံးအုပ်ထားပါ။

(ဇ) ရိတ်သိမ်းပြီးစပါးခင်းထဲတွင် ကောက်ပြန့်များရှိပါက အမြန်ဆုံးကောက်လှိုင်းစည်း၍ ဖိုခနောက်ဆိုင်ထောင်ထားပါ၊ ကောက်လှိုင်းများကို မိုးရေလျှော့ဆင်းနိုင်ရန် တစ်ဖက်ယပ်စုပုံပါ။

(ဈ) စုပုံထားသောကောက်လှိုင်းပုံများကို နေသာချိန်တွင် အမြန်ဆုံးဆွဲလှေ့ပြီး အစိုဓာတ် ၁၄ရာခိုင်နှုန်းရရှိသည်ထိ အခြောက်ခံစက် သို့မဟုတ် နေလှန်း၍ အခြောက်ခံပါ။

(ည) ဆောင်းသီးနှံများစိုက်ပျိုးရာတွင် စိုက်ခင်းများမပျက်စီးရန်အတွက် စိမ့်မြောင်း၊ ပတ်မြောင်းများ ဆောင်ရွက်ပါ။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူ့အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDFအမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးခြင်းဖြစ်သည်။

EV (Electric Vehicle)နည်းပညာနှင့် ပြုပြင်ထိန်းသိမ်းရေးသင်တန်းဖွင့်ပွဲကျင်းပ



ရန်ကုန် နိုဝင်ဘာ ၉

လူငယ်များသည် နိုင်ငံ၏အနာဂတ် မျှော်လင့်ချက်ဖြစ်သည့်အတွက် စိတ်ဓာတ် ကြံ့ခိုင်မှုနှင့် နည်းပညာပိုင်းသင်ယူမှုတွင် အားဖြစ်ရန် လွန်စွာအရေးကြီးပါကြောင်း၊ ထို့ကြောင့် မော်တော်ယာဉ်အရောင်းပြခန်းများ၊ စစ်ဆေးပြုပြင်ပေးရသော အထူးပြုစက်မှုပညာရှင်များ၊ EV အားသွင်းစခန်းတပ်ဆင်ရေးပညာရှင်များ၊ EV မော်တော်ယာဉ် ထိန်းသိမ်းပြုပြင်ရေးလုပ်ငန်းပညာရှင်များဖြစ်အောင် ကြိုးစားကြရန် ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်ရှိ လူငယ်စင်တာ၌ ဖွင့်လှစ်သည့် EV(Electric Vehicle) နည်းပညာနှင့် ပြုပြင်ထိန်းသိမ်းရေး သင်တန်းဖွင့်ပွဲတွင် မြန်မာနိုင်ငံလူငယ် ရေးရာဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာမောင်သင်းက တိုက်တွန်းပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဗိုလ်ဌေးက အမှာစကားပြောကြားပြီး ECO LOOP ဥက္ကဋ္ဌ ဦးစိုးဇေယျာဝင်းက EV(Electric Vehicle) နည်းပညာနှင့် ပြုပြင်ထိန်းသိမ်းရေး သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး သင်တန်းဖွင့်ပွဲတွင် ပြသထားသည့် နည်းပညာနှင့် ပြုပြင်ထိန်းသိမ်းရေးပစ္စည်းများကိုကြည့်ရှုအားပေးကြသည်။

အဆိုပါသင်တန်းကို လူငယ်များအနေဖြင့် အဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်များရရှိစေရန်၊ လူငယ်များအလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်၊ အသက်မွေးဝမ်းကျောင်းပညာရေးနှင့် လက်တွေ့လုပ်ငန်းနယ်ပယ်တို့ဆက်စပ်မှု ပိုမိုအားကောင်းလာစေရန်နှင့် မိသားစုတစ်နိုင်တစ်ပိုင် လုပ်ငန်းများမှ ဈေးကွက်ဝင်ထုတ်ကုန်များ ထုတ်လုပ်နိုင်စေရန်ရည်ရွယ်ပြီး ဖွင့်လှစ်ခဲ့ရာ သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၃၇ ဦးတက်ရောက်ကြပြီး သင်တန်းကာလမှာ ယနေ့မှ နိုဝင်ဘာ ၂၀ ရက်ထိ ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတစ်ဝန်းလုံးတွင် ဝက်သက်၊ ဂျုံက်သိုးရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံခြင်းလုပ်ငန်း စတင်ဆောင်ရွက်ခြင်းနှင့် အသိပညာပေးဆွေးနွေးခြင်း အခမ်းအနားကျင်းပ

မန္တလေး နိုဝင်ဘာ ၉

မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ နိုင်ငံတစ်ဝန်းလုံးတွင် ဝက်သက်၊ ဂျုံက်သိုးရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံခြင်းလုပ်ငန်း စတင်ဆောင်ရွက်ခြင်းနှင့် အသိပညာပေးဆွေးနွေးခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ ဇနီး၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၏ ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့်တာဝန်ရှိသူများ၊ တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးနှင့်ကုသရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဆေးနှင့် ဆေးနှီးနှယ်တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဆေးရုံအုပ်ကြီးများ၊ အသင်းအဖွဲ့များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး ဝက်သက်-ဂျုံက်သိုး ရောဂါကာကွယ်ဆေးထိုးကြစို့ အထိမ်းအမှတ်တေးသီချင်းဖြင့်တင်ဆက်မှုကိုကြည့်ရှုကြပြီး အသက်ကိုးလမှ ၅၉ လအတွင်းရှိ ကလေးများအား ကာကွယ်ဆေးထိုးနှံခြင်းကို ကြည့်ရှုအားပေးကာ အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

မျိုးကျော်



တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် အရေးပေါ်အစည်းအဝေး(၁/၂၀၂၆) ပထမနေ့ကျင်းပ



မန္တလေး နိုဝင်ဘာ ၉

တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၂၆) ပထမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် မန္တလေး အောင်မြေသာစံမြို့နယ်ရှိ တိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမ၌ အစီအစဉ် ၁၄ ရပ် ဖြင့် ကျင်းပသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးက နှုတ်ခွန်းဆက်စကား ပြောကြားပြီး မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က အဆိုပြုသော "မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး"၏ အမည်စာရင်းကို လွှတ်တော်သို့တင်ပြပြီး အမည်စာရင်းတင်သွင်းထားသည့် ပုဂ္ဂိုလ် နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသည့် လွှတ်တော် ကိုယ်စားလှယ်များရှိပါက အမည်စာရင်း ပေးသွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌက "စက်မှု၊ စွမ်းအင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးကော်မတီ"နှင့် "ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေး ဆိုင်ရာကော်မတီ"တို့ကို အမည်ပြောင်းလဲခြင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်ပြောင်းလဲခြင်း၊ လုပ်ငန်းတာဝန်များ ပြင်ဆင်ခြင်းတို့နှင့်စပ်လျဉ်း၍ လွှတ်တော်သို့တင်ပြသည်။

ယင်းနောက် ပြင်ဆင်သတ်မှတ်သည့် ကော်မတီတို့၏ တာဝန်များနှင့်စပ်လျဉ်း၍ လွှတ်တော်ဒုတိယဥက္ကဋ္ဌက ရှင်းလင်းပြောကြားပြီး ယင်းကော်မတီတို့နှင့် ပတ်သက်၍ အမည်ပြောင်းလဲခြင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်ပြောင်းလဲခြင်း၊ လုပ်ငန်းတာဝန်များပြင်ဆင်ခြင်းတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များရှိပါက အမည်စာရင်း ပေးသွင်းနိုင်ကြောင်း ကြေညာပြီး တိုင်းဒေသကြီးလွှတ်တော် အရေးပေါ်အစည်းအဝေး (၁/ ၂၀၂၆) ပထမနေ့ကိုရပ်နားခဲ့ကြောင်း သတင်းရရှိသည်။

မြင့်မော်ထွန်း(ပြန်/ဆက်)

"ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ **"ပြည်သူ့ကြားကပြည်သူ့စကား" အစီအစဉ်မှ " ပြည်သူပိုင်စည်းစိမ်ဥစ္စာများကို ကိုယ်ကျိုးရှာခေါင်းပုံဖြတ် ဖျက်ဆီးရောင်းချ အမြတ်ကြီးစားနေတဲ့ NUG လက်အောက်ခံ အကြမ်းဖက် PDF များ"** ခေါင်းစဉ်ဖြင့် ၁၁-၁၁-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၁၈-၁၁-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် **"နိုင်ငံ၏အဖိုးတန်သဘာဝသယံဇာတများကို ခိုးယူသုံးစွဲရံသာမက ပြည်သူ့အကျိုးစီးပွားထိခိုက်စေမည့်လုပ်ရပ်များကို ဥပဒေမဲ့ကျူးလွန်နေကြတဲ့ အကြမ်းဖက် PDF များ"** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်အား အပတ်စဉ် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်း နှင့်ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။



၂၀၂၆ ခုနှစ် နိုဝင်ဘာ ၉ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီ ရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ဂ၁၀၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

☆ ကျောဖုံးမှအဆက်

အသုံးပြုသော လက်လုပ်စိန်ပြောင်းများ၊ လက်လုပ်သေနတ်များ၊ ခဲယမ်းများနှင့် ဖောက်ခွဲရေးသုံးပစ္စည်းများကို ပြုလုပ်ပြီး လက်နက်အားကိုးဖြင့် ရိုးသားစွာ အသက်မွေးဝမ်းကျောင်း ပြုနေကြသည့် ဒေသခံတိုင်းရင်းသား ပြည်သူများကို အနိုင်ကျင့်ဖိုလ်ကျကာ ကျေးရွာများ အတွင်းနှင့် အနီးဝန်းကျင်တို့တွင် ယာယီ အခြေပြုစခန်းများ တည်ဆောက်နေထိုင် လျက်ရှိကြကြောင်း သိရသည်။

အကြမ်းဖက်သောင်းကျန်းသူပူးပေါင်း အဖွဲ့များအနေဖြင့် အဆိုပါဒေသများ၌ ယာယီစိုးမိုးအခြေပြုစဉ် ကာလအတွင်း ဒေသခံပြည်သူများ၏ နေအိမ်များ၊ ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ စာသင်ကျောင်းများ၌ သဲအိတ်များဖြင့် ဘန်ကာများတည်ဆောက်ခြင်း၊ ဆက်ကြေး ကောက်ခြင်း၊ လူသစ်စုဆောင်းခြင်း၊ ငင်းတို့ အပေါ် ထောက်ခံအားပေးမှုမရှိသော ကျေးရွာများမှ ဒေသခံပြည်သူများ၊ ရဟန်း သံဃာများနှင့် သစ္စာရှိနိုင်ငံဝန်ထမ်းများကို "ဒလန်"ခေါင်းစဉ်တပ်စွပ်စွဲပြီး ဖမ်းဆီး၊ နှိပ်စက်၊ သတ်ဖြတ်ခြင်းများကို တရား ဥပဒေမဲ့ကျူးလွန်လျက်ရှိသည်။

ထို့ပြင် ၎င်းဒေသအတွင်းရှိ ဒေသခံ ပြည်သူလူထု၏ ကုန်စည်ပို့ဆောင်မှုများ လုပ်ဆောင်လျက်ရှိသည့် ကုန်တင်ကား များနှင့် ခရီးသွားမော်တော်ယာဉ်များကို ဆက်ကြေးကောက်ခံခြင်း၊ ဆက်သွယ်ရေး လမ်းကြောင်းများကို မိုင်းထောင်ခြင်း၊ လမ်းတံတားများကို ဖောက်ခွဲဖျက်ဆီး ခြင်း၊ ခရီးသွားပြည်သူများကို အကြောင်းမဲ့ ဖမ်းဆီးသတ်ဖြတ်ခြင်းစသည့် အကြမ်းဖက် လုပ်ရပ်များကို ယုတ်မာရိုင်းစိုင်းစွာလုပ် ဆောင်လျက်ရှိသဖြင့် ဒေသခံတိုင်းရင်း သား ပြည်သူများ၏ လူမှုစီးပွားဘဝများ များစွာ ထိခိုက်နစ်နာခဲ့ရသည်။

NUG၊ CRPH တို့အနေဖြင့် KNU၊ KNLA အဖွဲ့များနှင့် ပူးပေါင်းကာ မွန်ပြည် နယ် ကျိုက်ထိုမြို့နယ် သိမ်ဇရပ်မြို့၏ အရှေ့မြောက်ဘက်၊ ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်အတွင်း NUG ၏ အထူး တိုင်းစစ်ဌာနချုပ်ဖွင့်လှစ်၍ အကြမ်းဖက် လုပ်ငန်းများလုပ်ဆောင်မှုကို ကွပ်ကဲ လျက်ရှိကြောင်း ဒေသခံတာဝန်သိပြည်သူ များ၏ တိကျသောသတင်းပေးပို့မှု အရ တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter-Terrorism Operation)ဖြင့် တိုက်ခိုက်ချေမှုန်းရန် သိမ်ဇရပ်မြို့၌ လိုအပ် သည့်ပြင်ဆင်စုဖွဲ့မှုများ ဆောင်ရွက်ခဲ့ သည်။ ထို့နောက် နိုဝင်ဘာ ၃ ရက်မှစ၍ စစ်ကြောင်းများခွဲကာ နယ်မြေလုံခြုံရေး လုပ်ငန်းများကို အဆင့်ဆင့်ဆောင်ရွက် ခဲ့ရာ နိုဝင်ဘာ ၅ ရက်တွင် သိမ်ဇရပ်မြို့၏ အရှေ့မြောက်ဘက် ကော်ကတ်ကျေးရွာ အနီး အကြမ်းဖက်သောင်းကျန်းသူများ ယာယီအခြေပြု နေထိုင်လျက်ရှိသည့် စခန်းတစ်ခုကိုလည်းကောင်း၊ နိုဝင်ဘာ ၆ ရက်တွင် သိမ်ဇရပ်မြို့၏ အရှေ့မြောက် ဘက် ကော်ထီးထကျေးရွာအနီးရှိ အကြမ်းဖက်သောင်းကျန်းသူများ ယာယီ အခြေပြုနေထိုင်လျက်ရှိသည့် စခန်း တစ်ခုကိုလည်းကောင်း၊ နိုဝင်ဘာ ၇ ရက်



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းပိုက်ရရှိသည့် လက်နက်၊ ခဲယမ်း၊ မိုင်းများ၊ ဗုံးသီးများနှင့် ဆက်စပ်ပစ္စည်းများ မှတ်တမ်းဓာတ်ပုံ။



တပ်မတော်စစ်ကြောင်းများက သိမ်ဇရပ်-ကျိုက်ထို၊ ရွှေကျင်ဒေသရှိ NUG၊ CRPHနှင့် KNU၊ KNLA အကြမ်းဖက်အဖွဲ့များ၏ အခြေပြုစခန်းနှင့် ပစ်ကျင်းဘန်ကာများ သိမ်းပိုက်ရရှိမှု မှတ်တမ်းဓာတ်ပုံ။

တွင် သိမ်ဇရပ်မြို့၏ အရှေ့မြောက်ဘက် ကော်ထီးထကျေးရွာအနီး KNU၊ KNLA တပ်မဟာ(၁) ရင်း(၃) ဌာနချုပ်အပါအဝင် အကြမ်းဖက်သောင်းကျန်းသူများ ယာယီ အခြေပြုနေထိုင်လျက်ရှိသည့် စခန်း လေးခုတို့ကို သိမ်းပိုက်ရရှိခဲ့ကြောင်း သိရသည်။

ဆက်လက်၍ တပ်မတော်စစ်ကြောင်း များအနေဖြင့် အကြမ်းဖက်သောင်းကျန်း သူများ ခိုအောင်းနေထိုင်နိုင်ခြင်း မရှိစေ ရေး လိုအပ်သည့်နယ်မြေလုံခြုံရေးလုပ်ငန်း များကို နေ့မအား ညမအား ဆက်လက် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၈ ရက်တွင် မွန်ပြည်နယ် သိမ်ဇရပ်မြို့၏ အရှေ့မြောက်ဘက် ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်အတွင်းရှိ ပွိုင့် ၄၈၀ တောင်ကုန်းအနီး ထီးကလာချောင်း ဝန်းကျင်တစ်ဝိုက်၌ NUG၊ CRPH အကြမ်းဖက် သောင်းကျန်းသူများ၏ အထူးတိုင်းစစ်ဌာနချုပ်အပါအဝင် စခန်း ငါးခုကိုထပ်မံ၍ အသီးသီးတိုက်ခိုက်သိမ်း ပိုက်နိုင်ခဲ့ကြောင်း သိရသည်။

ထိုသို့ တိုက်ခိုက်သိမ်းပိုက်နိုင်ရေး ဆောင်ရွက်ခဲ့ရာ အကြမ်းဖက်သောင်း ကျန်းသူများနှင့် ထိတွေ့တိုက်ပွဲ လေးကြိမ် ဖြစ်ပွားခဲ့ပြီး NUG၊ CRPH အကြမ်းဖက် အဖွဲ့၏ အထူးတိုင်းစစ်ဌာနချုပ်အပါအဝင် KNU၊ KNLA အဖွဲ့များ၏ အကြမ်းဖက်စခန်း နေရာ ၁၁ နေရာတို့ကို တိုက်ခိုက်သိမ်းပိုက် နိုင်ခဲ့ကာ အကြမ်းဖက်သောင်းကျန်းသူ များထံမှ လက်နက်မျိုးစုံ ၉၇ လက်၊ ကျည် မျိုးစုံ ၁၂၅၅၅ တောင့်၊ Drop Bomb ၃၆၂ လုံး၊ မိုင်းမျိုးစုံ ၁၃၉ လုံး၊ (4x4) ကား နှစ်စီး၊ ဒဏ်ရာများ၊ လက်ပစ်ဗုံးများ၊ ဗုံးသီးများ၊ ဒီတိုနေတာများ၊ ဆက်သွယ်ရေးစက်များ၊ ပစ်ကျင်းများ၊ ဘန်ကာများ၊ လူနေတဲများ၊ အကြမ်းဖက် ဖောက်ခွဲဖျက်ဆီးရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ ရိက္ခာ ပစ္စည်းများ၊ ကွန်ပျူတာအပါအဝင်

စာမျက်နှာ ၂၄ သို့

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များ စွမ်းစွမ်းတမံထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန်နိုင်ငံသားကောင်း တပ်မတော်သားများကို ဂုဏ်ပြုကြိုဆို

နေပြည်တော် နိုဝင်ဘာ ၉

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များ ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများ ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကိုသွင်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာနေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာလုံခြုံမှုရှိစေရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်ဌက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအား ညမအား စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများကို တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အောင်ပန်းကုံးများ၊ အောင်သပြေခက်များကမ်း၍ လည်းကောင်း၊ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့် လည်းကောင်း သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆိုကြသည်။ ယင်းနောက် တိုင်းမှူးက အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများကို ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ကာ ဂုဏ်ပြုနေ့လယ်စာကို အတူတကွသုံးဆောင်ခဲ့ကြောင်း သတင်းရရှိသည်။ **(၅၀၁)**



ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ကိုသွင်၊ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများက ဂုဏ်ပြုကြိုဆိုစဉ်။

❖ ဘော်လီဘောပြိုင်ပွဲမှ

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အသင်းက သာသနာရေးဝန်ကြီးဌာန အသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အသင်းက ပြည်ထဲရေးဝန်ကြီးဌာန အသင်းကို သုံးပွဲ နှစ်ပွဲဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်အသင်းက လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအသင်းက ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း အကြိတ်အနယ်ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

ဆက်လက်၍အမျိုးသမီးပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်ကို ယှဉ်ပြိုင်ကစားကြရာ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက ကျန်းမာရေးဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့် ယှဉ်ပြိုင်အနိုင်ရရှိသည်။

နိုဝင်ဘာ ၁၀ ရက်**(ယနေ့)** နံနက် ၉ နာရီတွင် ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ အမျိုးသား ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်များအဖြစ် ကာကွယ်ရေးဝန်ကြီးဌာန အသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန အသင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန အသင်းနှင့် ပညာရေးဝန်ကြီးဌာနအသင်း၊ အားကစားရေးရာဝန်ကြီးဌာနအသင်းနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအသင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်း၊ အမျိုးသမီး ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းနှင့် ပညာရေးဝန်ကြီးဌာနအသင်း၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့်သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းတို့ ဆက်လက် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ပြီး အားကစားဝါသနာရှင် မိဘပြည်သူများ အနေဖြင့် မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

✱ ဂုဏ်ပြုကြိုဆိုမှ

နယ်မြေ အေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်ဌက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအား ညမအား စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများကို တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အောင်ပန်းကုံးများ၊ အောင်သပြေခက်များ ကမ်း၍ လည်းကောင်း၊ အိုးစည်၊ ဒိုးပတ်၊ အတီး၊ အမှုတ်၊အက၊အခုန်များဖြင့်လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။ ယင်းနောက် တိုင်းမှူးက အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(၅၀၁)**

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီအရေးယူခံရနိုင်ပါသည်။

စာမျက်နှာ ၂၃ မှအဆက်

ရုံးလုပ်ငန်းသုံးပစ္စည်းများ၊ သောင်းကျန်းသူများ၏ ပြောက်ကျားဝတ်စုံများ၊ ကျည်ကာအင်္ကျီ၊ ဦးထုပ်များ၊ ဆေးဝါးများနှင့် ဆေးပစ္စည်းများ၊ အခြားအသုံးအဆောင်ပစ္စည်းအများအပြား သိမ်းဆည်းရမိခဲ့ပြီး အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ထိခိုက်ဆုံးရှုံးမှုများစွာဖြင့် ဦးတည်ရာမဲ့ ဖရိုဖရဲဆုတ်ခွာထွက်ပြေးသွားကြောင်း သိရသည်။

တပ်မတော်အနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို နည်းမျိုးစုံနှောင့်ယှက်ဖျက်ဆီးနေသည့် လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများကို မည်သည့် ဒေသတွင်မျှ အခြေချနေထိုင်၍ အကြမ်းဖက်လုပ်ရပ်များကို ယုတ်မာရိုင်းစိုင်းစွာ ဥပဒေမဲ့ကျူးလွန်ခြင်းမရှိစေရန် အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter-Terrorism Operation)ကို တာဝန်သိ ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိရာ အဆိုပါ သိမ်ဇရပ်-ကျိုက်ထို ဒေသများအတွင်း အကြမ်းဖက်သောင်းကျန်းသူများ ခိုအောင်း နေထိုင်နိုင်ခြင်း မရှိစေရေးအတွက် လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(၅၀၁)**





ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင်အဆောက်အအုံများကို စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှုနေရာပြမြေပုံ။

■ ရွှေကုက္ကိုလ်နယ်မြေမှ

ဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်း မရှိစေရန် အဆိုပါအဆောက်အအုံများ အပြီးတိုင် ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် တရားမဝင် အဆောက်အအုံများအနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ငါးထပ်အဆောက်အအုံ တစ်လုံးကို ယနေ့ထိ ၆၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ထပ်မံ၍ ခြောက်ထပ်အဆောက်အအုံ တစ်လုံးကို ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမှုမှာ ယနေ့ထိ ၁၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် အဆောက်အအုံ ၆၃ လုံးကို ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့်အဆောက်အအုံ၊ ဖောက်ခွဲ၍ဖြိုချဖျက်ဆီးမည့် အဆောက်အအုံနှင့် လူနေအိမ်များနှင့်မလွတ်ကင်း၍ လူအင်အားအသုံးပြုကာ တစ်လွှာချင်း ဖြိုချဖျက်ဆီးမည့် အဆောက်အအုံဟူ၍ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးလျက်ရှိရာ ဖောက်ခွဲ၍ဖြိုချမည့်အဆောက်အအုံ လေးလုံးနှင့် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ခြောက်လုံး၊ စုစုပေါင်း အဆောက်အအုံ ၁၀ လုံးတို့ကို စနစ်တကျ ဖြိုချဖျက်ဆီးခဲ့ပြီးဖြစ်ပြီး ကျန်ရှိသည့် တရားမဝင်အဆောက်အအုံ ၅၃ လုံးကိုလည်း စနစ်တကျဆက်လက် ဖြိုချဖျက်ဆီးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၅၀၁)



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ခြောက်ထပ်အဆောက်အအုံကို မဖြိုဖျက်မီတွေ့ရစဉ်။



သိမ်းဆည်းရမိ လုပ်ငန်းသုံးဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။

◆ ကျေးသီးမြို့နယ်မှ

အမျိုးသားရေးတာဝန်တစ်ရပ် အနေဖြင့် အလေးထား ဆောင်ရွက်လျက်ရှိသည့် အပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ထိထိရောက်ရောက် ရှာဖွေဖော်ထုတ် ဖမ်းဆီးအရေးယူခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးသီးမြို့နယ်အတွင်း အွန်လိုင်းလိမ်လည် လောင်းကစားလုပ်ငန်းများ လုပ်ကိုင်နေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့များက စုံစမ်းရှာဖွေဖော်ထုတ်မှုများ ဆောင်ရွက်ခဲ့ရာ ယနေ့မွန်းလွဲ ၂ နာရီခန့်တွင် ကျေးသီးမြို့နယ် နောင်ဝူးကျေးရွာ၏ တောင်ဘက်မီတာ ၂၅၀၀ ခန့်အကွာ၌ အွန်လိုင်းလိမ်လည် လောင်းကစားမှု လုပ်ငန်းများလုပ်ကိုင်နေသည့် တရားမဝင် တရုတ်နိုင်ငံသား ၁၅ ဦးကို အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် အလျား ပေ ၄၀၊ အနံ ပေ ၂၀ ရှိ ယာယီလူနေတဲ နှစ်လုံး၊ အလျား ပေ ၄၀၊ အနံ ပေ ၃၀ ရှိ ယာယီအလုပ်ရုံ တစ်လုံး၊ ပေ ၂၀ ပတ်လည်ရှိ ယာယီစားချက်ဆောင် တစ်လုံး၊ ပေ ၃၀ ပတ်လည်ရှိ ရေကန် တစ်ကန်၊ မီးစက် တစ်လုံး၊ Freezer တစ်လုံး၊ ပန်ကာရှည် နှစ်လုံး၊ Router ခြောက်လုံး၊ All In One Computer နှစ်လုံး၊ Starlink နှစ်ခု၊ ဖုန်းမျိုးစုံ အလုံး ၄၀၊ ပလတ်စတစ်ထိုင်ခုံ အလုံး ၄၀ တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ အွန်လိုင်းလိမ်လည်လောင်းကစားမှုများလုပ်ကိုင်ခဲ့သည့် ဖမ်းဆီးရမိသူများကို လိုအပ်သည့်စစ်ဆေးမှုများ ဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့် လုပ်ငန်းသုံးပစ္စည်းများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၅၀၁)



ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးသီးမြို့နယ် နောင်ဝူးကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ခဲ့သည့် တရားမဝင်ပြည်ပနိုင်ငံသားများနှင့် လုပ်ငန်းသုံးပစ္စည်းများဖမ်းဆီးရမိသည့် ဖြစ်စဉ်နေရာပြမြေပုံ။

၉-၁၁-၂၀၂၆ တွင် နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

	အမေရိကန်ဒေါ်လာ	တရုတ်ယွမ်	ထိုင်းဘတ်	အိန္ဒိယရူပီး
ငွေလဲလှယ်နှုန်း	၃၆၅၅ ~ ၃၆၇၁	၅၁၅.၃ ~ ၅၁၈.၇	၁၂၄.၉ ~ ၁၂၅.၇	၄၃.၆
ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ	၁၁,၁၅၅,၇၃၄.၉၈	၁၀,၇၅၇,၆၅၈.၁၆	၂၀,၃၂၂,၆၁၇.၄၇	

ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန(https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန(https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန(https://www.moi.gov.mm)
၄။ Myawady Webportal(https://myawady.net.mm)
၅။ Myanmar National Portal(https://myanmar.gov.mm)

ကြက်သားနှင့်ကြက်ဥဖူလုံပိုလျှံဖို့ တိုင်းရင်းကြက်များမွေးမြူကြပါစို့

မောင်သောင်းဝင်း(တမန်ဟောင်း)

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသည့် စီးပွားရေးကိုဆောင်ရွက်သော နိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံ လူဦးရေ ၅၁ သန်းကျော်ရှိသည့်အနက် ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသတွင် နေထိုင်ကြပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို လုပ်ကိုင်ကြသည်။

ရေခံမြေခံကောင်းမွန်

မြန်မာနိုင်ငံတွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဆောင်ရွက်ရန် ရေ၊ မြေ အခြေခံကောင်းများစွာ တည်ရှိနေသည်။ မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးရည်ရွယ်ဆောင်ရွက်ရာတွင် နိုင်ငံစီးပွားရေးတိုးတက်မှုကို အထောက်အကူပြုစေနိုင်မည့်၊ ကျေးလက်နေပြည်သူများ အကျိုးများစေမည့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် မွေးမြူရေး သုတေသနလုပ်ငန်းများဖြင့် ဖော်ထုတ်ဆောင်ရွက်သွားရန် လိုအပ်သည်။

မွေးမြူရေးသုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ နိုင်ငံ၏မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာပြီး ပြည်တွင်း၌ တစ်ဦးချင်း အသား၊ ငါး၊ နို့၊ ဥ စားသုံးနိုင်မှုနှုန်းများ ဖူလုံလာစေမည်ဖြစ်သည်။ ပြည်တွင်းစားသုံးမှုမှ ပိုလျှံသည်များကို ပြည်ပသို့တင်ပို့နိုင်ခြင်းဖြင့် မွေးမြူရေးကဏ္ဍမှ နိုင်ငံသားတစ်ဦးချင်း ဝင်ငွေတိုးတက်လာစေမည်ဖြစ်သည်။ အထူးသဖြင့် နိုင်ငံတစ်ဝန်း၌ တိုင်းရင်းကြက်များ မွေးမြူခြင်းဖြင့် ကြက်သားနှင့် ကြက်ဥများ ပိုမိုဖူလုံပိုလျှံလာမည်ဖြစ်သည်။

တိုင်းရင်းကြက်

မြန်မာနိုင်ငံတွင် တိုင်းရင်းကြက်များကို ရှေးယခင်ကတည်းက မွေးမြူခဲ့သည်။ တိုင်းရင်းကြက်သည် မြန်မာနိုင်ငံဒေသအသီးသီး၏ ရာသီဥတု၊ ပတ်ဝန်းကျင်အခြေအနေများနှင့် လိုက်လျောညီထွေရှိပြီး ဘိုးဘွားမိဘများလက်ထက်ကတည်းက အစဉ်အဆက်မွေးမြူလာသော ဒေသကြက်မျိုးများဖြစ်သည်။ ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင်အခြေအနေများအလိုက် ကြက်မျိုးများကွဲပြားကြသော်လည်း လက်ရှိအချိန်၌ ဒေသတစ်ခုမှတစ်ခု သို့သယ်ဆောင်မွေးမြူလာခြင်းနှင့် မျိုးရင်းတစ်ခုနှင့် တစ်ခု ရောစပ်မွေးမြူလာခြင်းများ ရှိလာသည်။ တိုင်းရင်းကြက်များကို စနစ်တကျမွေးမြူခြင်းဖြင့် ကြက်သားနှင့်ကြက်ဥများ ဖူလုံပိုလျှံပြီး ကျေးလက်ပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်လာမည်ဖြစ်သည်။

တိုင်းရင်းကြက်မျိုးများ

တိုင်းရင်းကြက်မျိုးများမှာ စစ်တကောင်းကြက်၊ အင်ပင်ဝကြက်၊ ညောင်ကန်ကြက်၊ လည်ပြောင်ကြက်၊ တိန်ညင်ကြက်၊ ရွှေတစ်ဆုပ်ကြက်၊ ကြက်တောင်ပြန်၊ ရစ်ကြက်နှင့် ဟင်းစားကြက်တို့ဖြစ်သည်။ စစ်တကောင်းကြက်သည် ခြေတံ၊ လက်တံရှည်ပြီး ရင်အုပ်ကျယ်ကာ စစ်တကောင်းနယ်မှ ရောက်ရှိလာသောကြက်မျိုးဖြစ်၍ စစ်တကောင်းကြက်ဟုခေါ်ဆိုခြင်းဖြစ်သည်။ အသက် ခုနစ်လနှင့် ရှစ်လတွင် အရွယ်ရောက်ပြီး ပျမ်းမျှအားဖြင့် အထီးသည် အလေးချိန် နှစ်ပိသာခန့်နှင့် အမသည် တစ်ပိသာ ၇၀ ကျပ်သားခန့်ရှိသည်။

အင်ပင်ဝကြက်မျိုးသည် မိတ္ထိလာမြို့နယ် အင်ပင်ဝကျေးရွာတွင် အများဆုံးမွေးမြူထားရှိပြီး အခြားကြက်မျိုးများထက် ကြီးထွားနှုန်းကောင်းမွန်သည်။ ဥမှပေါက်ပြီး အသက် ခုနစ်လနှင့် ရှစ်လ အရွယ်တွင် ပျမ်းမျှအားဖြင့် အထီးသည် အလေးချိန် တစ်ပိသာ ၅၀ ကျပ်သားခန့်နှင့် အမသည် တစ်ပိသာ ၂၀ ကျပ်သားခန့်ရှိသည်။ အပူဒဏ်နှင့် ကူးစက်ရောဂါဒဏ်ကို ခံနိုင်ရည်ရှိသည်။ ညောင်ကန်ကြက်မျိုးသည် စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ်တွင် အများဆုံးတွေ့ရှိရသည်။ ကြီးထွားနှုန်းကောင်းမွန်ပြီး အပူဒဏ်ခံနိုင်သော ကြက်မျိုးဖြစ်ကာ အသက် ခုနစ်လနှင့် ရှစ်လ အရွယ်တွင် ပျမ်းမျှအားဖြင့် အထီးသည် အလေးချိန် တစ်ပိသာ ၅၀ ကျပ်သားခန့်နှင့် အမသည် တစ်ပိသာ ၂၀ ကျပ်သားခန့်ရှိသည်။



မွေးမြူစရိတ်သက်သာ

တိုင်းရင်းကြက်မွေးမြူရာ၌ မျိုးရွေးချယ်ခြင်းသည် အရေးကြီးသောလုပ်ငန်းစဉ်တစ်ရပ် ဖြစ်သည်။ ဒေသနှင့်ကိုက်ညီသည့် မျိုးရင်းလက္ခဏာများနှင့် ပြည့်စုံသော မျိုးကောင်းမျိုးသန့် ကြက်များကိုသာ အဓိကထား၍ ရွေးချယ်မွေးမြူသွားရန် လိုအပ်သည်။ လည်ပြောင်ကြက်သည် ကြီးထွားမှုနှုန်း အများဆုံးဖြစ်ပြီး စစ်တကောင်းကြက်သည်ကြီးထွားမှုနှုန်း ဒုတိယအများဆုံးဖြစ်ကာ ညောင်ကန်ကြက်သည် ကြီးထွားမှုနှုန်းအနည်းဆုံးဖြစ်သည်။

တိုင်းရင်းကြက်မွေးမြူရေးအတွက် အဆောက်အအုံဆောက်လုပ်ရာ၌ ကြက်ခြံသည် ကြက်များ၏ လုံခြုံရေးနှင့် သက်သောင့်သက်သာရှိရန် လိုအပ်ပြီး အဆောက်အအုံအရွယ်အစားသည် ကြက်အရွယ်အစားနှင့် ပမာဏအလိုက် ဆောက်လုပ်ပေးသင့်သည်။ တိုင်းရင်းကြက်များမွေးမြူရာ၌ အားသာချက်များအနေဖြင့် အဆောက်အအုံ၊ အစာ၊ ဆေး စသည့် ကုန်ကျစရိတ်များ နည်းပါးစွာဖြင့် မိသားစုအလိုက် တစ်နိုင်တစ်ပိုင်မွေးမြူနိုင်သည်။

တိုင်းရင်းကြက်များသည် ရာသီဥတုဒဏ်နှင့် ရောဂါဖြစ်ပွားမှုဒဏ်ကို ပြည်ပကြက်မျိုးများထက် ခံနိုင်ရည်ရှိပြီး အစာကို ကိုယ်တိုင်ရှာဖွေစားသောက်နိုင်သည်။ ဖောက်စက်မလိုဘဲ ကြက်မကိုယ်တိုင်ဝပ်၍ သားဖောက်နိုင်သည်။ အသား၏ အနံ့အရသာဖွဲ့စည်းမှုကောင်းပြီး ကြက်ဥ၏ အရည်အသွေးလည်း ကောင်းမွန်သည်။ ဓာတုကင်းလွတ် စားသောက်ကုန်ဖြစ်၍ ကျန်းမာရေးဆိုင်ရာလုံခြုံမှုရှိပြီး ပြည်ပမွေးမြူရေးကြက်မျိုးများ ပြည်တွင်းသို့တင်သွင်းမှုကို လျှော့ချနိုင်သည်။

ထို့ပြင် တိုင်းရင်းကြက်များသည် ကပ်ပါးပိုးမွှားနှင့် ရောဂါဒဏ်၊ ရာသီဥတုဒဏ်ကိုခံနိုင်ရည်ရှိပြီး အေးသော ရာသီဥတုတွင် အသင့်အတင့် ခံနိုင်ရည်ရှိကာ စိုစွတ်သောရာသီဥတုကို ခံနိုင်ရည်နည်းပါးသည်။ သဘာဝအတိုင်း ဥပေါက်ရန် ဝပ်ရက် ၂၁ ရက်ရှိပြီး အကောင်ပေါက်နှုန်း ၇၀ ရာခိုင်နှုန်းခန့်ရှိသည်။ ဥဖောက်စက်တွင် မျိုးဥများ၏ အကောင်ပေါက်နှုန်းမှာ ၈၀ ရာခိုင်နှုန်းမှ ၉၀ ရာခိုင်နှုန်းထိ ရှိသည်။ ဥကြက်မသည် ၁၈ ပတ် မှ ၂၄ ပတ်အတွင်း ဥစမ်းသည်။ ဥကြက်မကြီးတစ်ကောင်၏ ဥပေးသည့် ကာလသည် နှစ်နှစ်ထိ ရှိသည်။

သဘာဝအတိုင်း သားပေါက်ဖွားမှုဆောင်ရွက်ခြင်းကြောင့် အရေအတွက်နည်းပါးစွာ ရရှိသည်ဖြစ်၍ ကြက်တန်ဖိုးမှာ ပြည်ပမွေးမြူရေးကြက်များထက် စျေးနှုန်းပိုမိုမြင့်မားသည်။ သဘာဝအတိုင်း သားဖောက်မည်ဆိုပါက တစ်နှစ်လျှင် သုံးကြိမ်ရရှိမည်ဖြစ်ပြီး တစ်ကြိမ်လျှင် ကြက်ဥ ၁၅ လုံးမှ အလုံး ၂၀ ခန့်ရရှိကာ ဥဖောက်စက်နှင့်သားဖောက်ပါက တစ်နှစ်လျှင် ငါးကြိမ်ရရှိသည်။ ကြက်ဥတစ်လုံးတွင် အသားဓာတ် ၁၂ ဒသမ ၉ ရာခိုင်နှုန်းနှင့် အဆီဓာတ် ၁၁ ဒသမ ၅ ရာခိုင်နှုန်းမှ ၁၂ ဒသမ ၅ ရာခိုင်နှုန်း ပါဝင်မှုရှိသည်။ အသားအဖြစ်မွေးမြူသော ကြက်များကို ခုနစ်လမှ ရှစ်လ အရွယ်ထိ မွေးမြူသွားရန် လိုအပ်သည်။ ကြက်သားတွင် အသားဓာတ် ၁၉ ဒသမ ၃ ရာခိုင်နှုန်းနှင့် အဆီဓာတ် ၅ ဒသမ ၅၅ ရာခိုင်နှုန်း ပါဝင်မှုရှိသည်။

အစာကျွေးမှု

တိုင်းရင်းကြက်မွေးမြူရေးလုပ်ငန်းဆောင်ရွက်ရာတွင် ကြက်မများကို အစာကျွေးရာ၌ ဥစားကြက်များကိုကျွေးသည့်အစာ၊ ကြက်ဖများကို အစာကျွေးရာတွင် အသားတိုးကြက်များကို ကျွေးသည့် အစာများ၊ ဆန်ကွဲနှင့် ဖွဲနုအပြင် ဖြည့်စွက်စာများ ကျွေး၍ မွေးမြူနိုင်သည်။ တိုင်းရင်းကြက် မွေးမြူရာ၌ ပြင်ပကထုတ်လုပ်သည့် စပ်စာကိုကျွေးမွေးသွားမည်ဆိုလျှင် အစာစျေးနှုန်းမြင့်မားခြင်း၊ ဒေသကြက်၏ မျိုးရိုးဗီဇအရ အသားစားကြက်များကဲ့သို့ အစာမှ အသားကူးပြောင်းမှုနှုန်း မြန်ဆန်မှုမရှိခြင်း၊ ကျွေးရမည့်သက်တမ်းကြာမြင့်သည်နှင့်အမျှ အစာဖိုးကုန်ကျစရိတ်မြင့်မားခြင်းတို့ကြောင့် အမြတ်ငွေမရရှိဘဲ အစာဖိုးအတွက် စိုက်ထုတ်ကုန်ကျမှုများရှိသည်။ ထို့ကြောင့် တိုင်းရင်းကြက်များကို သာမန်အစာဖြစ်သည့် ဆန်ကွဲနှင့်ဖွဲနုကျွေး၍ မွေးမြူခြင်းသည်ကုန်ကျစရိတ်နည်းပါးပြီး အကျိုးအမြတ်များနိုင်ကာ ကြက်များ၏ ကြီးထွားမှုနှုန်းကို အထောက်အကူဖြစ်စေရန်အတွက် အစာစိမ်းများကိုလည်း ထပ်မံဖြည့်စွက်ကျွေးသင့်သည်။

တိုင်းရင်းကြက်မွေးမြူရာ၌ ကြက်များ၏ အရွယ်အလိုက် ကျွေးမည့်အစာအမျိုးအစားများကိုလည်း ခွဲခြားကျွေးရန်လိုအပ်သည်။ ကြက်ငယ်၊ ကြက်လတ်၊ ဥပေးကြက်မ၊ ဝပ်ကြက်မ၊ အသားထုတ်လုပ်ရန်အတွက် ကြက်ထီးလတ်ဟူ၍ အမျိုးအစားခွဲခြားထားသင့်သည်။ စျေးနှုန်းသက်သာသည့် ဒေသထွက်အစာသည် ကုန်ကျစရိတ်သက်သာသော်လည်း တစ်ခါတစ်ရံ အာဟာရမပြည့်မစုံဖြစ်နေတတ်သည်။ အစာများကို သိုလှောင်ထိန်းသိမ်းမှု မမှန်ကန်ခြင်း၊ စိုထိုင်းဆ များလွန်းခြင်း၊ အပူလွန်ကဲခြင်းသည် ဗီတာမင်နှင့် အာဟာရဓာတ်များ ပျက်စီးတတ်သည်။

အသားအရည်အသွေးကောင်းမွန်

တိုင်းရင်းကြက်တစ်ကောင်၏ သာမန်အစာစားသုံးရန်ကောင်းမွန်သည့်အရွယ်သည် ၆၀ ကျပ်သား အရွယ်ဖြစ်သည်။ ထိုသို့ ၆၀ ကျပ်သား အကောင်ရရှိရန်အတွက် အစာကျွေးရမည့်ရက်ကို သိရှိရန်လိုသည်။ ကြက်သားအရည်အသွေးကို သိရှိနိုင်ရန်အတွက် ၆၀ ကျပ်သားအရွယ် ကြက်နှင့် တစ်ပိသာ အရွယ်ကြက်တို့ကို ကြက်ကြော်၊ ကြက်ပေါင်း၊ ကြက်သားဆီပြန်ဟင်းနှင့် ဒံပေါက်ကြက်သားဟင်းဟူ၍ ဟင်းလျာလေးမျိုးဖြင့် နှိုင်းယှဉ်ချက်ပြုတ်စမ်းသပ်ရာ၌ ၆၀ ကျပ်သားအရွယ် ကြက်၏ အသားသည် တစ်ပိသာအရွယ်ရှိ ကြက်၏အသားထက် နူးညံ့မှု၊ အချိုဓာတ်သာလွန်မှုနှင့် အရသာရှိမှုတို့တွင်ပိုမိုကောင်းမွန်ပြီး အလွယ်တကူစားသုံးနိုင်၍ ချက်ပြုတ်ချိန် ပိုမို မြန်ဆန်မှု ရှိသည်ကို တွေ့ရှိရသည်။

ကြက်သားနှင့်ကြက်ဥ ဖူလုံပိုလျှံဖို့ တိုင်းရင်းကြက်များ မွေးမြူကြပါစို့

လက်ရှိအချိန်တွင် တိုင်းပြည်လူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်ရှိသော ကျေးလက်နေပြည်သူများသည် တိုင်းရင်းကြက်မွေးမြူရေးကို မိရိုးဖလာ မွေးမြူရေးသာ လုပ်ဆောင်လျက်ရှိသည်။ ထို့ကြောင့် ကုန်ထုတ်လုပ်မှုနည်းပါးခြင်း၊ ရောဂါထိန်းချုပ်နိုင်မှုမရှိခြင်း၊ စျေးကွက်တည်ငြိမ်မှု မရှိခြင်းနှင့် အခြားသော အားနည်းချက်များလည်းရှိနိုင်သည်။ ထိုအားနည်းချက်များကို ပြုပြင်ဖော်ဆောင်သွားမည်ဆိုလျှင် ထုတ်လုပ်မှုအရည်အသွေးမြင့်မားလာပြီး ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ ပိုမိုတိုးတက်လာမည်ဖြစ်သည်။

အထူးသဖြင့် နိုင်ငံတော်အစိုးရသည် ပြည်သူများစားရေရိက္ခာဖူလုံစေရန် တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် မွေးမြူရေးဇုန်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ဇုန်များအလိုက် ကြက်၊ ဘဲ၊ ဝက်၊ ဆိတ်၊ နွား၊ ငါးနှင့် ငုံးများမွေးမြူကာ ဒေသခံပြည်သူများ၏ အသား၊ ငါး၊ နို့၊ ဥလိုအပ်ချက်များကိုဖြည့်ဆည်းပေးလျက်ရှိသည်။ မွေးမြူရေးလုပ်ငန်းများ အောင်မြင်ခြင်းသည် အသား၊ ငါး၊ နို့၊ ဥများ ဖူလုံပိုလျှံလာမည့်အပြင် ကျေးလက်နေ ပြည်သူများ၏ လူမှုစီးပွားဘဝများနှင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်လာရေးကိုလည်း များစွာအထောက်အကူ ဖြစ်စေနိုင်မည်ဖြစ်သည်။ ထို့ကြောင့် ကြက်သားနှင့် ကြက်ဥများ ဖူလုံပိုလျှံရေးအတွက် တိုင်းရင်းကြက်များ ပိုမိုမွေးမြူသွားကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။

ကိုးကား

- https://www.scribd.com/document/

တရုတ်နိုင်ငံအခြေစိုက် ဂလက်စတစ်အင်နာဂျီ အာကာသနည်းပညာကုမ္ပဏီက ဂြိုဟ်တုလေးစင်းကို စီးရက်စ်-၂ ဒုံးပျံဖြင့် လွှတ်တင်



ပေကျင်း နိုဝင်ဘာ ၉

တရုတ်နိုင်ငံအခြေစိုက် ဂလက်စတစ်အင်နာဂျီ အာကာသနည်းပညာကုမ္ပဏီသည် နိုဝင်ဘာ ၇ ရက်တွင် ဂြိုဟ်တုလေးစင်းကို စီးရက်စ်-၂ ဒုံးပျံဖြင့် အောင်မြင်စွာ လွှတ်တင်ခဲ့ကြောင်း နိုဝင်ဘာ ၈ ရက် သတင်းများအရ သိရသည်။

ဂလက်စတစ်အင်နာဂျီ ကုမ္ပဏီသည် စီးရက်စ်-၂ ဒုံးပျံကို တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း ချိကွမ်း ဂြိုဟ်တုလွှတ်တင်ရေးစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး မကြာမီမှာပင် စီးရက်စ်-၂ ဒုံးပျံသည် သယ်ဆောင်ထားသည့် ဂြိုဟ်တုလေးစင်းကို သတ်မှတ်ပတ်လမ်းပေါ်သို့ အောင်မြင်စွာ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း ဂလက်စတစ်အင်နာဂျီကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

နိုဝင်ဘာ ၇ ရက် မစ်ရှင်သည် စီးရက်စ်-၂ ဒုံးပျံများ၏ ဒုတိယ မြောက် အာကာသမစ်ရှင်ဖြစ်ကြောင်း သိရသည်။

ဂလက်စတစ်အင်နာဂျီအာကာသနည်းပညာကုမ္ပဏီသည် ယခုနှစ် ဧန်နဝါရီ ၇ ရက်တွင် စီးရက်စ်-၂ ဒုံးပျံကို ပထမဆုံးအကြိမ် လွှတ်တင်ခဲ့ရာ အောင်မြင်မှုမရှိခဲ့ကြောင်း သိရသည်။

ကိုယ်ထည်အလျား မီတာ ၃၀ ခန့်ရှိသော စီးရက်စ်-၂ ဒုံးပျံများသည် အလေးချိန် ၁ ဒသမ ၃ မက်ထရစ်တန်ရှိသည့် ဂြိုဟ်တုနှင့် အာကာသယာဉ်များကို ကမ္ဘာမြေပြင်အထက် အမြင့်ကီလိုမီတာ ၅၀၀ အကွာတွင်ရှိသော ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

ဖြတိန်နိုင်ငံ၌ ၂၀၁၀ ပြည့်နှစ်နောက်ပိုင်း အရွယ်ရောက်သူများ အော်တစ်ဇင်ရောဂါ ဖြစ်ပွားနှုန်း မြင့်တက်လာ

လန်ဒန် နိုဝင်ဘာ ၉

ဖြတိန်နိုင်ငံ၌ ၂၀၁၀ ပြည့်နှစ်နောက်ပိုင်း အရွယ်ရောက်သူများ အော်တစ်ဇင်ရောဂါဖြစ်ပွားမှုနှုန်း မြင့်တက်လာကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ နိုဝင်ဘာ ၈ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အထူးသဖြင့် စိတ်အာရုံတက်ကြွမှုလွန်ကဲခြင်းရောဂါ (ADHD)၊ စိုးရိမ်သောက ဝင်ရောက်မှုနှင့် စိတ်ကျရောဂါများရှိနေသော အမျိုးသမီးငယ်များတွင် အော်တစ်ဇင်ရောဂါဖြစ်ပွားနှုန်း မြင့်တက်လာကြောင်း ဖြတိန်သုတေသနပညာရှင်များက ပြောကြားသည်။

ဖြတိန်နှင့် ဆွီဒင်သုတေသနပညာရှင်များသည် အရွယ်ရောက်သူ ၃၃ သန်းကျော်တို့၏ ၂၀၁၀ ပြည့်နှစ်နှင့် ၂၀၂၃ ခုနှစ်ကြား ကာလ ကျန်းမာရေးမှတ်တမ်းများကို လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့် ရလဒ်များအရ ၂၀၁၀ ပြည့်နှစ်နှင့် ၂၀၂၃ ခုနှစ်ကြားကာလအတွင်း အရွယ်ရောက်သူများတွင် အော်တစ်ဇင်ရောဂါ ဖြစ်ပွားနှုန်းမှာ ၁၀ ဆ မြင့်တက်လာသည်ကို တွေ့ရသည်ဟု သုတေသနပညာရှင်များက ပြောကြားကြောင်း သိရသည်။

အထူးသဖြင့် အမျိုးသမီးငယ်များတွင် အော်တစ်ဇင်ရောဂါ ဖြစ်ပွားနှုန်းမှာ ၂၀၁၀ ပြည့်နှစ်နှင့် ၂၀၂၃ ခုနှစ်ကြားကာလအတွင်း ပိုမိုမြင့်တက်လာကြောင်း သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ သိရသည်။

Ref : Sputnik News
Trs : KKO

တိယန်ကောင်း အာကာသစခန်းသို့လွှတ်တင်မည့် ရှန်ကျိုး-၂၄ အာကာသမစ်ရှင်တွင် ပါကစ္စတန်အာကာသယာဉ်မှူးတစ်ဦး လိုက်ပါမည်

ပေကျင်း နိုဝင်ဘာ ၉

တိယန်ကောင်း အာကာသစခန်းသို့ လွှတ်တင်မည့် ရှန်ကျိုး-၂၄ အာကာသမစ်ရှင်တွင် တရုတ်အာကာသယာဉ်မှူးများနှင့် အတူ ပါကစ္စတန် အာကာသယာဉ်မှူးတစ်ဦး လိုက်ပါမည်ဖြစ်ကြောင်း နိုဝင်ဘာ ၈ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အဆိုပါ အာကာသယာဉ်မှူးသည် တရုတ်နိုင်ငံ၏ တိယန်ကောင်း အာကာသစခန်းပေါ်သို့ သွားရောက်မည့် ပထမဆုံး ပြည်ပနိုင်ငံသား အာကာသယာဉ်မှူးဖြစ်ကြောင်း သိရသည်။

အထက်ပါ ပါကစ္စတန် အာကာသယာဉ်မှူးသည် တိယန်ကောင်း အာကာသစခန်းပေါ်၌ ရက်တိုနေထိုင်ပြီးနောက် ရှန်ကျိုး-၃ အာကာသယာဉ်ဖြင့် ကမ္ဘာပေါ်သို့ ပြန်လည်ဆင်းသက်မည်ဖြစ်ကြောင်း တရုတ်အမျိုးသား အာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

ရှန်ကျိုး-၂၄ အာကာသယာဉ်ဖြင့် လိုက်ပါမည့် ပါကစ္စတန် အာကာသယာဉ်မှူး၏ အမည်ကို တရုတ်အမျိုးသား အာကာသအေဂျင်စီက သတင်းထုတ်ပြန်ခြင်းမရှိပေ။

သို့ရာတွင် တရုတ်မီဒီယာများ၏ အဆိုအရ တရုတ်အမျိုးသား အာကာသအေဂျင်စီသည် ပါကစ္စတန်အာကာသယာဉ်မှူး မူဟမ်မက်ဇီရှန်ဗလီနှင့် လူရမ်းဒါအော့တို့ကို လေ့ကျင့်ပေးနေကြောင်း သိရသည်။

တရုတ်အမျိုးသား အာကာသအေဂျင်စီသည် ရှန်ကျိုး-၂၄ အာကာသယာဉ်ကို လာမည့် နိုဝင်ဘာ ၂၅ ရက်တွင် လွှတ်တင်ဖွယ်ရှိကြောင်း သိရသည်။



Ref : Xinhua News
Trs : KKO

ဗီတာမင်-စီကို နေ့စဉ်သောက်သုံးခြင်းဖြင့် သွေးကင်ဆာရောဂါဖြစ်နိုင်ခြေကို လျှော့ချနိုင်

ကိုပင်ဟေဂင် နိုဝင်ဘာ ၉

ဗီတာမင်-စီ မီလီဂရမ် ၁၀၀၀ ကို နေ့စဉ်သောက်သုံးပါက သွေးကင်ဆာရောဂါ (Leukemia) ဖြစ်နိုင်ခြေ ကျဆင်းသွားနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ နိုဝင်ဘာ ၈ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဗီတာမင်-စီ၏ သွေးကင်ဆာရောဂါဖြစ်နိုင်ခြေအပေါ် အကျိုးသက်ရောက်မှုကို နားလည်ရေးအတွက် ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်တက္ကသိုလ်မှ သုတေသနပညာရှင်များသည် သွေးကင်ဆာရောဂါဖြစ်နိုင်ခြေ မြင့်မားသူ ၁၀၉ ဦးတို့နှင့် လက်တွေ့စမ်းသပ်မှုများ ပြုလုပ်ခဲ့ကြသည်။

လက်တွေ့ စမ်းသပ်မှုများမှ ပေါ်ထွက်လာသည့် ရလဒ်များအရ ဗီတာမင်-စီ မီလီဂရမ် ၁၀၀၀ ကို နေ့စဉ်သောက်သုံးခြင်းဖြင့် သွေးကင်ဆာရောဂါဖြစ်နိုင်ခြေကို ၆၅ ရာခိုင်နှုန်း လျှော့ချပေးနိုင်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

စမ်းသပ်မှုတွင် ပါဝင်သည့် လူနာအားလုံးမှာ Acute Myeloid Leukemia ခေါ် သွေးကင်ဆာရောဂါ တစ်မျိုးဖြစ်ပွားနိုင်သည့် နောက်ခံ သွေးရောဂါရှိနေသူများ ဖြစ်ကြကြောင်း သိရသည်။

ဗီတာမင်-စီသည် မျိုးဗီဇပုံပြောင်းမှုများကို ထိန်းချုပ်ပေးခြင်းဖြင့် ကင်ဆာဆဲလ်များကို တိုက်ဖျက်ရာတွင် အထောက်အကူပြုကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Russia Today
Trs : KKO

စပေ့အိတ်ကုမ္ပဏီက အမေရိကန်အာကာသတပ်ဖွဲ့အတွက် USSF-432 ဂြိုဟ်တုမစ်ရှင်ကို အောင်မြင်စွာလွှတ်တင်ခဲ့

ဝါရှင်တန် နိုဝင်ဘာ ၉

အမေရိကန်နိုင်ငံ အခြေစိုက် စပေ့အိတ်ကုမ္ပဏီသည် အမေရိကန် အာကာသတပ်ဖွဲ့အတွက် USSF-432 ဂြိုဟ်တုမစ်ရှင်ကို နိုဝင်ဘာ ၈ ရက်တွင် အောင်မြင်စွာ လွှတ်တင်ခဲ့ကြောင်း သိရသည်။

USSF-432 သူလျှိုဂြိုဟ်တုကို ကယ်လီဖိုးနီးယားပြည်နယ် ဗင်ဒန်ဘာ့ဂ် အာကာသစခန်းမှ တစ်ဆင့် ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး မကြာမီမှာပင် ဖယ်လ်ကွန်-၉ ဒုံးပျံသည် USSF-432 ဂြိုဟ်တုကို သတ်မှတ်ပတ်လမ်းပေါ်သို့အောင်မြင်စွာပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

USSF-432 ဂြိုဟ်တုမစ်ရှင်နှင့် ပတ်သက်၍ စပေ့အိတ်ကုမ္ပဏီနှင့် အမေရိကန် အာကာသတပ်ဖွဲ့တို့က အသေးစိတ်ထုတ်ဖော်ပြောကြားခြင်း မရှိပေ။

USSF-432 ဂြိုဟ်တုမစ်ရှင်သည် စပေ့အိတ်ကုမ္ပဏီက ယခုနှစ်အတွင်း လွှတ်တင်ခဲ့သော ၁၁၉ ကြိမ်မြောက် ဖယ်လ်ကွန်-၉ မစ်ရှင်ဖြစ်ကြောင်း သိရသည်။

အထက်ပါ ဖယ်လ်ကွန်-၉ မစ်ရှင်များအနက် ၇၀ ရာခိုင်နှုန်းကျော်တို့မှာ စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုကွန်ရက်အတွက် လွှတ်တင်ခဲ့သော ဖယ်လ်ကွန်-၉ မစ်ရှင်များဖြစ်ကြကြောင်း သိရသည်။

Ref : Russia Today
Trs : KKO



ကိုယ်ချင်းစာတရား

ကမ္ဘာသားအချင်းချင်း၊ သင့်သင့်မြတ်မြတ်၊
ကြင်ကြင်နာနာ၊ ကိုယ်ချင်းစာလျက်၊
သဒ္ဓါကြည်ဖြူ၊ ကူညီစောင်မနိုင်ကြပါစေသတည်း။

အလင်္ကာကျော်စွာရွှေဥဒေါင်း(၁၈၈၉-၁၉၇၃)
(လုပ်သားပြည်သူ့နေ့စဉ်ဆောင်းပါးမှ)

နိဒါန်း

စာရေးဆရာကြီးရွှေဥဒေါင်းဟာ အင်္ဂလိပ်စာတတ်မြောက်တဲ့ စာရေးဆရာ၊ သတင်းစာဆရာဆိုတော့ သူ့ခေတ်သူ့အခါက ဂန္ထဝင်အင်္ဂလိပ်စာပေတွေကို ဖတ်ရှုလေ့လာနိုင်ခဲ့ပါတယ်။ သာမန်အရပ်သားများမဆိုထားနဲ့ အဲဒီအချိန်က မြန်မာနိုင်ငံရေးသမားများ၊ သတင်းစာဆရာ၊ စာရေးဆရာတော်တော်များများဟာ အင်္ဂလိပ်စာမတတ်ကျွမ်းကြပါ။ ဂန္ထဝင်ကမ္ဘာ့စာပေထဲက ဝတ္ထုရှည်အချို့ကို ဘာသာပြန်တာရှိခဲ့ကြပေမယ့် လွတ်လပ်ရေးမရမီအချိန်လောက်ထိ အနောက်တိုင်းက ဝတ္ထုဇာတ်ကောင်နာမည်တွေကို မြန်မာစာဖတ်ပရိသတ်က လွယ်လွယ်မမှတ်မိပါ။ ဇာတ်လမ်းနောက်ခံကားတွေကိုလည်း မရင်းနှီးကြပါ။ ဒီတော့ ပီမိုးနင်း၊ ရွှေဥဒေါင်း၊ ဓူဝံ စတဲ့စာရေးဆရာတွေဟာ အင်္ဂလိပ်ဝတ္ထုတွေကို မြန်မာဇာတ်လမ်းဆင်တဲ့ အမှီးဝတ္ထုတွေ ဖန်တီးခဲ့ကြရပါတယ်။

ဆရာကြီးရွှေဥဒေါင်းရဲ့ ရတနာပုံ၊ ဆရာကြီးသခင်ဘသောင်းရဲ့ ပန်းသာမစာအုံ၊ ပီမိုးနင်းရဲ့ဝတ္ထုအချို့စသည်ပေါ့။ ဇာတ်လမ်းဇာတ်ကွက်အချိတ်အဆက်နဲ့ ဇာတ်ကောင်စရိုက်ပေါ်လွင်ပြီးသား ဝတ္ထုကြီးတွေဟာ ဆရာကြီးမြန်မာမှုပြုပြီး မှီငြမ်းရေးသားလိုက်တဲ့အခါ မြန်မာစာဖတ်ပရိသတ်တွေဟာ အလွန်ခံတွင်းတွေ့ပြီး တစ်ခဲနက်အားပေးလာကြပါတယ်။ ထင်ရှားတာအချို့ နမူနာဖော်ပြရရင် စုံထောက်မောင်စံရှား၊ ဇော်ဟိတ်၊ ဂျမဒါကိုကိုကြီး၊ ဝက်နွာစတဲ့ ဝတ္ထုများဖြစ်ပါတယ်။

မိမိရဲ့ကျွမ်းကျင်တဲ့အတတ်ပညာကို ခေတ်အခါအခြေအနေ၊ ပရိသတ်ရဲ့လိုလားချက်နဲ့သဘောထားတို့ကို အဆင်ပြေပြေနားဝင်ချောအောင် လုပ်ဆောင်ဖန်တီးနိုင်မှ အောင်မြင်နိုင်တယ်ဆိုတဲ့သဘောပါပဲ။ မူရင်းအတိုင်းမြန်မာဘာသာပြန်တဲ့ လီယိုတော်စတွိုင်းရဲ့ အင်နာကာရီနာ၊ အလက်ဇန္ဒားဒူးမားရဲ့ မွန်တီခရစ္စတိုမြို့စားကြီး (စာအုပ်အမည် ရတနာသိုက်လို့ ပြောင်းထားပါတယ်)စတဲ့ဝတ္ထုတွေလည်း ရှိပါတယ်။ သခင်ဘသောင်း၊ ဒဂုန်ရွှေမျှား၊ ဓူဝံ၊ တင့်တယ် စတဲ့စာရေးဆရာကြီးများဟာ တိုက်ရိုက်ဘာသာပြန်ကြတာလည်းရှိတယ်။ မြန်မာမှုပြုပြီး လိုက်ဖက်ကိုက်ညီအောင် မှီငြမ်းဖန်တီးတာလည်း ရှိခဲ့ကြတယ်။

နိုင်ငံတကာက စာကောင်းပေကောင်းတွေကို မူရင်းဘာသာနဲ့ မဖတ်နိုင်ကြတော့ ဘာသာပြန်စာပေဆိုတာ စာပေလောက၊ သတင်းစာလောကမှာ အများကြီးလိုအပ်ခဲ့တဲ့ ကွက်လပ်ကြီးဖြစ်ပါတယ်။ တရုတ်နိုင်ငံ၊ ဂျပန်နိုင်ငံ၊ ထိုင်းနိုင်ငံတို့ဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း ၅၀၊ ၆၀ ကာလဆီမှစပြီး နိုင်ငံတကာမှာ ပေါ်ထွက်နေတဲ့ ထင်ရှားတဲ့စာအုပ်ဟူသမျှကို တရုတ်ဘာသာ၊ ဂျပန်ဘာသာ၊ ထိုင်းဘာသာတို့နဲ့ သူတို့က လျင်လျင်မြန်မြန်ဘာသာပြန်ပြီး ထုတ်ဝေနိုင်ကြတယ်။ တရုတ်ပြည်မှာဆိုရင် မနေ့က အင်္ဂလန်မှာ ဂျေကယ်ရိုလင်းက ဟယ်ရီပေါ်တာဝတ္ထုအမှတ်စဉ် (၃)ထွက်ပြီးရင် နောက်တစ်ပတ်ဆို တရုတ်ဘာသာနဲ့ အဲဒီစာအုပ်အထူကြီးဘာသာပြန်ပြီး တရုတ်စာအုပ်ဆိုင်တွေမှာ တန်းစီဝယ်နေကြပြီ။ အဲသလောက်ကို မြန်ဆန်သွက်လက်ခဲ့ပါရဲ့။ ယနေ့လို ဉာဏ်ရည်တု နည်းပညာ(AI)ပေါ်ပေါက်လာတဲ့ခေတ်မှာတော့ နေ့မဆိုင်း ညမဆိုင်းကမ္ဘာ့စာအုပ်ကောင်းတွေဟာ တရုတ်၊ ဂျပန်၊ ထိုင်းတို့က ဘာသာပြန်ပြီးပြီပေါ့။ မြန်မာတွေကတော့ နိုင်ငံတကာရဲ့ သုတပညာ၊ ရသအနုပညာတွေကို ဘာသာပြန်ရကောင်းမှန်း သတိမမူမိလောက်အောင်ပဲ အရေးမပါတဲ့အသေးအဖွဲလေးများထဲမှာသာ နစ်မွန်းနေရှာလေသလား။ ဘယ်သူတွေဘယ်လောက်တောင်များ မနိုးကြားဘဲ အိပ်ရေးကြီးနေကြလေသလဲ။ ဆရာကြီးရွှေဥဒေါင်းရဲ့ဆောင်းပါးများကိုဖတ်နေရင်းက အကြောင်းတိုက်ဆိုင်လို့ စိတ်ထဲပေါ်ရာတင်ပြခြင်းပါ။ ဘယ်သူဘယ်ဝါကိုမှ လည်း အပြစ်မတင်ပါ။ "တို့ခေတ်ကျမှညံ့ကြတော့မှာလား"ဆိုတဲ့ လွတ်လပ်ရေးအကြိုကာလခေတ်က **တို့ဗမာသီချင်း** မရိုးသေးပါ။

❖ အမရပူရတောင်မြို့ မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ (၁၉၀၀-၁၉၇၇)က သူ့ရဲ့စာသင်တိုက်မှာ စာသင်သားအသစ်ဝင်ခွင့် စစ်ဆေးရာမှာ စစ်ဆေးတဲ့မူဝါဒအချက် ၁၀ ချက် ချမှတ်ထားခဲ့တယ်။ "စိတ်ကောင်းရှိဖို့က ပထမ"တဲ့။ အဲဒီကိုယ်ရည်ကိုယ်သွေးလက္ခဏာရပ်ကို နံပါတ်(၁) ဦးစားပေးစဉ်းစားအကဲဖြတ်ခဲ့တယ်။ စာရေးဆရာတွေရဲ့ စာတွေကောင်းမကောင်းဆိုတာကို ဝေဖန်သုံးသပ်ရင် တကယ်တော့ စာကောင်းပေကောင်းဆိုတာက မူလစိတ်ကောင်းနှလုံးကောင်း ရှိပါမှသာ ဖန်တီးနိုင်မယ်ယူဆရမှာပဲ။ ❖

၁၉၆၄-၁၉၆၅ ခုနှစ်လောက်မှာ စာရေးဆရာကြီး အလင်္ကာကျော်စွာရွှေဥဒေါင်းကို လုပ်သားပြည်သူ့နေ့စဉ်အယ်ဒီတာချုပ်တာဝန်ပေးပါတယ်။ အဲဒီအချိန်မှာ ဆရာကြီးဟာ အသက်အရွယ် ၇၅ နှစ်ခန့် ရှိနေပါပြီ။ လုပ်သားပြည်သူ့နေ့စဉ်အယ်ဒီတာချုပ်လုပ်နေဆဲမှာပဲ နေ့စဉ်ဆောင်းပါးတွေ ပင်တိုင်ရေးပါတယ်။ ရေးအားကောင်းတဲ့စာရေးဆရာကြီး မဟုတ်လား။ **"စာဆိုတာ စိတ်ကိုရေးခြင်းဖြစ်တယ်"**လို့ ဆရာကြီးပီမိုးနင်း(၁၈၈၃-၁၉၄၀) က ရေးခဲ့တာကို မှတ်သားခဲ့ဖူးတယ်။

လွန်ခဲ့တဲ့နှစ်ပေါင်း ၆၀ ကျော်အချိန်က ဗိုလ်ချုပ်စွေးရဲ့မြောက်ဘက် သံလမ်းကူးခုံးကျော်တံတားအဆင်းမှာရှိတဲ့ ရှုမဝစာပေတိုက်ရှေ့မှာ သုံးထပ်တိုက်အစိုးရတိုက်ခန်းတွေရှိတယ်။ လုပ်သားသတင်းစာအယ်ဒီတာချုပ်ဆရာကြီးဟာ အဲဒီထဲက တိုက်ခန်းတစ်ခန်းမှာ နေထိုင်စဉ်က အခန်းဆက်ဆောင်းပါးတွေကို ကရားရေသွန်သလို ရေးချခဲ့တာဖြစ်ပါတယ်။

အဲဒီဆောင်းပါးတွေကို ထိုစဉ်ကာလမှာလည်း နေ့စဉ်လေးလေးစားစားဖတ်ခဲ့ပါတယ်။ ဆရာကြီး စကားပြေအရေးအသားကောင်းပုံကိုတော့ အထူးပြောစရာမလိုဘူးမဟုတ်လား။ စာဖတ်သူကို စာဖတ်ရခြင်းရဲ့အရသာကို မြိန်မြိန်ရှက်ရှက်အရသာတွေ့အောင်ရေးတတ်ပေတာကိုး။ **"စာကောင်းရေးချင်ရင် စိတ်ကောင်းအရင်မွေးရတယ်"**ဆိုတဲ့ ဝဏ္ဏကျော်ထင် (၁၉၄၈)၊ သီရိပုံချီ(၁၉၆၁) အမျိုးသားစာပေဆုများရှင် ဆရာကြီး ဇော်ဂျီက ရေးခဲ့တာကို သတိရမိတယ်။

ဆရာကြီးဇော်ဂျီ(၁၉၀၇-၁၉၉၀)ဆိုတာ စွယ်စုံပညာရှင်ကြီးပါ။ အမရပူရတောင်မြို့ မဟာဂန္ဓာရုံဆရာတော်အရှင်ဇနကာဘိဝံသ(၁၉၀၀-၁၉၇၇)က သူ့ရဲ့စာသင်တိုက်မှာ စာသင်သားအသစ်ဝင်ခွင့် စစ်ဆေးရာမှာ စစ်ဆေးတဲ့မူဝါဒအချက် ၁၀ ချက် ချမှတ်ထားခဲ့တယ်။ **"စိတ်ကောင်းရှိဖို့က ပထမ"**တဲ့။ အဲဒီကိုယ်ရည်ကိုယ်သွေးလက္ခဏာရပ်ကို နံပါတ်(၁) ဦးစားပေးစဉ်းစားအကဲဖြတ်ခဲ့တယ်။

စာရေးဆရာတွေရဲ့ စာတွေကောင်းမကောင်းဆိုတာကို ဝေဖန်သုံးသပ်ရင် တကယ်တော့ စာကောင်းပေကောင်းဆိုတာက မူလစိတ်ကောင်းနှလုံးကောင်း ရှိပါမှသာ ဖန်တီးနိုင်မယ်ယူဆရမှာပဲ။ အမြင်သဘောထား၊ ဉာဏ်ပညာသေးသိမ်ကျဉ်းမြောင်းနေရင် စာဖတ်ပရိသတ်တစ်စုက တစ်ချိန်ပဲကြိုက်ချင်ကြိုက်မယ်။ နှစ်ကာလများကိုဖြတ်သန်းပြီး ပရိသတ်အများမျိုးရဲ့ အားပေးလေးစားချီးကျူးမှုကိုတော့ ရနိုင်မယ်မဟုတ်ပါ။

လွန်ခဲ့တဲ့နှစ်ပေါင်း ၆၀ ကျော်က လုပ်သားပြည်သူ့သတင်းစာမှာဖော်ပြခဲ့တဲ့ ဆရာကြီးရွှေဥဒေါင်းရဲ့ပင်တိုင်ဆောင်းပါးတွေကို ယနေ့ပြန်ဖတ်ကြည့်တဲ့အခါမှာလည်း ကောင်းနေတုန်းပဲ။ မှန်နေဆဲပဲ။ သိရကြားရတာဟာ အကျိုးပြုနေဆဲပါပဲ။ ချီးကျူးစရာကောင်းပါတယ်။

စာဖတ်သူစိတ်ဝင်စားအောင် ဆရာကြီးက သူနဲ့အင်မတန်ခင်မင်ရင်းနှီးတဲ့ သက်တူရွယ်တူပင်စင်စားအရာရှိကြီးတစ်ယောက်ကိုဖန်တီးပြီး သူငယ်ချင်းချင်း သူတို့ရင်းရင်းနှီးနှီးပွင့်ပွင့်လင်းလင်းဆွေးနွေးပြောဆိုကြဟန်နဲ့ တင်ဆက်ပါတယ်။ စာဖတ်သူက သူတို့နဲ့ အတူထိုင်ရင်း သူတို့တစ်လှည့်စီပြောဆိုပုံကို နားထောင်ရသလို ခံစားစေပါတယ်။ ရွှေဥဒေါင်း ရေးပုံကြည့်ပါ။

ပင်စင်စား။ ။ စိတ်က ဘယ်လောက်စွမ်းနိုင်လို့လဲဗျ။

ကျွန်ုပ် ။ ။ စိတ်ဓာတ်အင်အားလုံလောက်စွာထက်သန်လျှင် ကမ္ဘာ့လူသားတို့ရဲ့စိတ်တွေကို ပြုပြင်နိုင်စကောင်းပါတယ်။

ပင်စင်စား။ ။ ယုံဖို့တော့ခက်မှာပဲဗျို့။

ကျွန်ုပ် ။ ။ စိတ်အကြောင်းကို မယုံသူထောင်သောင်းအနက် ယုံသူတစ်ယောက်ရလျှင်တော်ပြီဗျာ၊ မယုံသူထက် ယုံသူက ခွန်အားအဆများစွာကြီးတယ်ဗျ။

ပင်စင်စား။ ။ မေတ္တာဓာတ်၏ ခွန်အားအကြောင်းကို သာဓကတင်ပြစမ်းပါဗျာ။

ကျွန်ုပ် ။ ။ မေတ္တာဘာဝနာကို နောက်ပိုင်းမှ လေ့လာပွားများခြင်းဖြစ်လေတော့ ကျုပ်ကိုယ်တိုင် ကိုယ်တွေ့အနေနဲ့ အကျိုးခံစားရပုံအကြောင်းကို ထင်ရှားအောင် သာဓကပြစရာတော့ မရှိသေးဘူးဗျ။ မေတ္တာ၏ ခွန်အားကြီးခြင်းကို လှိုက်လှိုက်လဲလဲ ယုံကြည်ထားခြင်းကတော့အတန်ကြာပါပြီ။ အကျိုးကြီးခြင်းကိုသိသော်လည်း ဒီကိစ္စမျိုးဟာက သိရုံသိလို့မပြီးဘူးဗျ။ မိမိကိုယ်၌က မေတ္တာဓာတ် ကြီးထွားလာအောင် (ဘာဝနာ)ပွားယူရသေးတယ်။ သို့သော် ကျုပ်ယုံကြည်ချက်တစ်ခုကိုတော့ တင်ပြမယ်ပေါ့လေဗျာ။

ပင်စင်စား။ ။ ဆိုစမ်းဗျာ။

ကျွန်ုပ် ။ ။ ဗုဒ္ဓလက်ထက်တော်က အဇာတသတ်သည် ဒေဝဒတ်၏တိုက်တွန်းချက်အရ နာဠာဂီရိဆင်ကြီးကို အရက်တိုက်ပြီး ဂေါတမဗုဒ္ဓကိုယ်တော်မြတ်အား တိုက်စေတယ်။

ပင်စင်စား။ ။ နာဠာဂီရိဆင်ကြီးက ဗုဒ္ဓနဲ့ရင်ဆိုင်မိတော့ ဘယ်လိုဖြစ်သလဲဗျာ၊ ဗုဒ္ဓကို ဆင်ကြီးက တိုက်နိုင်သလား။ တန်ခိုးတော်ကို ဆင်ကြီးက လွန်ဆန်နိုင်သလား။

ကျွန်ုပ် ။ ။ ကျုပ်ယုံကြည်ချက်က ဒီနေရာမှာ အခြားသောအခြင်းအရာများသည် ဗုဒ္ဓ၏မေတ္တာတော်အစွမ်းကြောင့် ဆင်ကြီး ရှေ့မတိုးနိုင်ဘဲရှိတယ်လို့ ဆိုချင်တယ်ဗျာ။

ပင်စင်စား။ ။ တန်ခိုးတော်အနန္တဆိုကြတယ် မဟုတ်လားဗျာ။

ကျွန်ုပ် ။ ။ ထိုနေရာအတွက်မှာတော့ ဗုဒ္ဓ၏တန်ခိုးတော်သည်ပင်လျှင် မေတ္တာ၏ အစွမ်းဖြစ်တယ်။ မေတ္တာသည် လောကၥအလွန်တရာခွန်အားကြီးသောဓာတ်တစ်မျိုးဖြစ်တယ်လို့ ကျုပ်က လှိုက်လဲစွာယုံကြည်တယ်ဗျာ။

ပင်စင်စား။ ။ ဗုဒ္ဓမှာ မေတ္တာဓာတ်အားကြီးခြင်းကို ကျုပ်က လက်ခံပြီဆိုပါတော့၊ ဗုဒ္ဓရဲ့မေတ္တာဓာတ်မျိုးဘယ်မှာရနိုင်မလဲဗျာ။

ကျွန်ုပ် ။ ။ တစ်ဦးချင်းတစ်ယောက်ချင်းနှိုင်းယှဉ်ချက် ထုတ်လောက်အောင် ခွန်အားမကြီးနိုင်သော်လည်း လူအများစုပေါင်းရလျှင် ကြီးမားနိုင်တယ်။ စိတ်ဓာတ်တို့မည်သည် စုပေါင်းလို့ဖြစ်နိုင်တယ်ဆိုခြင်းကို ကျုပ်က လေးနက်စွာယုံကြည်ထားတယ်ဗျ။

ပင်စင်စား။ ။ ဒီအင်အားကို ခင်ဗျားက ဘယ်ဘက်မှာအသုံးချဖို့ ကြံရွယ်သလဲဗျာ။

ကျွန်ုပ် ။ ။ ကျုပ်မေတ္တာပို့အတိုင်း သင့်မြတ်ကြဖို့ ကြည်ဖြူစွာကူညီကြလို့၊ စိတ်ဆန္ဒပြင်းထန်စွာ "ညွှတ်"ပေးလိုက်တဲ့အခါကျလျှင် တိုင်းသူပြည်သား၊ ကမ္ဘာသူကမ္ဘာသားများနဲ့ပတ်သက်လို့ လိုအပ်တဲ့ကောင်းကျိုးများသည် ဟိုမှသည်မှ နည်းအမျိုးမျိုးနဲ့ ပေါ်ပေါက်လာကြလိမ့်မယ်လို့ ကျုပ်မြင်တယ်ဗျာ။

ပင်စင်စား။ ။ ခင်ဗျား မေတ္တာပို့ကလေးက ဘယ်လိုတဲ့ဗျာ...။

စာမျက်နှာ ၂၉ သို့ ခ

ယင်းမာပင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၃၃၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ယင်းမာပင် နိုဝင်ဘာ ၉

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၃၃၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ယင်းမာပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၈၅၅၇ ဧကာ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၃၃၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ယင်းမာပင်မြို့နယ်မှာ နေကြာဧက ၁၈၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၃၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ပြည်ပမှတင်သွင်းတဲ့ စားအုန်းဆီကို လျှော့ချနိုင်ဖို့အတွက် ဆီထွက်သီးနှံဖြစ်တဲ့နေကြာကို တိုးချဲ့စိုက်ပျိုးဖို့ ဆောင်ရွက်ပေးသွားပါမယ်။ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာရဲ့ တစ်ဧကဆီထွက်ရှိမှုက ကျန်တဲ့မြေပဲ၊ နှမ်းတွေထက်များပါတယ်" ဟု ယင်းမာပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှမြင့်က ပြောပြသည်။

နေကြာကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း ယင်းမာပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှမြင့်က ပြောပြ၍ သိရသည်။

(၂၀၆)

ပြင်ဦးလွင်မြို့နယ် ပင်လိန်(အရှေ့)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

ပြင်ဦးလွင် နိုဝင်ဘာ ၉

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပင်လိန်(အရှေ့) ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို နိုဝင်ဘာ ၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပြင်ဦးလွင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆက်နိုင်ထွန်း၊ မြို့နယ်ဦးစီးမှူး ဒေါ်ခင်မွန်ကျော်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ပင်လိန်(အရှေ့) ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ပင်လိန်(အရှေ့) ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့် အခြားစီးပွားရေးလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၇၉ သိန်းကို ထုတ်ချေးငှားကြောင်း ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

မောင်ခိုင်

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ငါးသလောက်ပိသာချိန် ၅၄၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

မအူပင် နိုဝင်ဘာ ၉

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ငါးသလောက်ပိသာချိန် ၅၄၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း မအူပင်မြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ယုယုဝေက ပြောပြသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ငါးသလောက်ပိသာချိန် ၄၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာလအတွင်း ငါးသလောက်ပိသာချိန် ၅၄၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"မအူပင်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ငါးသလောက် ပိသာချိန်အများအပြား တင်ပို့ရောင်းချခဲ့ပါတယ်။ ရောင်းချခဲ့တဲ့ ငါးသလောက်တွေက ဒေသထွက် ငါးတွေပါ။ ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေတာကြောင့် တင်ပို့



အားကောင်းခဲ့တာပါ။ လက်ရှိ နိုဝင်ဘာလထဲမှာလဲ ငါးသလောက်တွေကို မှာယူမှုများနေပါတယ်။ အခုလို ငါးသလောက်တွေ တင်ပို့အားကောင်းနေတော့ ရေလုပ်သားတွေနဲ့ ပွဲရုံပိုင်ရှင်တွေ အဆင်ပြေနေပါတယ်"ဟု မအူပင်မြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ယုယုဝေက ပြောပြသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ငါးသလောက်အသေးတစ်ပိသာလျှင် ငွေကျပ် ၁၉၅၀၀၊ အလတ်တစ်ပိသာလျှင် ငွေကျပ် ၂၈၀၀၀ မှ ၃၅၀၀၀၊ အကြီးတစ်ပိသာလျှင် ငွေကျပ် ၅၅၀၀၀ မှ ၆၅၀၀၀ ထိ အရွယ်အစားအပေါ်မူတည်၍ ဈေးနှုန်းအပြောင်းအလဲရှိကြောင်း မအူပင်မြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ယုယုဝေထံမှ သိရသည်။

ကျော်ကျော်လင်း

ပြည်မြို့နယ် ခွေးရဲရွာမကျေးရွာ၌ ကျေးရွာတွင်းလမ်း မြေနီခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု စစ်ဆေး

ပြည် နိုဝင်ဘာ ၉

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ခွေးရဲရွာမကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေဖြင့် ကျေးရွာတွင်းလမ်း မြေနီခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးနေမှု အခြေအနေများကို နိုဝင်ဘာ ၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းချို နှင့်ဝန်ထမ်းများက ကျေးရွာလုပ်ငန်း အကောင်အထည်ဖော်ရေး ကော်မတီဝင်များနှင့်အတူ ခွေးရဲရွာမကျေးရွာ၌ကျေးရွာ တွင်းလမ်းမြေနီခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီးလမ်းကို ရေရှည်အသုံးပြုနိုင်ရေး သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားခဲ့ကြောင်း သိရသည်။

ပြည်မြို့နယ် ခွေးရဲရွာမကျေးရွာ၌ လမ်း အရှည် ၁၂၀၀ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း မြေနီခင်းခြင်းလုပ်ငန်းကို ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း (VRFP) ရန်ပုံငွေကျပ် ၇ ဒသမ ၃၄ သန်းအသုံးပြု၍ ပြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများ၏ နည်းပညာကူညီမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အောက်တိုဘာလ တတိယပတ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းချို ထံမှ သိရသည်။

ကိုညီ

á စာမျက်နှာ ၂၈ မှအဆက်

ကျန်ပ် ။ ။ "ကမ္ဘာသားအချင်းချင်း သင့်သင့်မြတ်မြတ် ကြင်ကြင်နာနာ ကိုယ်ချင်းစာလျက် သဒ္ဓါကြည်ဖြူ ကူညီစောင်မနိုင်ကြပါစေသတည်း"ပေါ့ဗျာ။

ကျန်ပ် ။ ။ ကမ္ဘာသားအချင်းချင်းဆိုတော့ မကျယ်ဝန်းဘူးလားဗျာ။ တိုင်းပြည်သားအချင်းချင်းဆိုလျှင် သာမကောင်းပေဘူးလား။

ကျန်ပ် ။ ။ ပထမတုန်းကတော့ ကျုပ်လည်း ခင်ဗျားပြောသလို စိတ်ကူးရဖူးပါတယ်။ သို့သော် မေတ္တာရဲ့ သဘောဟာ(စိတ်အလုပ်ဖြစ်လို့မို့)ကျယ်တယ်၊ ကျဉ်းတယ် မရွေးပါဘူး။ ကျယ်ပြန့်လေလေ ဖြူစင်လေလေဖြစ်နိုင်တယ်ဗျ။

(စာမျက်နှာအခြေအနေအရ ဤမျှနဲ့သာ ကျေနပ်စေလိုပါတယ်။ အကျယ်သိလိုရင် စာကြည့်တိုက်များမှာဖတ်နိုင်)

နိဂုံး

သိပြီးသားပင်ဖြစ်ချင်ဖြစ်ပေမယ့်လည်း မေတ္တာအကျိုး ၁၁ ပါးကို ဖော်ပြလျက် နိဂုံးချုပ်ပါရစေ။

၁။ ချမ်းသာစွာအိပ်စက်ရတယ်။
၂။ မကောင်းတဲ့အိပ်မက်မျိုးတွေ မမက်ဘူး။
၃။ နတ်တွေက မြတ်နိုးခင်မင်တယ်။
၄။ လက်နက်၊ အဆိပ်၊ မီးဘေးတို့မှကင်းဝေးတယ်။
၅။ မျက်နှာရုပ်ဆင်းကြည်လင်ရွင်ပျတယ်။
၆။ ချမ်းချမ်းသာသာအိပ်ရာမှနိုးထရတယ်။
၇။ လူချစ်လူခင်ပေါများတယ်။
၈။ နတ်တွေကလည်း ကြည့်ရှုစောင့်ရှောက်ကြတယ်။
၉။ စိတ်လျင်မြန်စွာတည်ကြည်တယ်။ သမာဓိရလွယ်ပါတယ်။
၁၀။ မတွေမဝေဘဲ သေဆုံးရတယ်။
၁၁။ သေလွန်သောအခါဗြဟ္မာပြည်သို့ လားရတယ်တဲ့။



(၈၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲ စာမူများဖိတ်ခေါ်ခြင်း

၁။ ၂၀၂၇ ခုနှစ်၊ (၈၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသောဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

၂။ **ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်ခဲ့သည့်အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက်သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့် အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့်အစဉ်အလာကောင်းများရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူလက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်းရေးသား၊ စပ်ဆိုဖွဲ့နွဲ့သီကုံးနိုင်သည်။

(ခ) ထို့ပြင် တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာသုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသားလုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့်အားလျော်စွာ ပြည်ထောင်စုကြီးထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန်နားချိန်မရှိဘဲ အချိန်ပြည့်တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်လျက်ရှိကြောင်းများကိုလည်း ထည့်သွင်းရေးသားဖော်ကျူးနိုင်သည်။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆိုရေးသားနိုင်သည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဏ္ဍသတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများဖြစ်ရမည်။

(ဃ) အသံသွင်းပြီး သီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန်အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) မြန်မာဂန္ဓဝင်ကဗျာရေးထုံးနှင့်ကိုက်ညီသည့် ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀ မှ ၄၀ အတွင်း၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်)နှင့်ကဗျာ(ဝါသနာရှင်အဆင့်)နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ကဗျာ)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ကဗျာ(ပထမ၊ ဒုတိယ၊ တတိယ)ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်း/ ဝါသနာရှင်) စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့် ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန်ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြားသတ်မှတ်သည်။ ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက်မများစေရ။

(ဃ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(င) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(စ) အမျိုးသားစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ်စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသောလက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (Pyidaungsu font စာလုံးအရွယ်အစား ၁၃)ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်းဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏ နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက်ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ ပေးပို့ရမည်။

၁၁။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၁,၀၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၈၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၇၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၆၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၅၀၀,၀၀၀	ကျပ်

၁၂။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၁,၀၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၈၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၇၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၆၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၅၀၀,၀၀၀	ကျပ်

၁၃။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၅၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၄၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၃၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၂၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၁၅၀,၀၀၀	ကျပ်
(စ) အထူးဆု(၁)	၁၀၀,၀၀၀	ကျပ်
(ဆ) အထူးဆု(၂)	၁၀၀,၀၀၀	ကျပ်
(ဇ) အထူးဆု(၃)	၁၀၀,၀၀၀	ကျပ်

၁၄။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၅၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၄၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၃၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၂၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၁၅၀,၀၀၀	ကျပ်
(စ) အထူးဆု(၁)	၁၀၀,၀၀၀	ကျပ်
(ဆ) အထူးဆု(၂)	၁၀၀,၀၀၀	ကျပ်
(ဇ) အထူးဆု(၃)	၁၀၀,၀၀၀	ကျပ်

၁၅။ **ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၅၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၄၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၃၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၂၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၁၅၀,၀၀၀	ကျပ်

၁၆။ **ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၅၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၄၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၃၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၂၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၁၅၀,၀၀၀	ကျပ်

၁၇။ **ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၅၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၄၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၃၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၂၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၁၅၀,၀၀၀	ကျပ်
(စ) အထူးဆု(၁)	၁၀၀,၀၀၀	ကျပ်
(ဆ) အထူးဆု(၂)	၁၀၀,၀၀၀	ကျပ်
(ဇ) အထူးဆု(၃)	၁၀၀,၀၀၀	ကျပ်

၁၈။ **ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၁,၀၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၇၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၆၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၅၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၄၀၀,၀၀၀	ကျပ်

၁၉။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

ပြိုင်ပွဲကျင်းပရေးကော်မတီ





ပျောက်ဆုံးကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်ိန်းကျွန်းမြို့နယ်၊ (၂၉)ရပ်ကွက်၊ အမှတ် (၄၆/၃)၊ ပေါ်ဆန်းမွေးလမ်းနေ ဦးဖြိုးမောင်မောင် (ဘ) ဦးဝင်းမြင့်လေး(၁၂/သဃက(နိုင်)၁၅၆၄၂၂)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-898921952**

အမည်မှန်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သူရသီဟကိုယ်ပိုင် အလယ်တန်းကျောင်း၊ Grade-7 တွင် ပညာသင်ကြားနေသော (ဘ) ဦးအောင်သန်းဇော်၏သမီး မအိန္ဒြေမျူးခန့်၏ အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **မအိန္ဒြာမျူးခန့်** ဖြစ်ပါကြောင်း။ **မအိန္ဒြာမျူးခန့်**

အမည်ပြောင်း

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ Professor ကိုယ်ပိုင်အထက်တန်းကျောင်း၊ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်၊ Grade-6 တွင် ပညာသင်ကြားနေသော (ဘ) ဦးဉာဏ်မင်းထက်၏သမီး မလဝန်းထက်ဂျူလိုင်အား **မခြူး ရတီလင်း** ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။ **မခြူးရတီလင်း**

မီးမလောင်စေရန်ရှောင်ရှားသင့်သည့်အချက်များ

၁။ မီးလောင်လွယ်သည့် ပစ္စည်းများကို အိမ်တွင်းနှင့် အနီးတစ်ဝိုက်တွင် သိုလှောင်ထားခြင်းမပြုရ။





၂။ ကလေးများ၊ စိတ်ကျန်မာရေးချို့ယွင်းသူများ၊ အိုမင်း မစွမ်းသူများကို မီးခြစ်၊ဖယောင်းတိုင်ကဲ့သို့ မီးလောင်မှု ဖြစ်ပေါ်စေနိုင်သော ပစ္စည်းများ အသုံးမပြုစေရ။

ငလျင်လှုပ်ပြီးနောက် ပြုလုပ်ရန်အချက်များ

၁။ မိမိ၏ မိသားစုဝင်များကို စစ်ဆေးပါ။မိသားစုဝင်များပျောက်ဆုံးသွားပါက သက်ဆိုင်ရာသို့အကြောင်းကြားပါ။



၂။ ထိခိုက်ဒဏ်ရာရရှိသူများကို စစ်ဆေးပြီး လိုအပ်သော အကူအညီများပေးပါ။



၃။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော သတင်းများကို စဉ်ဆက်မပြတ် နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။ အခြားသူများကိုမျှဝေပါ။ ကောလာဟလ သတင်းများကို မယုံပါနှင့်။



၄။ မိမိအိမ်နှင့် ပတ်ဝန်းကျင်ရှိ လျှပ်စစ်ပစ္စည်းများ ပျက်စီးမှုများ အားလုံးကို ပြန်လည် စစ်ဆေးပါ။



၅။ အင်အားကြီးမားသည့် ငလျင်လှုပ်ပြီးတိုင်း နောက်ဆက်တွဲငလျင်များလှုပ်တတ်ကြောင်း သတိပြုပါ။

၆။ နောက်ဆက်တွဲဘေးအန္တရာယ်(မီးဘေး၊ဆူနာမီ၊ ရေကြီးခြင်း၊မြေပြိုခြင်း)များကိုအထူးသတိပြုပါ။

“အဂတိပယ်ခွာ ပြည်သာယာ”
Remove Corruption, Promote Prosperity

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပထာမစီစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားဓိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေဖျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဧရာဝတီရိုးမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၄၊
၀၆၇-၈၁၀၃၃၄၄၊
Email Address – accm@accm.gov.mm
Website Address – http://www.accm.gov.mm

❖ နိုင်ငံတော်ရှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

တပ်မတော်စစ်ကြောင်းများက မွန်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီး နယ်စပ်ဒေသတစ်ဝိုက် အခြေပြု၍ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိသည့် NUG၊ CRPH အကြမ်းဖက်သောင်းကျန်းသူများ၏ အထူးတိုင်းစစ်ဌာနချုပ်အပါအဝင် KNU၊ KNLA ပူးပေါင်းအဖွဲ့များ၏ အခြေပြုစခန်းများကို တိုက်ခိုက်ချေမှုန်း



နေပြည်တော် နိုဝင်ဘာ ၉

မွန်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့၏နယ်စပ်ဖြစ်သော ကျိုက်ထိုမြို့နယ်နှင့် ရွှေကျင်မြို့နယ်အတွင်း ခိုအောင်း၍ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိသည့် KNU၊ KNLA အပါအဝင် CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝဲခံ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ၏အခြေပြုနေထိုင်ရာ စခန်းများကို တပ်မတော်စစ်ကြောင်းများက စနစ်တကျ ချီတက်တိုက်ခိုက်ချေမှုန်းခဲ့ကြောင်း သိရသည်။

> တပ်မတော်စစ်ကြောင်းများက သိမ်ဖရုပ်-ကျိုက်ထို ရွှေကျင်ဒေသရှိ NUG၊ CRPH နှင့် KNU၊ KNLA အကြမ်းဖက်အဖွဲ့များ၏ အခြေပြုစခန်းများကို တိုက်ခိုက်သိမ်းပိုက်ရရှိမှု နေရာပြမြေပုံ။

KNU၊ KNLA အပါအဝင် CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝဲခံ PDF အမည်ခံ အကြမ်းဖက် သောင်းကျန်းသူများအနေဖြင့် မွန်ပြည်နယ် သိမ်ဖရုပ်-ကျိုက်ထိုဒေသ၊ ပဲခူးတိုင်းဒေသကြီးနယ်မြေအစပ်တို့ရှိ သွားလာရေးခက်ခဲသော တောတောင်များအတွင်း အခြေပြုနေထိုင်၍ တရားဥပဒေမဲ့ မသမာသောနည်းလမ်းမျိုးစုံမှ ရရှိလာသော အကျိုးအမြတ်များဖြင့် အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်ရာတွင် စာမျက်နှာ ၂၃ ကော်လံ ၁ ☆

၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘော အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်များ ဆက်လက်ကျင်းပ



နေပြည်တော် နိုဝင်ဘာ ၉

အားကစားရေးရာ ဝန်ကြီးဌာနက ကြီးမှူးပြီး အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဘော်လီဘော အဖွဲ့ချုပ်တို့ ပူးပေါင်း၍ ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘော အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲ အုပ်စုပတ်လည် ပထမအဆင့်ပွဲစဉ်များကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ အားကစားရုံ(B)၌ ဆက်လက်ကျင်းပသည်။

အဆိုပါပြိုင်ပွဲများ ယှဉ်ပြိုင်ကစားနေမှုကို ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အရာထမ်း၊ အမှုထမ်းများ၊ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်မှ တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ယနေ့တွင် ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ အမျိုးသား ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်များကို ယှဉ်ပြိုင်ကစားကြရာ အားကစားရေးရာ ဝန်ကြီးဌာနအသင်းက ပြန်ကြားရေး ဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့် လည်းကောင်း၊

စာမျက်နှာ ၂၄ ကော်လံ ၁ ❖



ရှမ်းပြည်နယ် (တောင်ပိုင်း) ကျောသီးမြို့နယ် နောင်ဝူးကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ခဲ့သည့် တရားမဝင် တရုတ်နိုင်ငံသား အမျိုးသား ၁၅ ဦးနှင့် လုပ်ငန်းသုံးပစ္စည်းများ ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။

ကျောသီးမြို့နယ် နောင်ဝူးကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်လုပ်ကိုင်နေသည့် တရားမဝင် တရုတ်နိုင်ငံသား ၁၅ ဦးကို လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၉

နိုင်ငံတော်အစိုးရအနေဖြင့် ဒေသတွင်း ပြည်သူလူထုကိုသာမက ကမ္ဘာတစ်ဝန်းရှိ လူသားမျိုးနွယ်အားလုံး၏ လူမှုစီးပွားဘဝများကို ထိခိုက်ပျက်စီးအောင် အလုံးစုံအန္တရာယ်ပေးလျက်ရှိသည့် အွန်လိုင်းလိမ်လည်မှုနှင့်အွန်လိုင်းလောင်းကစားမှုကျူးလွန်သူများ ရှာဖွေဖော်ထုတ်တားဆီးကာကွယ်ခြင်းများကို

စာမျက်နှာ ၂၅ ကော်လံ ၁ ◆

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများကို စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၉

နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာလူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်ခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့်အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ပပျောက်စေရေး အတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့်ပူးပေါင်းကာ အပြီးတိုင် လုံးဝပပျောက်သွားစေရေး

စာမျက်နှာ ၂၅ ကော်လံ ၁ ■





ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် ငါးထပ်အဆောက်အအုံကို စက်ယန္တရားဖြင့် စနစ်တကျဖြိုချဖျက်ဆီးနေမှု မှတ်တမ်းဓာတ်ပုံ။